# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၅)ရက် ၊ တနင်္လာနေ့ ၊ (17-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၉၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ နောက်ဆုံးရက်ဖြစ်သည့်အတွက် ပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ




နေပြည်တော် ဖေဖော်ဝါရီ ၁၆

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တပေါင်းကွင်း၌ ကျင်းပလျက်ရှိရာ ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်ပြီး ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ကျောင်းသား၊ကျောင်းသူများ၊လူငယ်များနှင့်အနယ်နယ်အရပ်ရပ်မှ ဒေသခံပြည်သူများ၊ MSME လုပ်ငန်းရှင်အများအပြားသည် စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာကြကာ အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြခန်းများ အပြည့်လာရောက်လေ့လာကြသည့် ပြည်သူများကို သက်ဆိုင်ရာပြခန်းအလိုက် တာဝန်ရှိသူများက ဒေသထုတ်ကုန်၊ထွက်ကုန်ပစ္စည်းများနှင့်ပတ်သက်၍

စာမျက်နှာ ၁၇ ကော်လံ ၁ 🏳

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို စာမျက်နှာ- ၂၀

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၀၂၈၃၁ ဧက ရိတ်သိမ်းပြီးစီး စာမျက်နှာ- ၃၀

MSME ချေးငွေများ လျှော့ချထားနိုင် စာမျက်နှာ- ၂၀




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာ့သနပ်ခါးယဉ်ကျေးမှု ယူနက်စကိုစာရင်းတင်သွင်းနိုင်ရေး

မြန်မာ့သနပ်ခါးကို မြန်မာတို့အနေဖြင့် အထူးတလည်မိတ်ဆက်ပေးရန်လိုမည်မထင်ပေ။ မြန်မာနှင့်သနပ်ခါး ခွဲခြား၍မရသကဲ့သို့ မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခုလည်းဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းအတွင်း သနပ်ခါးလိမ်းသည့်အလေ့အကျင့်ကို ရှေးနှစ်ပေါင်းများစွာကတည်းကပင် စတင်ခဲ့ပေသည်။

ယခုအခါ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့များနှင့်ပတ်သက်၍ ပညာပေးအစီအစဉ်များကို ဖေဖော်ဝါရီ ၇ ရက်မှစ၍ ဖေဖော်ဝါရီတစ်လလုံး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ပြတိုက်များနှင့်စာကြည့်တိုက်များတွင် ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှအသိအမှတ်ပြုရေးကို ၂၀၂၀ ပြည့်နှစ်ကဆောင်ရွက်ခဲ့ရာ လိုအပ်ချက်များနှင့် အများပြည်သူပါဝင်သည့်အထောက်အထားများ ထပ်မံဖြည့်ဆည်း၍ ယခုနှစ်တွင် ဆက်လက်ဆောင်ရွက်နေခြင်းဖြစ်ပေသည်။

ထို့ကြောင့် အများပြည်သူတို့၏သဘောထား စစ်တမ်းကောက်ခံချက်များကို ယူနက်စကိုသို့တင်သွင်းနိုင်ရေးအတွက် သနပ်ခါးနှင့်ပတ်သက်သည့် သဘောထားစစ်တမ်းကောက်ယူမှုများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနခွဲများအလိုက် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တပို့တွဲလပြည့်နေ့က မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ရွှေနန်းတော်ကျောင်းတို့တွင် အများပြည်သူပိုမိုသိရှိပြီး ပူးပေါင်းပါဝင်လာစေရန်အတွက် မြန်မာ့သနပ်ခါးနေ့အထိမ်းအမှတ်အဖြစ် သနပ်ခါးလိမ်းခြယ်ခြင်းနှင့် သဘောထားစစ်တမ်းကောက်ယူခြင်းလှုပ်ရှားမှုများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဆောင်ရွက်ခဲ့ကြပါသည်။

သနပ်ခါးသည် မြန်မာ့လူမှုရေးအစဉ်အလာအလေ့အထ၊ ရိုးရာဓလေ့နှင့် ပွဲတော်များတွင် အရေးပါသည့်နေရာမှ ပါဝင်သည်ကို ရာသီအလိုက်ရိုးရာပွဲတော်ဖြစ်သော တပို့တွဲလတွင်တွေ့မြင်နိုင်ပေသည်။ သနပ်ခါးကိုမြတ်နိုးတန်ဖိုးထားလျက် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန်အတွက် ဈေးရောင်းပွဲတော်များ ကျင်းပခြင်း၊ သနပ်ခါးနေ့အဖြစ် သတ်မှတ်ကာ အခမ်းအနားများကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိပေသည်။ ထို့ပြင် တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်အား သနပ်ခါးသားဖြင့် မီးပူဇော်သည်ကိုအကြောင်းပြု၍ တပို့တွဲလပြည့်နေ့ကို မြန်မာ့သနပ်ခါးနေ့အဖြစ် မြန်မာနိုင်ငံသနပ်ခါးအသင်းက သတ်မှတ်ပြီး သနပ်ခါးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ကြပါသည်။

မြန်မာနိုင်ငံသည် အဝတ်အစားဆင်ယင်ထုံးဖွဲ့မှုမှသည် အစားအသောက်ပုံစံအထိ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှုရှိသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ရှေးနှစ်ပေါင်းများစွာ ကတည်းက ယနေ့အချိန်ထိ လက်ဆင့်ကမ်းခဲ့သော ရိုးရာအမွေအနှစ်ဓလေ့စရိုက်မှာလည်း များစွာရှိပြီး ထိုဓလေ့စရိုက်အမွေအနှစ်များထဲမှ ဆင်ယင်ထုံးဖွဲ့မှုနှင့် အလှအပခြယ်သမှုများတွင် ချစ်စရာဓလေ့စရိုက်တစ်ခုမှာ သနပ်ခါးလိမ်းခြယ်ခြင်းပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ မြန်မာ့သနပ်ခါးကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ယူနက်စကိုတင်သွင်းနိုင်ရေး ဆောင်ရွက်နေပြီဖြစ်သည်။ မိမိတို့၏တန်ဖိုးရှိသည့် ရှိပြီးသားအမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို လူသားအားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သမိုင်းမှတ်တမ်းထားရှိနိုင်ရေး စဉ်ဆက်မပြတ်လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ အောင်မြင်မှုရရှိရေးအတွက်လည်း မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးက ဝိုင်းဝန်းကြိုးပမ်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်

**ဝါးခယ်မ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကလျာက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက နှံကားစပါးတင်းရေ ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးအမျိုးအစားသည် စားသုံးမှုများသည့် စပါးအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဝါးခယ်မမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက အကြမ်း အုပ်စုထဲမှာပါတဲ့စပါးအမျိုးအစားဖြစ်ပါတယ်။ လက်ရှိ စပါးဈေးက ပုံမှန်အခြေအနေမှာ ရှိနေပါတယ်။ နှံကားစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဒေါ်ကလျာကပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်လအတွင်း နှံကားစပါးတင်းရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်အတွင်း၊အပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်အတွင်း၊ အပြင်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

စာသင်တိုက်သို့ ရောက်ရှိစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများကို စာသင်တိုက်အတွင်း၊ အပြင် အမြဲသန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးကျော်**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၂၀၇ ဧက စိုက်ပျိုးပြီးစီး

**ချောင်းဦး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၁၂၂၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ဂျုံ ဧက ၁၂၂၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၂၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ်မှာ ဂျုံဧက ၁၂၂၀၀ လျာထားစိုက်ပျိုးခဲ့ရာ ၁၂၂၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးဆွေးနွေးတာတွေ ဆောင်ရွက်ပေးထားပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ စတဲ့လုပ်ငန်းတွေနဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းသီးနှံများအားလုံး လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်းခန့်ထွက်ရှိကြောင်း၊ ဂျုံသီးနှံများကို အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလတို့တွင်စိုက်ပျိုးပြီး၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ပြန်လည်ရိတ်သိမ်းကြကြောင်း သိရသည်။

ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံအထွက်နှုန်းတိုးတက်ရေးအတွက် ဂျုံသီးနှံစိုက်ပျိုး တောင်သူများကို ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးခြင်း၊ ပုလဲဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ဂျုံသီးနှံများကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဂျုံသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၊ ယာယီနေရပ်စွန့်ခွာသူပြည်သူများ၏ စားဝတ်နေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ယာယီနေရပ်စွန့်ခွာနေရသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀,၀၀၀ နှုန်းဖြင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလထိ လစဉ် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ မဟာအောင်မြေခရိုင်၊ အောင်မြေသာစံခရိုင်၊ အမရပူရခရိုင်များအတွင်း ယာယီနေရပ်စွန့်ခွာသူများအတွက် စုစုပေါင်း ငွေကျပ် ၂၈၉ ဒသမ ၉ သန်းကို ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ယာယီနေရပ်စွန့်ခွာနေပြည်သူများ အတွက် ကိုယ်စားလှယ်များထံသို့ထောက်ပံ့ငွေများပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက် အားပေးစကားများ ပြောကြားပြီးနောက် ထောက်ပံ့ငွေများ ထုတ်ပေးနေမှုများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း၉၀၊ ၃၂ - ၃၃ လမ်းကြားနေ ဒေါ်မြမြအေး၊ ဒေါ်မြမြထွေးတို့က ဦးအောင်တင်+ဒေါ်ခင်မြိုင်တို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# မလှိုင်မြို့နယ် ဝါးကျွန်းကံ(ရွှေ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးပင်ဇောက်ကျေးရွာအုပ်စု ဝါးကျွန်းကံ(ရွှေ့) ကျေးရွာ၌ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝါးကျွန်းကံ(ရွှေ့) ကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းဆောင်ရွက် ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များမှာကြားသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းဖြင့် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ်သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၂၄၀၀၀၀ ဖြင့် အဆိုပါဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ထန်းတပင်မြို့နယ် စပါးကျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ထန်းတပင် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စပါးကျီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးသက်မြင့်ထွန်းနှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက စပါးကျီကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာကာ ကျေးလက်ဒေသ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံက စီမံကိန်းစက်ဝန်း ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက စီမံကိန်း ရန်ပုံငွေကျပ် ၄၆ သန်းကို စပါးကျီကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက စပါးကျီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ဦးကို ငွေကျပ် ၂၄ ဒသမ ၈၀ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၈၀ ကိုငွေကျပ် ၂၁ ဒသမ ၂၀ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ဦးကို ရန်ပုံငွေကျပ် ၄၆ သန်းထုတ်ချေးပေးခဲ့ကြောင်းသိရသည်။ **ချိုလေး**

# စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဧရာတ် ၂၂၉၁ ကေထိ စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဧရာတ် ၂၂၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဧရာတ် ၂၃၇၃ ကေ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၉၁ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ဧရာတ် ၂၃၇၃ ကေ လျာထား စိုက်ပျိုးခဲ့ရာ ၂၂၉၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဧရာတ်စိုက်ပျိုးမှုကတော့ အခြေအနေကောင်းမွန်ပါတယ်။ ဧရာတ်ကိုစီးပွားဖြစ်စိုက်ပျိုးကြဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်တွင် မြို့နယ်အလိုက် ဧရာတ်စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၆၁ ကေ၊ မြင်းမူမြို့နယ်တွင် ၃၄၁ ကေ၊ မြောင်မြို့နယ်တွင် ၇၈၉ ကေ စုစုပေါင်း ၂၂၉၁ ကေဖြစ် ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဧရာတ်စိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၁၅၂ ကေ၊ မြင်းမူမြို့နယ်တွင် ကေ ၄၅၀၊ မြောင်မြို့နယ်တွင် ၇၇၁ ကေ စုစုပေါင်း၂၃၇၃ ကေဖြစ်ကြောင်းသိရသည်။

ဧရာတ်စိုက် တောင်သူများအနေဖြင့် ဧရာတ်သီးနှံ အထွက်နှုန်းကောင်းစေရန်၊ ဈေးကွက်ရရှိစေရန် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်းပေးခြင်းတို့ကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ဧရာတ်သီးနှံများကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်မည် ဖြစ်သောကြောင့် ဧရာတ်သီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

(၂၀၆)



# မိမိကိုယ်ကို ပျိုးထောင်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

စာဖတ်သူရော၊ စာရေးနေသူရော အပါအဝင် ကျွန်တော်တို့လူသားတွေအားလုံးဟာ ဘဝအတိုင်း အတာတစ်ရပ်အတွင်းမှာ မွေးဖွားခြင်းကနေ သေခြင်းဆီသို့ အချိန်နဲ့အမျှ ရွေ့လျားနေကြရတယ်နော်။ မွေးစက ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်၊ နုနယ်သေးကွေး နီထွေးထွေး ကလေးပေါက်စကလေးဘဝမှ အသက်အရွယ် ငါးနှစ်၊ ဆယ်နှစ်၊ ပြီးတော့ အသက် ၂၀၊ ၃၀၊ ထို့နောက် ၄၀၊ ၅၀၊ လူငယ်ဘဝမှ လူရွယ်ဘဝရောက်လာကြမယ်။ နောက်တော့ ၆၀၊ ၇၀ အိုမင်းတဲ့ အရွယ်ဖြစ်ကြပြီး ၈၀၊ ၉၀၊ ယိုယွင်းယိမ်းယိုင်လက်တွေ၊ ခြေတွေ မခိုင်တဲ့ဇရာအိုဘဝ ကျရောက်ရမယ်။ နောက်ဆုံးမှာတော့ နာခြင်းနဲ့သေခြင်းမှာ ဆုံးတာပေါ့။

ဘဝတစ်ခုဟာ ဘာမှမကြာဘူးဆိုရပေမယ့် ဘဝခရီးကို လျှောက်လှမ်းနေရခိုက်မှာတော့ ဆင်းရဲဒုက္ခများနည်းပါးပြီး အေးချမ်းတည်ငြိမ်၊ လုံခြုံပျော်ရွှင်ကြရရင် ကောင်းတာပေါ့နော်။ ဘဝတစ်ခုကို အခက်အခဲ အတားအဆီးနဲ့ ဘေးရန်အန္တရာယ်အထွေထွေမှ ကင်းဝေးကာ ချမ်းချမ်းသာသာ လျှောက်လှမ်းကြရသူတွေလည်း ရှိကြတာပါပဲ။ ကံကောင်းသူတွေလို့ ဆိုရပေမယ်။ တကယ်တော့ ကံဆိုတာ မိမိပြုခဲ့တဲ့ အတိတ်ကံ၊ ပစ္စုပ္ပန်ကံ လုပ်ဆောင်ချက်တွေပဲ မဟုတ်ပါလား။

**စေတနာ**

**"သဒ္ဒိသံ ပါကံ ဇနေတိ"** သဒိသံ-တူသော၊ ပါကံ-အကျိုးကို၊ ဇနေတိ- ဖြစ်စေ၏။ စေတနာစေ့ဆော်မှုအားလျော်စွာ ကောင်းကျိုး၊ ဆိုးကျိုးအမျိုးမျိုးဟာ မိမိပြုလုပ်ခဲ့သမျှရဲ့ ကိုယ်ပြုတဲ့ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာခြင်းသဘောပါပဲ။ ပြည်မြို့အနီး သရေခေတ္တရာမြို့ဟောင်း၊ ခင်ဘကုန်းမှ ရှေးဟောင်းသုတေသနဌာနပညာရှင်များ တူးဖော်တွေ့ရှိခဲ့ရတဲ့ ရွှေပေလွှာ၊ ရွှေပြားပေါ်မှာ အထက်က ဗုဒ္ဓမြတ်စွာဘုရားရဲ့ တရားတော်တွေ ပါဠိဘာသာနဲ့ ရေးထားတာတွေ ပြန်လည်တွေ့ကြရတယ်။ ခရစ်နှစ် ၈၀၀ စု ကာလထက်စောတဲ့ ပျူခေတ်ကတည်းက ဗုဒ္ဓဘာသာ မြန်မာပြည်ကို ရောက်ခဲ့ကြောင်း အထောက်အထားပါ။ ရှေးနှစ်ပေါင်းများစွာကပဲ ပျူတွေ၊ မြန်မာတွေဟာ ကံ-ကံရဲ့အကျိုးသဘောတရား ကမ္မနိယာမကို အစဉ်အဆက် နားလည်ခဲ့ကြတယ်။ ဒါ့ကြောင့် ဘယ်သူမပြုမိမိမှုဆိုတဲ့ မြန်မာဆိုရိုးစကားမျိုး မိမိကိုယ်သာ ကိုးကွယ်ရာဆိုတာမျိုး နားလည်ခဲ့ကြပါတယ်။

နိုင်ငံခြားရုပ်ရှင်ကားတွေထဲက ဇာတ်ကောင်တချို့ ပြောလေ့ရှိတဲ့ "ကံဆိုးကြမ္မာဆိုးက ဘာ့ကြောင့်များ ငါ့ကိုရွေးပြီး ဒုက္ခအကြီးအကျယ်ပေးရတာလဲ" ဆိုပြီး အော်ဟစ်ငိုယိုတာမျိုး မြန်မာ့ဓလေ့ထုံးစံမှာတော့ (သူများအပေါ်လွှဲချတဲ့သဘောထား) မရှိကြပါဘူး။ စေတနာမွဲရင် ကံမွဲတတ်တယ်။ စေတနာကောင်းမှသာ ကံကောင်းပေမယ်။ စိတ်ကောင်း၊ စေတနာကောင်းထားမယ်။ ခွင့်လွှတ်၊ သည်းခံ၊ ကျေအေးပေးပြီး မေတ္တာစိတ်ထားနဲ့ သူတစ်ပါးကို ကိုယ်ချင်းစာတရားရှိကြတယ်။

**အချိန်**

ဘဝဆိုတာတိုတယ်ပြောပြော၊ ရှည်တယ်ပြောပြော၊ မွေးလာမှတော့ မသေခင်ကာလတစ်လျှောက် အချိန်နဲ့အမျှ ကောင်းကံ ဆိုးကံတွေ ပြုရကြုံကြရပေမှာပဲလေ။ လောကဓံသဘာဝ။

အချိန်ဆိုတဲ့အရာကတော့ လုံးဝရပ်နားခြင်းမရှိဘဲ စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်၊ လ၊ နှစ်၊ ကာလများအတိုင်း တရွေ့ရွေ့နဲ့ ရှေ့သို့သွားနေတာပဲ။ ပိုမြန်လာတာလည်း မဟုတ်၊ ပိုနှေးသွားတယ်လည်း မဆိုနိုင်။ မိမိကိုယ်တိုင်ကသာ ချစ်သူနဲ့ပန်းခြံ၊ ကန်စောင်း တစ်နေရာတူနှစ်ကိုယ် စကားတွေဖောင်ဖွဲ့ခဲ့ကြစဉ် အချိန်ကုန်မှန်းမသိ မြန်လိုက်ပါဘိ။

အကြောင်းမသင့်လို့ တစ်နယ်တစ်ကျေး တစ်မြို့တစ်နေရာစီ ချစ်သူခင်သူတွေနဲ့ ဝေးကွာခွဲခွာနေကြရတဲ့ အခြေအနေမျိုးဆိုရင်တော့ ပြန်လည်ဆုံတွေ့ရမယ့် ရက်တွေ၊ လတွေက ကြာရှည်လိုက်တာ၊ ရှည်လျားလိုက်လေနော်။ လွမ်းဆွတ်တမ်းတ၊ စိတ်ထဲမှာ တအုံနွေးနွေးနဲ့ ဝေးနေရတဲ့ စိတ်ဆင်းရဲဒုက္ခက အချိန်ကို ရှည်လျားကြာညောင်းလေစွ ထင်မြင်နေတာပါ။

ပုံမှန်ရွေ့လျားနေတဲ့ အချိန်ကတော့ သူ့နာရီ၊ သူ့ရာသီအလျောက် မြန်လည်းပိုမမြန်ခဲ့ပါဘူး။ နှေးလည်း ပိုနှေးသွားခြင်း မရှိခဲ့ပါဘူး။ ပျော်ရွှင်ကြည်နူးရချိန်မှာ အချိန်ကတိုတောင်းမြန်ဆန်ပြီး မီးပုံပေါ်မှာ ထိုင်နေမိသလို ပူလောင်နေရချိန်မှာတော့ ဆန့်ထွက်ရှည်လျား အချိန်တွေဟာ ကုန်ခဲလိုက်တာ၊ နှေးကွေးလိုက်တာ။ ကိုယ့်အာရုံခံစားချက်ရဲ့ လှည့်စားမှုပါကလား။

အချိန်က မရပ်မနားရွေ့လျားနေသလို မိမိဘဝကလည်း မရပ်မနား တစ်ရက်ပြီးတစ်ရက် အသက်တွေကြီးရင့်လာနေတယ်။ လုပ်တဲ့အလုပ်၊ ပြုတဲ့အပြုအမူ၊ ပြောတဲ့အပြောအဆို(စကား)၊ ရေးတဲ့သားတဲ့စာ စတဲ့ ကိုယ့်ရဲ့စိတ်နဲ့ခန္ဓာကိုယ်က ထုတ်လုပ်နေသမျှအလုပ်တွေဟာ မိမိကိုကောင်းကျိုး၊ ဆိုးကျိုးအနေနဲ့ ပြန်လည်ရရှိလာရတာပဲ။

**ကံသဘော**

နမူနာအနေနဲ့ ဝစီကံဆိုတဲ့စကားအရာတစ်ခုပဲ ကောက်နုတ်ပြီး ဖော်ပြဆွေးနွေးပါရစေ။ ကာယကံများ၊ မနောကံများလည်း ဒီသဘောအလားတူပါပဲ။

စကားပဲဖြစ်ဖြစ်၊ စာပဲဖြစ်ဖြစ်၊ မိမိအတွက် ကောင်းကျိုးအမှန် တုံ့ပြန်ရချင်ရင်တော့ ကိုယ်ကိုယ်တိုင်က မိမိစကား(စာလည်းအလားတူ) တာဝန်ယူနိုင်ရမယ်။ စေတနာကောင်း ပါရမယ်။ (ကုသိုလ်စိတ်၊ ကုသိုလ်စေတသိက်တွေ ပါရမယ်) စကားပဲပြောပြော၊ စာပဲရေးရေး၊ မိမိက သတိသမ္ပဇဉ်ဉာဏ်နဲ့ယှဉ်ပြီး ပြောသင့် ရေးသင့်တယ်။ ဒါဆို သိရ၊ သုံးရမှာက ဘာတွေလဲဆိုရင် ဒါတွေပါပဲ။ အခြေခံဥပဒေသလို စဉ်းစားနိုင်အောင် ဖော်ပြပါတယ်။

**၁။ မှန်ကန်ရမယ်။**
**၂။ အကျိုးရှိရမယ်။**
**၃။ တရားမျှတရမယ်။**
**၄။ သူနှစ်လိုရမယ်။**
**၅။ ဘယ်သူ့ကိုမှ မထိခိုက်စေသင့်ပါ။**
**၆။ မေတ္တာရှေးရှုရမယ်။**
**၇။ ကောင်းကျိုးလိုလားစိတ်(ရည်ရွယ်ချက်) ပါရှိသင့်တယ်။ ပါပါစေ။**
**၈။ လေးစားတန်ဖိုးထားမှုရှိပါစေ။**
**၉။ ဖြူစင်သော စိတ်သဘောအခံရှိရမယ်။**
**၁၀။ ချိုသာယဉ်ကျေးပါစေ။**

(ဒေါသ၊ မာန၊ မနာလို၊ ငြူစူ၊ ဝန်တို၊ မုန်းတီး၊ အငြိုးအတေး၊ မကျေနပ်မှု၊ ဒုက္ခတွေ့စေလိုမှု စတဲ့ အကုသိုလ်စိတ်တွေ မပါစေရဘူး)

**ဆင်းရဲရခြင်း**

စကားအလွန်းသင့်လို့ ဆက်ပြောရရင် အခါတစ်ပါးမှာ နတ်တို့သနင်း သိကြားမင်းက မြတ်စွာ

**❖မိမိကိုယ်ကို ရောက်ရာနေရာ ကျရာတာဝန်မှာ အကောင်းဆုံး လူကောင်း၊ လူတော်တစ်ယောက်ဖြစ်အောင် ပျိုးထောင်ပြုပြင် တည်ဆောက်ရပါမယ်။ စာထဲပေထဲတွေ့ဖူးတာကို ကောက်နုတ်ကိုးကားဖော်ပြရရင်တော့ နည်းအဖြာဖြာ၊ အရာရာကို၊ ပညာဝေဖန်၍ ကာလံ ဒေသံ၊ အဣ္ဆံ ခနံ၊ ပရိဘောဂံ၊ ဤငါးတန်တွင် ဆုတ်ရန်သည် တစ်မျိုး၊ တိုးတန့်သည်အနီး၊ အသီးသီးပင်။ ပစ္စည်းတန်ဖိုး၊ လူ့တန်ဖိုး ဆိုတာကလည်း အခြေအနေ၊ အချိန်အခါအရ ပြောင်းလဲနေကြတာပဲကို။ အချို့အချို့သောအခြေအနေမှာ လူမှုကိစ္စ အချိန်အခါအလိုက် ထိုက်သင့်အောင် ဆောင်ရွက်ကြရပေမယ်။ ❖**

ဘုရားကို မေးခွန်းတစ်ခုသိလိုရေးနဲ့ လာရောက်မေးလျှောက်တယ်။ "လူသားတွေဟာ ဆင်းရဲကိုမလိုလားကြဘဲ ချမ်းသာခြင်းကိုသာ လိုလားတောင့်တရည်ရွယ်ကြသူတွေသာ များလှပေမဲ့ ချမ်းသာသူက အလွန်နည်းပါးပြီး စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ တွေ့ကြုံခံစားနေကြရသူတွေသာ အလွန်ပဲများပြားနေကြောင်း တွေ့ရပါတယ်ဘုရား။ လူတွေဟာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ နေထိုင်ရန်အလိုရှိကြပေမယ့် ဘာ့ကြောင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်နေရပါသလဲဘုရား"လို့ မေးလျှောက်တယ်။ (အဲဒီ တရားစာအုပ်ကို ဖတ်နေရင်းနဲ့ စာအုပ်စာမျက်နှာကို မျက်လုံးက ခွာထားပြီး အဝေးကိုခဏငေးကြည့်ရင်းနဲ့ စာရေးသူက စဉ်းစားကြည့်လိုက်တယ်။ ဩော်...သိကြားမင်းရယ် ဒါလေးတောင် မသိဘူးလားကွယ်။ ငါတောင်သိသေး။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အကုသိုလ်ဟိတ်သုံးပါးကြောင့် လူတွေဆင်းရဲနေတာလေ။

မြတ်စွာဘုရားက တိုတိုရှင်းရှင်း ဖြေကြားပါတယ်။ စာရေးသူက ဆက်ဖတ်ကြည့်လိုက်တော့-

"နတ်တို့သနင်း သိကြားမင်း၊ လူတွေဟာ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းကို လိုလားတောင့်တရှိကြပါသော်လည်း ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့နဲ့ ပူလောင်ဆူဝေ ခံစားနေကြရခြင်းရဲ့ အကြောင်းရင်းတရားက နှစ်ပါးရှိပေတယ်။ **မနာလိုခြင်းနဲ့ ဝန်တိုခြင်းကြောင့်ပဲ။"**

**၁။ ဣဿာ။ ငြူစူခြင်း၊ မနာလိုခြင်း၊ သူတစ်ပါးရဲ့ စည်းစိမ်ကို မနာလိုတတ်၊ ငြူစူတတ်ခြင်း။**

**၂။ မစ္ဆရိယ၊ (မစ္ဆေရ)။ ဝန်တိုခြင်း၊ သဝန်တိုခြင်း**

(ဝန်တိုခြင်း ငါးမျိုးတို့မှာ တိုက်တာနေအိမ်နှင့်စပ်၍၊ ပရိသတ်နှင့်စပ်၍၊ ပစ္စည်းလာဘ်လာဘနှင့်စပ်၍၊ အဆင်းနှင့်စပ်၍၊ တရားနှင့်စပ်၍ ဝန်တိုခြင်း)

စာရေးသူကတော့ ကိုယ့်အတွေးနဲ့ကိုယ်ရမ်းသမ်းပြီး အကုသိုလ်ဟိတ် (ဟေတုပစ္စယော၊ ပဋ္ဌာန်းသဘော)မှန်းဆစဉ်းစားတာလွဲသွားပါတယ်။ ဣဿာနဲ့ မစ္ဆေရတို့ဟာ **ဒေါသနဲ့**မကွေမကွာယှဉ်လျက်ပါတတ်တယ်လို့တွေ့ရဖူးပေမယ့် ဘုရားဟောတဲ့တရားတော်ကတော့ ပြတ်ပြတ်သားသား တိတိကျကျရှိလှပါပေတယ်။ ပကတိလက်တွေ့လည်း ထိထိရောက်ရောက် မှန်ကန်တာ သိနိုင်ပါတယ်။ သဗ္ဗညုတဉာဏ်တော်အဟုန်ကို ချီးမွမ်းကြည်ညိုမကုန်ပါ။

**ကံကောင်းလိုသော်**

လူတွေ ကံမကောင်းဘူးဆိုတာ အခြားမဟုတ်။ ကံကောင်းစေတဲ့ အလုပ်တွေကို မလုပ်ဖြစ်ခဲ့လို့သာပါ။ ကံကောင်းချင်ရင်၊ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ဘဝကိုနေလိုပါရင် **မနော ပုဗ္ဗင်္ဂမာ ဓမ္မာ။** နာမ်တရားအစုမှာ စိတ်ကဦးဆောင်တယ်။ စိတ်သာလျှင် ပဓာနဖြစ်ပါတယ်။ စိတ်ကိုဖြူစင်အောင်ထားရမယ်။ စိတ်ထားလွဲရင် ကံမွဲနေမှာပဲ။

ပုထုဇဉ်လူသားအများစုမှာတော့ စိတ်အထင်အမြင်မှားရှိတတ်တဲ့ အလွဲအမှားအမျိုးမျိုးနဲ့ စိတ်တွေက ပေရေညစ်နွမ်းနေတတ်ကြပါတယ်။ ပုထုဇ္ဇနော ဥမ္မတ္တကောဆိုတာလိုပေါ့။ တစ်နည်းနည်းနဲ့ရူးသွပ်နေကြတယ်။ စိတ်ရောဂါအထူးကုဆေးရုံ တင်ထားရလောက်အောင် သွက်သွက်ခါ ရူးကြောင်ကြောင်မဖြစ်ပေမယ့် စိတ်ရောဂါလက္ခဏာတချို့ကို တွေ့နေရတတ်တယ်။ နမူနာအနည်းငယ်ပဲ ဖော်ပြပါရစေ။

**၁။ စိတ်စောနေမှု။** ပူပန်သောက၊ ဗျာပါရ၊ စိုးရိမ်မှု (Anxiety)

**၂။ စိတ်အားငယ်မှု၊** စိတ်ဓာတ်ကျခြင်း (Depression)

**၃။ အာရုံမှားသိခြင်း၊** ဘဝင်မြင့်လွန်ခြင်း (Delusion)

**၄။ မရှိတာကို အရှိလို့ထင်မှတ်ခြင်း** (Hallucination)

**၅။ ယုံမှားလွန်ခြင်း၊** သံသယလွန်ကဲခြင်း (Peranoid)

**၆။ မကောင်းကြံခံရဟု ယုံမှတ်ခြင်း**(Suspecting)

**၇။ အိပ်မပျော်ရောဂါ** (Insomnia)

**၈။ အကြောက်လွန်၊** ကြောက်စိတ်လွန် (Phobia)

**၉။ မနာလိုမှု၊ ဝန်တိုမှု** (Envy၊ Jealousy)

မိမိကိုယ်ကို ရောက်ရာနေရာ ကျရာတာဝန်မှာ အကောင်းဆုံး လူကောင်း၊ လူတော်တစ်ယောက်ဖြစ်အောင် ပျိုးထောင်ပြုပြင် တည်ဆောက်ရပါမယ်။ စာထဲပေထဲတွေ့ဖူးတာကို ကောက်နုတ်ကိုးကား ဖော်ပြရရင်တော့-

နည်းအဖြာဖြာ၊ အရာရာကို၊ ပညာဝေဖန်၍ ကာလံ ဒေသံ၊ အဣ္ဆံ ခနံ၊ ပရိဘောဂံ၊ ဤငါးတန်တွင် ဆုတ်ရန်သည်တစ်မျိုး၊ တိုးတန့်သည်အနီး၊ အသီးသီးပင်။

ပစ္စည်းတန်ဖိုး၊ လူ့တန်ဖိုးဆိုတာကလည်း အခြေအနေ၊ အချိန်အခါအရ ပြောင်းလဲနေကြတာပဲကို။ အချို့အချို့သော အခြေအနေမှာ လူမှုကိစ္စ အချိန်အခါအလိုက် ထိုက်သင့်အောင် ဆောင်ရွက်ကြရပေမယ်။

ကိုယ်ရည်ကိုယ်သွေးကောင်းမွန်အောင် မိမိကပျိုးထောင်ပြုစု ပြောင်းလဲရမယ့် အခြေခံလက္ခဏာတချို့ကို အောက်မှာဖော်ပြပေးလိုက်ပါတယ်။ ဘဝမှာ လက်တွေ့ပြည့်စုံအောင် ကျင့်ဆောင်စေလိုတယ်။

**၁။ ရွှင်ပျလန်းဆန်းခြင်း**

**၂။ သပ်ရပ်သန့်ရှင်းစွာ နေတတ်ခြင်း**

**၃။ ရိုးသားဖြောင့်မတ်ခြင်း**

**၄။ ကိုယ်ချင်းစာတတ်ခြင်း**

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်မှ နွေသီးနှံအတွက်စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေး




**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက မြို့နယ်အတွင်းရှိဒေသခံတောင်သူများ နွေသီးနှံ အချိန်မီစိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းမှစတင်ပြီး စိုက်ပျိုးရေများ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဒေသခံတောင်သူများ ရာသီအလိုက် သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် စိုက်ပျိုးရေဖူလုံစွာရယူသုံးစွဲနိုင်ရန် နှစ်စဉ် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီး၊ မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် လယ်ယာမြေစိုက်ခင်းများအရောက် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း တောင်မုန်းမြောင်းမကြီးမှတစ်ဆင့် စိုက်ပျိုးရေများစတင် ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါးနဲ့ အခြားနွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ဖို့ မဲဇလီရေလွှဲဆည်မှဆည်ရေကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းကစပြီး တောင်မုန်းမြောင်းမကြီးကတစ်ဆင့် စိုက်ပျိုးရေတွေ စတင်ဖြန့်ဝေပေးနေပြီဖြစ်ပါတယ်။ ဆည်ရေပေးဝေမှုအနေနဲ့ တောင်မုန်းမြောင်းမကြီးဆည်ရေသောက် ဧရိယာကနေ နွေစပါးအတွက် ဖြန့်ဝေသွားမှာဖြစ်ပြီး မြောက်မုန်းမြောင်းမကြီးဆည်ရေသောက်ဧရိယာကနေ နွေနှမ်းနဲ့ အခြားနွေသီးနှံတွေအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးမှာ ဖြစ်ပါတယ်။ နွေနှမ်းနဲ့ အခြားနွေသီးနှံတွေအတွက် မတ်လ ၇ ရက်မှာ စိုက်ပျိုးရေတွေစတင် ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ မဲဇလီရေလွှဲဆည်ကနေ စိုက်ပျိုးရေတွေကို ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး ဇွန်လ ၁၅ ရက်ထိ ဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေကိုလဲ နွေသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေတွေ ရယူသုံးစွဲရာမှာ ဆည်ရေတွေကို လေလွင့်ဆုံးရှုံးမှုမရှိအောင် စနစ်တကျ ရယူသုံးစွဲကြဖို့ ကြိုတင်အသိပေးနှိုးဆော်ထားပါတယ်”ဟု ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက ပြောပြသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် နွေစပါး ၃၃၂၃၅ ဧက၊ နွေနှမ်း ၂၇၁၉၃ ဧက စုစုပေါင်း နွေသီးနှံ ၆၀၄၂၈ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

---

➤ **စာမျက်နှာ ၄ မှအဆက်**

**၅။ တာဝန်ယူတတ်ခြင်း**

**၆။ နည်းလမ်းရှာကြံတတ်ခြင်း**

**၇။ မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း**

**၈။ အစဉ်အမြဲကျွမ်းကျင်အောင် လေ့ကျင့်နေခြင်း၊ လေ့လာဖတ်ရှုစုဆောင်းခြင်း။**

တကယ်တော့ ဘဝဆိုတာ မရပ်မနားပြောင်းလဲ ရွေ့လျားနေတတ်တာမို့ အခြေအနေအသစ်မှာ အလိုက်သင့်အလျားသင့် အံဝင်ခွင်ကျအောင် အမြဲတစေ လိုက်ပါပြောင်းလဲနေရမှာပါပဲ။

**၁။ သဘောထားအတွေးအခေါ် လက်ခံစွဲမှတ်၍ သဟဇာတဖြစ်နိုင်ရခြင်း**(Assimilation)

**၂။ အလိုက်သင့်အလျားသင့် ဝင်ဆံ့ခြင်း** (Accommodation)

**နိဂုံး**

ဘဝတာခရီးတစ်လျှောက်မှာ အထိုက်အလျောက် ဖြတ်သန်းရင်ဆိုင်ကျက်ခဲ့ပြီးဖြစ်တဲ့ အတွေ့အကြုံအရ စာဖတ်သူများဟာ အကျယ်ရှင်းပြနေစရာမလိုဘဲ အရိပ်ပြရင် အကောင်မြင်ကြရမှာဖြစ်ပါတယ်။ တစ်ထွာပြရင် တစ်လံမြင်နိုင်ကြမှာပါ။ ပကတိအရှိတရား အဖြစ်မှန်ကို သဟဇာတဖြစ်အောင် အလိုက်သင့်အလျားသင့်အခြေအနေနဲ့ အညမညအံဝင်ခွင်ကျအောင် မလုပ်ဆောင်နိုင်ဘဲ အမှန်တကယ်အံလွဲနေသူများကို မိမိကိုယ်ကို တိုးတက်ဖွံ့ဖြိုးအောင် ဒီစာက ပျိုးထောင်နိုင်ပါ့မလားဆိုတာကတော့ (စာရေးသူက ဘယ်လောက်ပဲ သဲသဲကွဲကွဲရှုမြင်နိုင်အောင် အလင်းပြတင်ပြပေးသော်ငြားလည်း) သူစိတ်မဝင်စား၊ နားမလည်ရင် ပြောင်းလဲဖို့ရာ မသေချာပါ။ **"ကမ္မံ သတ္တေ ဝိဘဇ္ဇတ္တိ"** သတ္တဝါ တို့သည် ကံစီမံသည့်အတိုင်းသာ ဖြစ်ကြရ၏။ ကံသည် သတ္တဝါတို့ကို မတူကွဲပြားအောင် ခွဲခြားပေးပေသည်တဲ့။ ဖတ်ဖူးမှတ်ဖူးပါတယ် ချစ်မိတ်ဆွေ။

---

## ပညာမြတ်နိုး ကောင်းအောင်ကျိုး

- ပညာကို ချစ်မြတ်နိုးကွဲ့
  ကောင်းအောင်ကြိုး အစဉ်ကွယ်၊
  ပညာဟူသည် မြတ်ရွှေအိုး
  တန်ဖိုးကြီးတယ်၊
  ပညာသင်ကြား တို့မောင်မယ်
  ငယ်ရွယ်စဉ် အချိန်ရှိခိုက်၊
  ပညာကို တန်ဖိုးထားကွယ်
  ရိုးသားဂုဏ်ပိုက်။

- ရေသာခို အချောင်မလိုက်နဲ့
  မှောင်မိုက်တဲ့ စိတ်ရှောင်ကြဉ်၊
  ပညာဂုဏ် တန်ခိုးထွားဖို့
  ကြိုးစားနေ့စဉ်၊
  တန်ဖိုးရှိသော လူ့ဘဝတွင်
  စိတ်ကောင်းယှဉ် နေထိုင်မနေး၊
  ပညာဉာဏ် အခြေခံမြှင့်ကွယ်
  ဂုဏ်တင့်စေလေး။

- ဆိုးကောင်းကို ဝေဖန်တွေးလို့
  အနေမှန်ရေး ကြိုးစားအတည်၊
  ကောင်းရာကို ပြုလုပ်လျက်
  ရှေ့ဆက်ကြမည်၊
  ဖွဲလုံ့လ အားမာန်ချီ
  ပန်းတိုင်ဆီ မျှော်ရည်မှန်း၊
  အခက်ခဲတွေကို အောင်ပွဲအဖြစ်
  ထုဆစ်လျှောက်လှမ်း။ ။

**လမင်းခန့်(ပညာရေး)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## စစ်ရေးအရ ခြိမ်းခြောက်မှုများစွန့်လွှတ်ရန် အမေရိကန်နိုင်ငံကို မြောက်ကိုရီးယားတိုက်တွန်း

**ဆိုးလ် ဖေဖော်ဝါရီ ၁၆**

အမေရိကန် ကုန်းမကြီး၏ လုံခြုံရေးကိုစိုးရိမ်ပါက အမေရိကန်နိုင်ငံအနေဖြင့် စစ်ရေးအရ ခြိမ်းခြောက်မှုများပြုလုပ်နေမှုကို ရပ်တန့်သင့်ကြောင်း မြောက်ကိုရီးယားအစိုးရက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ တိုက်ချင်းပစ်ဒုံးကျည်များမှာ အမေရိကန် ကုန်းမကြီးထိ ရောက်ရှိနိုင်ကြောင်း အမေရိကန်တပ်မတော် မြောက်ပိုင်းဒေသစစ်ဌာနချုပ်အကြီးအကဲက မှတ်ချက်ပေးခဲ့ပြီးနောက် မြောက်ကိုရီးယားအစိုးရ တာဝန်ရှိသူများက အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် မိမိ၏လုံခြုံရေးကို စိုးရိမ်ပါက မြောက်ကိုရီးယားနိုင်ငံအပေါ် စစ်ရေးအရ ခြိမ်းခြောက်နေမှုများကို ရပ်တန့်သင့်ကြောင်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။

လက်တွေ့အားဖြင့် ကိုရီးယားကျွန်းဒေသ၌ ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းကို ကိုင်စွဲထားသည့်နိုင်ငံမှာ အမေရိကန်နိုင်ငံသာဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက ဝေဖန်ထားသည်။

အမေရိကန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံသို့ နျူကလီးယားလက်နက်သယ်ဆောင်နိုင်သော ရေငုပ်သင်္ဘောတစ်စီး စေလွှတ်ထားပြီး တောင်ကိုရီးယားနှင့်လည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်နေကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက ဝေဖန်ထားသည်။

အမေရိကန်နိုင်ငံ အနေဖြင့် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းစဉ်ကို ကိုင်စွဲထားသမျှ မိမိတို့အနေဖြင့် ကာကွယ်ရေးအင်အားကို မြှင့်တင်ပိုင်ခွင့်ရှိကြောင်း မြောက်ကိုရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

Ref : RT

Trs : KKO

## သမ္မတဟောင်းအာဆတ်လက်ထက် ရုရှား၌ ရိုက်နှိပ်ထားသောငွေစက္ကူများ ဆီးရီးယားသို့ရောက်ရှိ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၆**

သမ္မတဟောင်း အာဆတ်လက်ထက်တွင် ရုရှားနိုင်ငံ၌ ရိုက်နှိပ်ခဲ့သော ဆီးရီးယားပေါင် ငွေစက္ကူများ ဒမတ်စကတ်လေဆိပ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဆီးရီးယားဗဟိုဘဏ်က ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဆီးရီးယားပေါင် ငွေစက္ကူသစ်များသည် သမ္မတဟောင်း အာဆတ်လက်ထက်ကပင် ရုရှားကုမ္ပဏီတစ်ခုရိုက်နှိပ်ပေးထားသော ငွေစက္ကူသစ်များဖြစ်ပြီး ယခုမှသာ ဆီးရီးယားနိုင်ငံသို့ တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဆီးရီးယားဗဟိုဘဏ် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံမှ ရောက်ရှိလာသည့် ဆီးရီးယားပေါင်ငွေစက္ကူသစ်များ၏ ပမာဏကို ဆီးရီးယားဗဟိုဘဏ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

သို့ရာတွင် ရုရှားမှရောက်ရှိလာသည့် ဆီးရီးယားပေါင်ငွေစက္ကူသစ်များမှာ တန်ဖိုးအားဖြင့် ဘီလီယံရာနှင့်ချီ ရှိနိုင်ကြောင်း ဆီးရီးယားအစိုးရ သတင်းအရင်းအမြစ်များက ပြောကြားထားသည်။

ဆီးရီးယားနိုင်ငံ၌ အစိုးရအပြောင်းအလဲ ဖြစ်ပွားခဲ့ပြီးနောက် ပြည်ပရှိ ဆီးရီးယားဒုက္ခသည်များပြန်လည်ဝင်ရောက်လာမှုကြောင့် ဆီးရီးယားပေါင်ငွေ တန်ဖိုးမှာ မှောင်ခိုဈေးကွက်၌ ငွေတန်ဖိုးခိုင်မာနေသည်။

လက်ရှိအချိန်တွင် မှောင်ခိုဈေးကွက်၌ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ဆီးရီးယားပေါင်ငွေ ၉၈၅၀ထိ ဈေးပေါက်နေပြီး အစိုးရတရားဝင် ငွေလဲနှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ဆီးရီးယားပေါင်ငွေ၁၃၀၀၀ ထိရှိကြောင်း သိရသည်။

Ref : RT

Trs : KKO



## ယူကရိန်းပဋိပက္ခအတွက်ဆွေးနွေးရန် ဆော်ဒီအာရေဗျ၌ ရုရှားနှင့် အမေရိကန်တာဝန်ရှိသူများတွေ့ဆုံမည်



**နယူးယောက် ဖေဖော်ဝါရီ ၁၆**

သုံးနှစ်နီးပါး ကြာမြင့်နေပြီဖြစ်သော ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများ အနေဖြင့် လာမည့်ရက်များအတွင်း ဆော်ဒီအာရေဗျနိုင်ငံ၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပမည့် ရုရှားနှင့်အမေရိကန်တာဝန်ရှိသူများ၏ဆွေးနွေးပွဲများ၌ ပါဝင်တက်ရောက်ရန် ယူကရိန်းအစိုးရကိုဖိတ်ကြားထားခြင်းမရှိကြောင်း သိရသည်။

ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၊ ရုရှားသမ္မတပူတင်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ကြား တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရေး ရည်ရွယ်ချက်ဖြင့် ဆော်ဒီအာရေဗျနိုင်ငံ၌ အမေရိကန်နှင့် ရုရှားတာဝန်ရှိသူများ လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံရန်စီစဉ်ထားကြောင်း အမေရိကန်အောက်လွှတ်တော်အမတ် မိုက်ကယ်ဖက်ကူးလ်က သတင်းမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရုရှားသမ္မတပူတင်၊ ယူကရိန်းသမ္မတဇီလန်စကီးတို့နှင့်သီးခြားစီ ဖုန်းခေါ်ဆိုဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

အမေရိကန် တာဝန်ရှိသူများနှင့် ရုရှားတာဝန်ရှိသူများကြား ဆော်ဒီအာရေဗျ၌ တွေ့ဆုံမည့် သတင်းနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပါက ယူကရိန်းပဋိပက္ခကို အမြန်ဆုံးအဆုံးသတ်ပေးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က ပြောကြားထားပြီးဖြစ်သည်။

Ref : RT

Trs : KKO

## အမ်ကေ-၈၄ အမျိုးအစားပေါင် ၂၀၀၀ဗုံးများ အစ္စရေးနိုင်ငံသို့ အမေရိကန်နိုင်ငံပေးပို့

**ဂျေရုဆလင် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံက ပေးပို့ထားသည့် အမ်ကေ-၈၄ အမျိုးအစား အကြီးစားဗုံးလက်နက်များလက်ခံရရှိထားပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အမ်ကေ-၈၄ဗုံးများကို အစ္စရေးသို့တင်ပို့ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ခွင့်ပြုချက်ပေးခဲ့ပြီးနောက် အဆိုပါဗုံးလက်နက်များကို အစ္စရေးတပ်မတော်က လက်ခံရရှိခဲ့ခြင်းဖြစ်သည်။



သမ္မတဟောင်း ဂျိုးဘိုင်ဒင် ဦးဆောင်သည့် ယခင်အမေရိကန်အစိုးရအဖွဲ့သည် အစ္စရေးနိုင်ငံသို့ အမ်ကေ-၈၄ ဗုံးများ တင်ပို့မှု ပိတ်ပင်ထားသည်။

အမ်ကေ-၈၄ ဗုံးများသည် ပွဲထိန်းစနစ်မပါသည့် ပေါင် ၂၀၀၀ ဗုံးများဖြစ်ပြီး ထူထဲသည့် ကွန်ကရစ်နှင့်သတ္တုလွှာများကို ဖောက်ဝင်နိုင်စွမ်းရှိသည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင် ဦးဆောင်သော အမေရိကန်အစိုးရအဖွဲ့ဟောင်းသည် ဂါဇာစစ်ပွဲစတင်ခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်းတွင် အမ်ကေ-၈၄ ဗုံးများကို အလုံးရေထောင်နှင့်ချီပေးပို့ခဲ့သည်။

သို့ရာတွင်အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသအကြီးအကျယ်ပျက်စီးခဲ့ရပြီးနောက် ဂျိုးဘိုင်ဒင်အစိုးရက အမ်ကေ-၈၄ အကြီးစားဗုံးများကို အစ္စရေးနိုင်ငံသို့ တင်ပို့မှု ရပ်တန့်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဘရစ်အုပ်စု၏ ၂၀၂၅ ခုနှစ် ထိပ်သီးညီလာခံ ဇူလိုင် ၆ ရက်မှ ၇ ရက်ထိ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည်

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၁၆**

စီးပွားရေးအင်အားကြီးနိုင်ငံသစ်များပါဝင်ဖွဲ့စည်းထားသည့် ဘရစ်အုပ်စု (ဘီအာရ်အိုင်စီအက်စ်) ထိပ်သီးညီလာခံကို ယခုနှစ် ဇူလိုင် ၆ ရက်မှ ၇ ရက်ထိ ရီယိုဒီဂျနေးရိုးမြို့၌ကျင်းပမည်ဟု ဘရာဇီးအစိုးရက ဖေဖော်ဝါရီ ၁၅ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံပါဝင်သည့် ဘရစ်အုပ်စု၏ ၂၀၂၅ ခုနှစ် ထိပ်သီးညီလာခံကို ဇူလိုင် ၆ ရက်မှ ၇ ရက်ထိ ရီယိုဒီဂျနေးရိုးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံသည် ဘရစ်အုပ်စု၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည်။

ဘရစ်အုပ်စု အလှည့်ကျဥက္ကဋ္ဌတာဝန်ရယူထားစဉ်အတွင်း နိုင်ငံတကာထိတွေ့ဆက်ဆံမှုပုံစံများအား ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးဆဲနိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဦးစားပေးမည်ဖြစ်ကြောင်း ဘရာဇီးအစိုးရ ကြေညာချက်၌ ဖော်ပြထားသည်။

ဘရစ်အုပ်စုကို ၂၀၀၉ ခုနှစ်တွင် ဘရာဇီး၊ ရုရှား၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့က စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် တောင်အာဖရိကနိုင်ငံလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ထပ်မံပါဝင်လာခဲ့သည်။

၂၀၂၄ ခုနှစ်တွင် အီရန်၊ အီဂျစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)နှင့် အီသီယိုးပီးယားတို့ကို အဖွဲ့ဝင်သစ်များအဖြစ် လက်ခံ၍ အဖွဲ့အင်အားတိုးချဲ့ခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## 2024 YR 4 ဂြိုဟ်သိမ် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာကိုဝင်တိုက်ခဲ့ပါက ကျရောက်နိုင်မည့်လမ်းကြောင်းကို နာဆာ တွက်ချက်ဖော်ထုတ်ထား



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

2024 YR 4 အမည်ရှိ ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာကို ဝင်တိုက်ခဲ့ပါက ကျရောက်နိုင်မည့် လမ်းကြောင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က တွက်ချက်ဖော်ထုတ်ထားကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်နိုင်ခြေ ၂ ဒသမ ၁ ရာခိုင်နှုန်းထိရှိကြောင်း နာဆာသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အကယ်၍ 2024 YR 4 ဂြိုဟ်သိမ်သည် ၂၀၃၂ ခုနှစ်တွင် ကမ္ဘာဂြိုဟ်နှင့် ဝင်တိုက်ခဲ့မည်ဆိုပါက တောင်အမေရိက မြောက်ပိုင်းမှ ပစိဖိတ်သမုဒ္ဒရာဒေသနှင့် ဆာဟာရဒေသတို့ကို ဖြတ်၍ အာရှထိပါဝင်သော လမ်းကြောင်းတစ်လျှောက်မှ နိုင်ငံများအပေါ် ကျရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်သိမ်ကျရောက်နိုင်သည့်လမ်းကြောင်းတစ်လျှောက်တွင် အိန္ဒိယ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အီသီယိုးပီးယား၊ ဆူဒန်၊ နိုင်ဂျီးရီးယား၊ ဗင်နီဇွဲလား၊ ကိုလံဘီယာ၊ အီကွေဒေါ နိုင်ငံများ တည်ရှိကြောင်း သိရသည်။

အရွယ်အစားအားဖြင့် အချင်းမီတာ ၉၀ ထိရှိသော 2024 YR 4 ဂြိုဟ်သိမ် ကမ္ဘာပေါ်သို့ကျရောက်ခဲ့ပါက ဟီရိုရှီးမားနျူကလီးယားဗုံးထက် အဆ ၁၀၀ ပိုပြင်းထန်သည့် ပေါက်ကွဲအားမျိုး ပေါ်ထွက်လာနိုင်ကြောင်း၊ 2024 YR 4 ဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့်ဝင်တိုက်နိုင်ခြေ တစ်ရာခိုင်နှုန်းနှင့် အထက်ရှိသည့် တစ်ခုတည်းသော ဂြိုဟ်သိမ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၁ စင်း Space-X ကုမ္ပဏီ လွှတ်တင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ် ၂၁ စင်းကို အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှတ်တင်ရာတွင် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်ကို ၂၆ ကြိမ်ထိ အသုံးပြု၍ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

စတားလင့်ခ်ဂြိုဟ်တုသစ်များ သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အဆိုပါ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို ဖေဖော်ဝါရီ ၁၅ ရက် စတားလင့်ခ်မစ်ရှင် အပါအဝင် မစ်ရှင်ပေါင်း ၂၆ ခု လွှတ်တင်ရေးအတွက် အသုံးပြုခဲ့ပြီးဖြစ်သည်။




အထက်ပါ မစ်ရှင် ၂၆ ခုအနက် ၁၅ ခုမှာ စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်များဖြစ်ကြကြောင်း Space-X ကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

ဖေဖော်ဝါရီ ၁၅ ရက်မစ်ရှင်တွင်လည်း အဆိုပါဖယ်လ်ကွန်-၉ ဒုံးပျံသည် လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာ ပတ်လမ်းပေါ်သို့ ပို့ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် အကြိမ် ၂၀ မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Firefly Aerospace အာကာသနည်းပညာကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်က လပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ အခြေစိုက် Firefly Aerospace အာကာသနည်းပညာကုမ္ပဏီ၏ Blue Ghost လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် လပတ်လမ်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

Blue Ghost လဆင်းယာဉ်သည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ဒုံးကန်အားစနစ်များကို လေးမိနစ် ၁၅ စက္ကန့်ကြာ ဖွင့်ခဲ့ပြီးနောက် လပတ်လမ်းအတွင်း အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် Blue Ghost လဆင်းယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် Space-Xကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Blue Ghost လဆင်းယာဉ်သည် နောင် ၁၆ ရက်ကြာသည်ထိ လပတ်လမ်းအတွင်း ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် Blue Ghost လဆင်းယာဉ်သည် မတ် ၂ ရက်တွင် လကမ္ဘာ၏ မာရီခရီဆီယမ် အမည်ရှိ လွင်ပြင်ဒေသတစ်ခုပေါ်သို့ ဆင်းသက်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် ပုဂ္ဂလိက အာကာသ ကုမ္ပဏီများအနက် အမေရိကန်နိုင်ငံ Intuitive Machines ကုမ္ပဏီ၏ Odysseus အမည်ရှိ လဆင်းယာဉ်တစ်စင်းကသာ လကမ္ဘာပေါ်သို့ ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## MS ရောဂါဖြစ်နေသောကလေးများ နေရောင်နှင့် များများထိတွေ့ပေးပါက ရောဂါလက္ခဏာများကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ဗဟိုအာရုံ နှာ့ဗ်ဆဲလ်စနစ် ပျက်စီးမှုရောဂါ (MS) ဖြစ်ပွားနေသော ကလေးများအနေဖြင့် ကလေးဘဝတွင် နေရောင်နှင့်များများ ထိတွေ့ပေးပါက ရောဂါလက္ခဏာများကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

MS ရောဂါဖြစ်ပွားစအချိန်တွင် ကလေးများအနေဖြင့် နေရောင်နှင့် များများထိတွေ့ပေးပါက ရောဂါလက္ခဏာများကို လျှော့ချရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန်နိုင်ငံ ဖီလာဒယ်မီးယား ကလေးဆေးရုံမှ သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့်လည်း ကိုယ်ဝန်ဆောင်ကာလ၌ နေရောင်နှင့် များများထိတွေ့ပေးပါက မွေးဖွားလာသည့်ကလေးများ၌ MS ရောဂါဖြစ်နိုင်ခြေကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ MS ရောဂါလူနာ ကလေးများအနေဖြင့် နေ့စဉ် နွေရာသီနေရောင်နှင့် မိနစ် ၃၀ အထက် ထိတွေ့ပေးပါက MS ရောဂါလက္ခဏာများ တစ်ကျော့ပြန်ပေါ်နိုင်ခြေကို ၃၃ ရာခိုင်နှုန်း လျှော့ချနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် လေးနှစ်နှင့် ၂၁ နှစ်ကြား MS လူနာ ၃၃၄ ဦးတို့ကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ပလတ်စတစ် ထမင်းဘူး၊ ဟင်းဘူးသုံးစွဲမှုကြောင့် နှလုံးရုတ်တရက်ရပ်နိုင်ခြေ မြင့်မားနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၁၆**

ပလတ်စတစ် ထမင်းဘူး၊ ဟင်းဘူးများသုံးစွဲမှုကြောင့် အစာခြေလမ်းကြောင်းစနစ် ရောင်ရမ်းမှုများ ဖြစ်ပေါ်လာတတ်ပြီး နှလုံးရုတ်တရက်ရပ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

တရုတ် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပလတ်စတစ်ဘူးများဖြင့် ထမင်းဟင်း စားသောက်သူများတွင် နှလုံးရုတ်တရက် ရပ်နိုင်ခြေ ပုံမှန်ထက် ၁၃ ရာခိုင်နှုန်း မြင့်မားနေတတ်ကြောင်း သိရသည်။

ပလတ်စတစ် ထမင်းဘူး၊ ဟင်းဘူးများမှ ပလတ်စတစ်အမှုန်အမွှားများကြောင့် အစာခြေလမ်းကြောင်းစနစ်နှင့် သွေးလည်ပတ်မှုစနစ် တစ်ခုလုံးရောင်ရမ်းမှု ရှိလာတတ်ကြောင်း တရုတ် သုတေသနပညာရှင်များက ပြောကြားသည်။

တရုတ် သုတေသနပညာရှင်များသည် လူပေါင်း ၃၀၀၀ ကျော်တို့၏ စားသောက်မှုပုံစံနှင့်ကျန်းမာရေးအခြေအနေများကို နှိုင်းယှဉ်လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

နှလုံး ရုတ်တရက်ဖောက်နိုင်ခြေကို လျှော့ချရေးအတွက် အပူချိန်မြင့်မားသည့် အစားအစာများအတွက် ပလတ်စတစ်ဘူးများ သုံးစွဲမှုကို ရှောင်ရှားရန်၊ နေ့စဉ်သုံး ပလတ်စတစ်ထုတ်ကုန်များ သုံးစွဲမှုကိုလျှော့ချကြရန် တရုတ် သုတေသန ပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



နိုင်ငံတကာ
**အားကစားသတင်းများ**

# တိုက်စစ်မှူးမာမောက် မန်စီးတီးအသင်းအတွက် ပထမဆုံး ဟက်ထရစ်ဂိုးသွင်းယူ

**လန်ဒန် ဖေဖော်ဝါရီ ၁၆**

ပရီးမီးယားလိဂ်ပွဲစဉ် ၂၅ အဖြစ် ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ပွဲစဉ်တွင် ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကခေါ်ယူထားသည့် တိုက်စစ်မှူး မာမောက်က အသင်းအတွက် ပထမဆုံး ဟက်ထရစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

နယူးကာဆယ်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူးမာမောက်သည် တိုက်စစ်မှူး ဟာလန်းနှင့်အတူ အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်ခွင့်ရရှိခဲ့ပြီး ပွဲကစားချိန် ၁၉ မိနစ်အရောက်တွင် ဂိုးသမား အီဒါဆန်၏ ဖန်တီးပေးမှုဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပွဲချိန် ၂၄ မိနစ်တွင် ဂန်ဒိုဂန်၏ ဖန်တီးမှုမှလည်းကောင်း၊ ပွဲချိန် ၃၃ မိနစ်တွင် ဆာဗင်ဟို၏ ဖန်တီးမှုမှလည်းကောင်း ၁၄ မိနစ်အတွင်း ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး မန်စီးတီးအသင်း ကစားသမားဘဝ ပထမဆုံးဟက်ထရစ်ဂိုး ရရှိခဲ့သည်။

ဒုတိယပိုင်းတွင် မန်စီးတီးအသင်းက ဆက်လက်ဖိအားပေးနိုင်ခဲ့သဖြင့် နယူးကာဆယ်အသင်းချေပဂိုးရရှိရန် ခက်ခဲခဲ့ကာ ပွဲချိန် ၇၆ မိနစ်တွင် မာမောက်ကိုဒိုကူနှင့် လူစားလဲခဲ့ပြီး ပြိုင်ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သဖြင့် ပွဲချိန် ၈၄ မိနစ်တွင် မက်အာတီးက စတုတ္ထသွင်းဂိုး ထပ်မံသွင်းယူနိုင်ခဲ့ကာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မန်စီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာရကစားသမား များပြားခဲ့သောကြောင့် ပြိုင်ပွဲစုံတွင် ရလဒ်ဆိုးရွားခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်သို့ တက်ရောက်နိုင်ရန် ရီးရဲလ်မက်ဒရစ်အသင်းနှင့် play-off ကစားခဲ့ရပြီး ပထမအကျော့ အိမ်ကွင်းပွဲစဉ်တွင် သုံးဂိုးနှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသဖြင့် လာမည့်ဒုတိယ အကျော့တွင် နိုင်ပွဲရရှိမှသာ ၁၆ သင်းအဆင့် တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Daily Mail
Trs : ML



## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်းက စာချုပ်ဖျက်သိမ်းကြေး ယူရို သန်း၁၀၀ဖြင့် ၂၀၂၈ ခုနှစ်ထိ သက်တမ်းတိုးထားသည့် ဘာစီလိုနာအသင်း လူငယ်ကစားသမား ကာဆာဒိုကို ခေါ်ယူနိုင်ရန် ကစားသမား၏ကိုယ်စားလှယ်များနှင့် ကနဦးဆွေးနွေးမှုပြုလုပ်နေကြောင်း သိရသည်။
- အိုဆာဆူနာအသင်းကို တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ပင်နယ်တီအခွင့်အရေး သုံးကြိမ်ထိ ရရှိနိုင်မည်ဖြစ်သော်လည်း ကွင်းလယ်ဒိုင်က VAR ဖြင့် ပြန်လည်စစ်ဆေးခြင်းမရှိခဲ့သောကြောင့် နစ်နာခဲ့ရသည်ဟု နည်းပြအန်ဆယ်လော့တီက ဝေဖန်ပြောကြားခဲ့သည်။
- လီဗာပူးအသင်းက ဂိုးသမားအယ်လစ်ဆန်နှင့် လာမည့် ၂၀၂၇ ခုနှစ်ထိ စာချုပ်သက်တမ်းကျန်ရှိနေသော်လည်း ဗလင်စီယာအသင်းမှခေါ်ယူထားသည့် ဂိုးသမား မာမာဒက်ဗီလီကို အစားထိုးလိုသဖြင့် လာမည့်နွေရာသီတွင် အယ်လစ်ဆန်ကို ဆော်ဒီကလပ်အသင်းတစ်သင်းသို့ ရောင်းချရန်ဆန္ဒရှိနေကြောင်း သိရသည်။

ML

# ပီအက်စ်ဂျီအသင်း ရှုံးပွဲမရှိဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်



**ပဲရစ် ဖေဖော်ဝါရီ ၁၆**

ပီအက်စ်ဂျီအသင်းသည် အမှတ်ပေးပွဲစဉ် ၂၂အဖြစ် တူးလော့အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် အမှတ်ပေးပြိုင်ပွဲတွင် ရှုံးပွဲမရှိသေးဘဲအမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နေကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အသာဖြင့်ကစားနိုင်ခဲ့သော်လည်း တူးလော့အသင်း၏ ခံစစ်ကစားပုံကောင်းမွန်မှုနှင့် တန်ပြန်တိုက်စစ်များကြောင့် အခက်တွေ့ခဲ့ရသဖြင့် ဦးဆောင်ဂိုးရရှိရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် သရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီးနောက် ဒုတိယပိုင်းတွင် ကစားအားမြှင့်တင်နိုင်ခဲ့သောကြောင့် ပွဲချိန် ၅၂ မိနစ်တွင် ဖေဘီယန်ရူဇ်က အသင်းအတွက် အနိုင်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကို ထိန်းသိမ်းနိုင်ခဲ့သည်။

ပီအက်စ်ဂျီအသင်းအနေဖြင့် ပွဲစဉ် ၂၂ အပြီးတွင် ၁၇ ပွဲနိုင်၊ ငါးပွဲသရေဖြင့် ရမှတ် ၅၆ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ဦးဆောင်နေကာ အဆင့်(၂) မာဆေးအသင်းကို ရမှတ် ၁၀ ထိ ဖြတ်တောက်နိုင်ခဲ့သောကြောင့် ဆုဖလားရရှိရန် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် ၂၂ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကို ယခုတစ်ကြိမ်အပါအဝင် လေးကြိမ်ထိပိုင်ဆိုင်ခဲ့ပြီးနောက် နည်းပြ အန်းနရစ်ကလည်း ယခုနှစ်ဘောလုံးရာသီကို ရှုံးပွဲမရှိဖြင့် ဆုဖလား ရရှိရန် ပစ်မှတ်ထားနေခြင်းဖြစ်ကြောင်း သိရသည်။ Ref : ESPN

Trs : ML

# ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အန်နီစီမိုဗာဆွတ်ခူး

**ဒိုဟာ ဖေဖော်ဝါရီ ၁၆**

ကာတာနိုင်ငံဒိုဟာမြို့တွင်ကျင်းပခဲ့သည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် အန်နီစီမိုဗာနှင့် လက်ဗီးယားတင်းနစ်မယ် အိုစတာပင်ကိုတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အန်နီစီမိုဗာက (၆-၄၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုစတာပင်ကိုသည် ဆီမီးဖိုင်နယ်အဆင့်တွင် စဝီယာတက်ခ်အားအနိုင်ရရှိခဲ့ပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် ပုံစံကောင်းပျောက်ဆုံးကာ ချန်ပီယံဆုဖြင့် လွဲချော်ခဲ့ရသည်။



အန်နီစီမိုဗာအနေဖြင့် ၂၀၀၂ ခုနှစ်နောက်ပိုင်း ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင်ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသောအမေရိကန်တင်းနစ်မယ် အဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

အန်နီစီမိုဗာက “လုံးဝကိုမထင်ထားတဲ့အောင်မြင်မှုပါ။ အိုစတာပင်ကိုဟာခက်ခဲတဲ့ ပြိုင်ဘက်ကောင်း တစ်ယောက်ဖြစ်သလို ကမ္ဘာ့အဆင့် ကစားသမား တစ်ယောက်လဲဖြစ်ပါတယ်။ အရမ်းကိုဖိအားများခဲ့တယ်။ ဖိအားတွေကြားထဲကနေ ပုံစံကောင်းပြသပြီး ပြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဗိုလ်လုပွဲစဉ်မှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်အပေါ်မှာ အားရကျေနပ်မှု အပြည့်အဝရှိပါတယ်။ ဒီလိုရလဒ်ကောင်းနဲ့ အောင်မြင်မှုတွေရဖို့အတွက် အများကြီးကြိုးစားခဲ့ရသလို အများကြီးလဲပေးဆပ်ခဲ့ရတယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# အာမက်ဒီယာလို အရွတ်ထိခိုက်ဒဏ်ရာကြောင့် ရာသီကုန်ထိအနားယူရမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၆**

မန်ယူအသင်း တောင်ပံကစားသမား အာမက်ဒီယာလိုသည် လေ့ကျင့်ရေးအစီအစဉ်တွင် ရရှိခဲ့သည့် အရွတ်ထိခိုက်ဒဏ်ရာကြောင့် ဘောလုံးရာသီကုန်ထိ အနားယူရတော့မည်ဖြစ်ကြောင်း မန်ယူအသင်းက ထုတ်ပြန်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ တောင်ပံကစားသမားသည် စပါးအသင်းနှင့် ပွဲစဉ်မတိုင်မီ ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သဖြင့် စကန်ဖတ်စစ်ဆေးမှုပြုလုပ်ခဲ့ရာ အရွတ်စုတ်ပြဲခဲ့သောကြောင့် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကာ လက်ကျန်ဘောလုံးရာသီကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

၎င်းသည် နည်းပြတန်ဟတ်လက်ထက်က ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သော်လည်း နည်းပြ အာမိုရင်ရောက်ရှိခဲ့သည့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလမှ စတင်ကာ ပုံမှန်ပွဲကစားခွင့် ရရှိလာခဲ့ပြီး ပရီးမီးယားလိဂ်တွင် သွင်းဂိုးခြောက်ဂိုးထိ သွင်းယူခြေစွမ်းပြသနိုင်ခဲ့ကာ တိုက်စစ်မှူး ဟိုက်လန်နှင့် ဇက်ခ်ဇီးတို့ကိုကျော်ဖြတ်၍ ဦးစားပေးပွဲ ကစားခွင့်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်း တာဝန်ရှိသူများသည် ခြေစွမ်းပိုင်းတိုးတက်လာသည့် ဒီယာလိုကို ကာလရှည်ထိန်းသိမ်းရန်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလက ငါးနှစ်သက်တမ်းတိုးခဲ့ကာ အသင်းမှ အခြားတိုက်စစ်ကစားသမားများဖြစ်သည့် ရက်ရှ်ဖို့ဒ်ကို အေဗီလာအသင်း၊ အန်တိုနီကို ဘက်တစ်အသင်းတို့သို့ အငှားစာချုပ်ဖြင့် ထွက်ခွာခွင့်ပြုခဲ့သည်။

တောင်ပံကစားသမား ဒီယာလိုသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့် ပြိုင်ပွဲစုံ ၃၆ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိပြုလုပ်နိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အမှတ်ပေးပြိုင်ပွဲတွင် ၂၄ ပွဲကစားပြီးချိန်တွင် ရမှတ် ၂၉ မှတ်သာ ရရှိခဲ့သောကြောင့် အမှတ်ပေးဇယား အဆင့်(၁၄)တွင် ရပ်တည်နေပြီး အဆိုးရွားဆုံးဘောလုံးရာသီနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

Ref : ESPN
Trs : ML

# မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များ ဆက်လက်ကျင်းပ
# MIU FCအသင်းနိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်




**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) ပွဲစဉ်များကို ယနေ့နံနက် ၉နာရီမှ စတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင်ကျင်းပခဲ့ရာ MIU FCအသင်းနိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀)ပွဲစဉ်များအဖြစ် ယနေ့နံနက် ၉နာရီကGenerations FC အသင်းနှင့် Futsal Chit Thu အသင်းတို့ကစားခဲ့ရာ သုံးဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး နံနက် ၁၀နာရီခွဲက MIU FCအသင်းနှင့် MH Dream Teamအသင်းတို့ကစားခဲ့ရာ MIU FCအသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ မွန်းတည့် ၁၂နာရီက SGF FC အသင်းနှင့် M2K FC အသင်းတို့ကစားခဲ့ရာ M2K FC အသင်းက လေးဂိုး သုံးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁နာရီက YRG FCအသင်းနှင့် YCDC Marga FC အသင်းတို့ ကစားခဲ့ရာ YRG FC အသင်းက ကိုးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ညနေ ၃နာရီက VUC FCအသင်းနှင့် Winner Soccer အသင်းတို့ကစားခဲ့ရာ Winner Soccerအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

မြန်မာဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၀)အပြီးတွင် MIU FCအသင်းက ကိုးပွဲကစားပြီး ရှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၈ မှတ်ဖြင့်အမှတ်ပေးဇယားထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ပြီး YRG FC အသင်းက ရမှတ် ၂၁ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၂)နေရာသို့တက်ရောက်နိုင်ခဲ့ကာ MH Dream Team အသင်းအနေဖြင့် ရှုံးပွဲကြုံတွေ့ခဲ့သည့်အတွက် ရမှတ် ၂၀ဖြင့် အမှတ်ပေးဇယားအဆင့်(၃)နေရာသို့ ကျဆင်းခဲ့ရကြောင်း သိရသည်။

STA

# လေးနိုင်ငံဖိတ်ခေါ်ဖလား ပြိုင်ပွဲအကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲ ပြိုင်ပွဲအကြိုသတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့တွင်ကျင်းပခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြ ယုကီတက်ဆုရိုနှင့် အသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်းတို့တက်ရောက်ခဲ့သည်။




အဆိုပါလေးနိုင်ငံဖိတ်ခေါ်ဖလားပြိုင်ပွဲကို နီပေါနိုင်ငံခတ္တမန္ဒူမြို့ရှိ Dasharath ကွင်းတွင် ဖေဖော်ဝါရီ ၁၇ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နီပေါအမျိုးသမီးအသင်းနှင့်အတူ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း၊ ကာဂျစ်စတန် အမျိုးသမီးအသင်းနှင့် လက်ဘနွန် အမျိုးသမီးအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနည်းပြ ယုကီတက်ဆုရိုက "ပထမဆုံးအနေနဲ့ ကျွန်တော်တို့ကိုဒီပြိုင်ပွဲဖိတ်ခေါ်ပေးတဲ့ အိမ်ရှင်နီပေါ၊ ဝင်ရောက်ယှဉ်ပြိုင်ပေးတဲ့ လက်ဘနွန်နဲ့ ကာဂျစ်စတန် အသင်းတို့ကိုကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ပြိုင်ဘက်အသင်းတွေနဲ့ပတ်သက်ပြီး ပြောကြားလိုတာကတော့ အသင်းတိုင်းက အကောင်းဆုံး ပြင်ဆင်လာတာဖြစ်လို့ ကျွန်တော်တို့အသင်းအနေနဲ့လဲ တစ်ပွဲချင်းစီသေချာအာရုံစိုက်ပြင်ဆင်ကာ အသင်းတိုင်းကို လေးလေးစားစားနဲ့ယှဉ်ပြိုင်ကစားသွားပါမယ်"ဟု ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ၁၇ရက်တွင် လက်ဘနွန်အသင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာဂျစ်စတန်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် အိမ်ရှင် နီပေါအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းသည် ဖေဖော်ဝါရီ ၂၆ ရက်တွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေ့ရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ISPEအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၀) အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိက ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ဟံသာဝတီယူနိုက်တက် အသင်းက ဘောလုံးပိုင်ဆိုင်မှု အသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ISPEအသင်းက အကောင်းဆုံးပြန်လည် တုံ့ပြန်ကစားနိုင်ခဲ့ကာ ပွဲချိန်ပထမပိုင်းတွင် ဂိုးကန်သွင်းခွင့်အသီးသီး ရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း နှစ်သင်းစလုံး ပိုမိုတိုက်စစ်ဆင်ဖိအားပေးကစားမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့ကြသော်လည်း အခွင့်အရေးများကို အသုံးချနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်ထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ISPEအသင်းဂိုးသမား ချစ်မင်းထွေးက ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ပက်ထရစ်ရော်ဂျာ ဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ကျင်းပနေသည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ပက်ထရစ်ရော်ဂျာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်ကြောင်းယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားမက္ကာသီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက်ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး ဆွီဒင်ဂေါက်သီးရိုက်ကစားသမား လက်ဗစ်အဘက်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်ထား နိုင်ခဲ့ကြောင်း သိရသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲလောကတွင် ကစားရခက်သည့်ပြိုင်ပွဲအဖြစ် သတ်မှတ်ခံထားရသည့် Genesis Invitational ဂေါက်သီးရိုက်ပြိုင်ပွဲသည် သတ်မှတ်ခံထားရသည့်အတိုင်း ရလဒ်များက ပြိုင်ပွဲဝင် ကစားသမားများအတွက် အမှန်တကယ် ခက်ခဲကြောင်းကို သက်သေပြနေခဲ့သည်။

ပက်ထရစ်ရော်ဂျာသည် ပထမနေ့နှင့် ဒုတိယနေ့တွင် ပုံစံကောင်းပျောက်ဆုံးခဲ့သော်လည်းတတိယနေ့တွင် ကစားနိုင်ခဲ့သည့် စွမ်းဆောင်ရည်ကြောင့် အမှတ်ပေးဇယားအား ဦးဆောင်ခွင့်ရခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# LIV Golf Adelaide ချန်ပီယံဆုကို ချီလီကစားသမား ဂျိုအာကွင်းနီမန်း ဆွတ်ခူး

**အက်ဒလိတ် ဖေဖော်ဝါရီ ၁၆**

ဩစတြေးလျနိုင်ငံ အက်ဒလိတ်မြို့တွင်ကျင်းပခဲ့သည့် LIV Golf Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချီလီဂေါက်သီးရိုက်ကစားသမားဂျိုအာကွင်းနီမန်းက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

မက္ကဆီကို ဂေါက်သီးရိုက်ကစားသမားများ ဖြစ်ကြသည့် အန်ဆာနှင့် အောတစ်ဇ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမားဒေးဗစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျိုအာကွင်းနီမန်း အနေဖြင့် PGA Tourအဖွဲ့ချုပ်မှ LIV Golf အဖွဲ့ချုပ်သို့ကူးပြောင်းခဲ့ပြီးနောက်ပိုင်း တတိယမြောက် ဆွတ်ခူးခဲ့သည့် ချန်ပီယံဆုဖလားလည်းဖြစ်သည်။

အသက် ၂၆ နှစ်ရှိ ဂျိုအာကွင်းသည် PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ကစားခဲ့စဉ်က ချန်ပီယံဆုဖလားနှစ်လုံး ဆွတ်ခူးခဲ့ဖူးသူလည်းဖြစ်သည်။

ဂျိုအာကွင်းနီမန်းက "အခုတော့ အောင်ပွဲခံဖို့အတွက် ပြင်ဆင်နေပါတယ်။ အားရကျေနပ်စရာကောင်းတဲ့အောင်မြင်မှုပါ။ နောက်ထပ်လဲအောင်မြင်မှုတွေ ဆွတ်ခူးသွားချင်တယ်။ ကျွန်တော့်အနေနဲ့ နောက်ထပ်ပြိုင်ပွဲတွေမှာလဲ အခုဒီပြိုင်ပွဲမှာ ကစားထားနိုင်တဲ့ ပုံစံအတိုင်း ကစားနိုင်အောင် ကြိုးစားသွားမယ်။ အနာဂတ်မှာဘာတွေဖြစ်လာမလဲဆိုတာ ကြိုမပြောနိုင်ပေမဲ့လဲ နောက်ထပ်လာမဲ့ပြိုင်ပွဲတွေမှာ ရစ်သမ်မပျက်သွားအောင်လို့ ပြင်ဆင်လေ့ကျင့်မှုတွေမှာအချိန်ပေးသွားမယ်။ LIV Golf အဖွဲ့ချုပ်ရဲ့ အဓိကပြိုင်ပွဲတွေမှာချန်ပီယံဆုကို ဆွတ်ခူးနိုင်အောင်လို့ အကောင်းဆုံးကြိုးစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs)၏ အခန်းကဏ္ဍ (၃)

**MSMEs နှင့် တန်ဖိုးမြင့်ထုတ်ကုန်များ (Value-added Products)ထုတ်လုပ်မှုအခြေအနေ**

အသေးစား၊ အငယ်စားအိမ်တွင်းပြုပြင်မွမ်းမံမှုလုပ်ငန်းများမှ အသင့်စားသုံးနိုင်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ (Value-added Products) အဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ဆောင်ရွက်ရမည်။ MSME ထုတ်ကုန်များကို ပြည်ပပို့ကုန်အဖြစ် ပိုမိုတင်ပို့နိုင်လျှင် ဒေသဝင်ငွေပိုမိုရရှိနိုင်မည်ဖြစ်သောကြောင့် ပြည်တွင်း၌သာမကဘဲ ပြည်ပသို့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတင်ပို့နိုင်ရန်အတွက် MSME နှင့်ပတ်သက်သည့်ထုတ်လုပ်မှုအပိုင်း (Production)၊ ထုပ်ပိုးမှုအပိုင်း (Packaging)၊ ဈေးကွက်အပိုင်း (Marketing)နှင့် စီမံခန့်ခွဲမှုအပိုင်း (Management) တို့တွင် သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရသည်။ MSME လုပ်ငန်းများမှာ စတင်စိုက်ပျိုးခြင်း၊ မွေးမြူခြင်းမှသည် စားသုံးသူဈေးကွက်သို့ ရောက်ရှိမည့် ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်လုံးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးလုပ်ကိုင်သူများ၊ ထုတ်လုပ်သူများ၊ လက်လီ၊ လက်ကားရောင်းချသူများ၊ သယ်ယူပို့ဆောင်ပေးသူများ၊ ဝန်ဆောင်မှုပေးသူများ စသည်ဖြင့် အသီးသီးပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပါက စီးပွားရေးမတည်ငြိမ်သည့် ကာလများ၌ပင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိန်းကျောင်းပေးနိုင်စွမ်းရှိသောကြောင့် မည်သို့ပင်ဆိုစေကာမူ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်ရမည်သာဖြစ်သည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (MSMEs Center)**

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည့်အတွက် ကာလတို၊ ကာလရှည်မျှော်မှန်းချက်များဖြင့် စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် စက်မှုဝန်ကြီးဌာနက ၂၀၁၂ ခုနှစ် ဧပြီလတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် SMEs ဌာန၌ အသေးစားစီးပွားရေးလုပ်ငန်းများ (Micro Enterprises)ကို ထပ်မံဖြည့်စွက်၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) အဖြစ် စတင်သုံးနှုန်းခဲ့သည်။

အဆိုပါ MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက အာဆီယံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် အေဂျင်စီရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်အစည်းအဝေးများဆောင်ရွက်ခြင်း၊ ရေးဆွဲထားသည့် အာဆီယံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ နည်းဥပဒေများအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များရေးဆွဲခြင်း၊ အာဆီယံအသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(ACCMSME)ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် MSME လုပ်ငန်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များဖြန့်ဝေခြင်း၊ အာဆီယံနိုင်ငံများမှ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရန် ညှိနှိုင်းပေးခြင်း၊ ပြည်ပအဖွဲ့အစည်းများ၏မေးမြန်းချက်များ၊ ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်များအတွက် ညှိနှိုင်းဆွေးနွေးပြီး ရလဒ်များကို တင်ပြ၍ အတည်ပြုချက်ရယူနိုင်ရန် ဆောင်ရွက်ခြင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ Project၊ Training နှင့် Seminar ကျင်းပရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ခြင်း၊

**❖စီးပွားရေးပညာရှင်များ၏ လေ့လာချက်အရ မြန်မာ MSME များသည် ပြောင်းလဲနေသော ဈေးကွက်အခြေအနေပေါ်မူတည်၍ လျင်မြန်စွာ ပြုပြင်ပြောင်းလဲတုံ့ပြန်နိုင်ခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ လုပ်အားစရိတ်နှင့် ဝန်ဆောင်မှုသက်သာခြင်း၊ နေရာအနှံ့အပြားတွင် တည်ရှိနေနိုင်ခြင်း၊ ဈေးကွက်တုံ့ပြန်မှုအရ ထုပ်ပိုးမှုပုံစံပြောင်းလဲခြင်းတို့ကိုလုပ်ငန်းကြီးများထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းဟူသည့် အားသာချက်များရှိနေသည်။❖**

ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ MSMEs များအတွက် လိုအပ်သောလူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် သင်တန်းများပေးခြင်း၊ နည်းပညာများပေးခြင်း၊ E-Market Platform များ ထူထောင်ခြင်း၊ international supply Chain အတွင်း ဝင်ရောက်နိုင်ရန် ပံ့ပိုးပေးခြင်း၊ SME Member Card များထုတ်ပေးခြင်း၊ MSMEs များ ငွေကြေးအရင်းအနှီး လွယ်ကူသက်သာစွာရရှိနိုင်ရေးအတွက် ချေးငွေဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ညှိနှိုင်းချိတ်ဆက်ပေးခြင်းတို့ကို အတွင်းကျကျဆောင်ရွက်ပေးလျက်ရှိပါသည်။

**မြန်မာ MSME များ၏ ပြောင်းလဲတုံ့ပြန်နိုင်စွမ်းအခြေအနေ**

စီးပွားရေးပညာရှင်များ၏ လေ့လာချက်အရ မြန်မာ MSME များသည် ပြောင်းလဲနေသော ဈေးကွက်အခြေအနေပေါ်မူတည်၍ လျင်မြန်စွာ ပြုပြင်ပြောင်းလဲတုံ့ပြန်နိုင်ခြင်း၊ တီထွင်ကြံဆမှုရှိခြင်း၊ လုပ်အားစရိတ်နှင့် ဝန်ဆောင်မှုသက်သာခြင်း၊ နေရာအနှံ့အပြားတွင် တည်ရှိနေနိုင်ခြင်း၊ ဈေးကွက်တုံ့ပြန်မှုအရ ထုပ်ပိုးမှုပုံစံပြောင်းလဲခြင်းတို့ကို လုပ်ငန်းကြီးများထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်းဟူသည့် အားသာချက်များရှိနေသည်။

ထို့ပြင် ပြောင်းလဲနေသည့် ဈေးကွက်လိုအပ်ချက်များကို လုပ်ငန်းကြီးများထက် ပိုမိုလျင်မြန်စွာ တုံ့ပြန်ပြောင်းလဲနိုင်စွမ်းရှိသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး ကျေးလက်စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံပြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် စက်မှုလုပ်ငန်းများသည် ထိရောက်သည့် စီးပွားရေးလုပ်ငန်းများပင်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကသီးနှံများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော်နှင့် တိုင်းရင်းဆေးပစ္စည်းများ ထုတ်လုပ်သည့်ပရဆေးပင်များကို စိုက်ပျိုးကြသည်။ မွေးမြူရေးလုပ်ငန်းတွင်လည်း အဓိကစားသုံးသော အသားငါးများဖြစ်ကြသည့် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးများကို မွေးမြူကြသည်။ အဆိုပါ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ အခြေခံကုန်ပစ္စည်းများ (Primary Goods) ကို သာမက မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ၊ သစ်ပင်သစ်တောထွက်ပစ္စည်းများ၊ သံမဏိ၊ ကျောက်မီးသွေး၊ အဖိုးတန်ကျောက်မျက်ရတနာများ၊ ခဲမဖြူ၊ အဖြိုက်နက် စသည့်သယံဇာတများကို MSME လုပ်ငန်းများမှ ပြည်တွင်း၊ ပြည်ပဈေးကွက်ဝင်သော တန်ဖိုးမြင့်ထုတ်ကုန်များ (Value-added Products) အဖြစ် ထုတ်လုပ်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် အလွန်အကျိုးရှိထိရောက်နိုင်မည်ဖြစ်သည်။

ထို့ပြင် MSME ထုတ်ကုန်များ ဆန်းသစ်တီထွင်လာနိုင်စေရန်နှင့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ တိုးတက်အောင်မြင်လာစေရန် မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် နည်းပညာ၊ ဈေးကွက်နှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များ ပံ့ပိုးပေးခြင်းတို့ကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။

MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဝယ်ယူစားသုံးသူများအနေဖြင့် ပြည်တွင်းထုတ်ကုန်များ၏ အရည်အသွေးမြင့်မားခြင်း၊ သင့်တော်သောဈေးနှုန်းရှိခြင်း၊ သင့်တော်သော သက်တမ်းရှိခြင်း၊လှပပြီး အဆင့်မြင့်စွာ ထုပ်ပိုးထားခြင်း၊ လိုအပ်သည့်အချိန်တွင် ဝယ်ယူနိုင်ရန် အာမခံခြင်း၊ ဈေးနှုန်းတည်ငြိမ်ခြင်း၊ ထုတ်လုပ်သူက အရည်အသွေးကို တာဝန်ယူခြင်း၊ အရည်အသွေးစံချိန်စံညွှန်းများအား လိုက်နာသည်ကို အထောက်အထားပြနိုင်ခြင်း၊ ကုန်ပစ္စည်းပေါ်တွင် အချက်အလက်များ ပြည့်စုံစွာ ဖော်ပြထားခြင်း၊ သက်တမ်းကုန်လျှင် ပြန်လည်သိမ်းဆည်း၍ လဲလှယ်ပေးခြင်းနှင့် ကြာရှည်စွာ အကြွေးရရှိခြင်းတို့ကို သတိပြုရမည်။

**MSMEများနှင့် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေများ**

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်လုပ်နိုင်မှုစွမ်းအားမှတစ်ဆင့် စက်မှုလက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများတိုးတက်စေရန် အထောက်အကူပြုခြင်းဖြစ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးလည်ပတ်စီးဆင်းမှုတွင် ပါဝင်သည့်စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်သူ အိမ်ထောင်စုများ၊စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သည့် MSME လုပ်ငန်းရှင်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးအခြေပြုဆောင်ရွက်နေသူများအပါအဝင် ကုန်သွယ်မှုလုပ်ငန်း Supply Chain တစ်လျှောက်တွင် ပါဝင်ပတ်သက်သူများ (Stakeholders) အားလုံးကို အကျိုးသက်ရောက်စေမည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာ၊ သားငါးအခြေခံကုန်ထုတ်လုပ်မှုများမှ ထုတ်လုပ်နိုင်စွမ်းတိုးတက်လာခြင်းဖြင့် အခြားကဏ္ဍများကိုပါ ဆင့်ပွားသက်ရောက်မှုများဖြစ်လာသဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးစွမ်းအားသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို များစွာအကျိုးသက်ရောက်မှုရှိစေသည်။ ၎င်းမှ ထွက်ရှိသောထုတ်ကုန်များကို ရောင်းဝယ်ရာတွင်လည်း ပြည်တွင်း၊ ပြည်ပ ရောင်းဝယ်မှုများပါရှိလာသည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ကုန်ထုတ်လုပ်နိုင်စွမ်းအားကောင်းပါက ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပသို့ပါ ပိုမိုတင်ပို့ရောင်းချနိုင်သည့်အတွက် ပြည်ပဝင်ငွေရရှိပြီး ပြည်ပပို့ကုန်များများတင်ပို့နိုင်ပါက ကုန်သွယ်မှုတွင် ပိုငွေဖြစ်လာနိုင်မည်ဖြစ်သည်။ ကုန်သွယ်မှုပိုငွေများများရရှိပါက နိုင်ငံ၏ GDP တန်ဖိုး တိုးတက်ရရှိရေးကို အထောက်အကူပြုမည်ဖြစ်သောကြောင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ပစ္စည်းများကိုတိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းရှိ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်ဖြစ်သကဲ့သို့ MSME လုပ်ငန်းများလည်ပတ်မှုအားကောင်းလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာမည်ဖြစ်သည်။

လယ်ယာကဏ္ဍကောင်းလျှင် စက်မှုကဏ္ဍကောင်းမည်ဖြစ်ပြီး စက်မှုကဏ္ဍကောင်းလျှင် ဝန်ဆောင်မှုကဏ္ဍလည်း ကောင်းလာမည်ဖြစ်သည်။ ၎င်းကဏ္ဍသုံးရပ်မှာ ဆက်စပ်မှုရှိသည့်အတွက် အခြေခံအကျဆုံးဖြစ်သည့် လယ်ယာကဏ္ဍကို အောင်မြင်တိုးတက်ရန် ဆောင်ရွက်မည်ဆိုလျှင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများသည်လည်း အောင်မြင်တိုးတက်လာပြီး MSME လုပ်ငန်းများလည်း တိုးတက်ကာ နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ GDP တိုးတက်ရန် နိုင်ငံသားတစ်ဦးချင်း၏ GDP တိုးတက်ရန် လိုအပ်သဖြင့် အရွယ်ရောက်ပြီး အလုပ်လုပ်နိုင်သည့်သူတိုင်း အလုပ်လုပ်ကြရန် လိုအပ်သည်။ နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည်လည်း ပြည်တွင်းစီးပွားရေးကို အားပေးခြင်းနှင့် ကုန်ထုတ်လုပ်မှုကို အားပေးခြင်းပင်ဖြစ်သည်။ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်ပကို အားကိုးခြင်းထက် ပြည်တွင်းအားဖြင့် အကျိုးရှိထိရောက်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**


- http://www.industry.gov.mm
- နေ့စဉ်ထုတ်သတင်းစာများ။
- အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ။
- အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနမှ အချက်အလက်များ။
- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီး ဌာနမှတ်တမ်းများ။
- The Small Businesses Failure Record
- Can we beat the odds? by Narman M, Sacrborough & Thomas W. Zimmerer.
- MSME ဆိုင်ရာ Internet Website များ။


ဒေါက်တာသုတခင်

# ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်



**ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိမဟာမကုဋရုံသီဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဂေါပကအဖွဲ့ဝင် ဦးကျော်စွာဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ မဟာမကုဋရုံသီ ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ထိ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် တပေါင်းလဆန်း ၁ ရက်မှ တပေါင်းလပြည့်နေ့ (ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁၃ ရက်)ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ် ကျင်းပလာခဲ့သလို ဒီနှစ်မှာလဲ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ ဗုဒ္ဓပူဇာအနေနဲ့ စေတီတော်ကို သံဃာတော် ၄၅ ပါးနဲ့ အနေကဇာတင်ပူဇော်မှာဖြစ်ပြီး ဓမ္မပူဇာအနေနဲ့လဲ မဟာပဋ္ဌာန်းကျမ်း ပူဇော်မှာဖြစ်ပါတယ်။ သံဃာပူဇာအနေနဲ့ တပေါင်းလပြည့်နေ့မှာ ပွဲတော်ပိတ်သိမ်းပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲအနေနဲ့ ပင့်သံဃာတော်အပါး ၁၆၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူမှာဖြစ်ပါတယ်"ဟု ဦးကျော်စွာဝင်းက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး၏ အထင်ကရ ကျက်သရေဆောင် ဆံတော်ရှင် မြတ်မော်တင်စွန်း စေတီတော်မြတ်ကို ပုသိမ်မြို့မှ ရုပ်ပြေးရေယာဉ်များဖြင့် ဟိုင်းကြီးကျွန်းမြို့ထိ လာရောက်ကာ ဖူးမြော်နိုင်ကြောင်း၊ ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်း နှစ်မျိုးဖြင့် သွားရောက်ဖူးမြော်နိုင်ကြောင်းလည်း သိရသည်။

ASH

# Captain America:Brave New World ၏ ပထမသီတင်းပတ်ကုန်ဝင်ငွေ ကန်ဒေါ်လာ သန်း ၉၀ထိရှိလာနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Captain America:Brave New World ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၉၀ ထိ ရရှိနိုင်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် Captain America:Brave New World ဇာတ်ကားကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ရုံတင်ပြသခဲ့ရာ ၎င်းနေ့ တစ်နေ့တည်းမှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်း ထိရရှိခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက် ဝင်ငွေ အတိုင်းအတာအရ ၎င်းဇာတ်ကား၏ ပထမသီတင်းပတ်ကုန်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၉၀ ထိရှိလာနိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရသည်။

Captain America:Brave New World ဇာတ်ကားကို ဒါရိုက်တာ ဂျူးကီးယပ်အိုနေးက တာဝန်ယူရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသား ဟယ်ရီဆင်ဖို့၊ အန်တိုနီမက်ဟား၊ ဆက်ရီလင်နှင့် မင်းသမီး ရိုဆာဆာလာဇာတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် အဆိုပါဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၈၀ ထိသုံးစွဲထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# နွေဦးဒါန်း ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲ ပြုလုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

KUNYAT Creation House ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် နွေဦးဒါန်း ဇာတ်လမ်းတွဲ ကန်တော့ပွဲပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် နှင်းရတီထက်က ပြောပြ၍ သိရသည်။

နွေဦးဒါန်း ဇာတ်လမ်းတွဲ၏ ဇာတ်လမ်းကို ယူကလစ်က ရေးသားထားပြီး မင်းဗေဒါ(ပွင့်ဖြူ)၊ ခင်အေးအေးဟန်တို့က ဇာတ်ညွှန်းရေးသားပေးထားကာ ဒါရိုက်တာသက်ဝေလင်းက KUNYAT Creation House ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

"ညီမအနေနဲ့ ရှေ့မှာရိုက်ထားတဲ့ မုန်းခွင့်ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်ထားပါတယ်။ အဓိကသရုပ်ဆောင်အနေနဲ့ပါဝင်ပြီး ရိုက်ကူးရတာ ပထမဆုံးအတွေ့အကြုံလဲဖြစ်တယ်။ နှစ်ယောက်စလုံးက အများကြီးလိုက်ဖက်ညီအောင်၊ ကာရိုက်တာမိအောင် ကြိုးစားပြီး ရိုက်ကူးသွားမှာပါ။ ရှေ့မှာရိုက်ထားတဲ့ ဇာတ်ကားကျတော့ ပေါ့ပေါ့ပါးပါးပဲ ရိုက်ခဲ့ရတာပေါ့။ ဒီဇာတ်ကားကတော့ အဓိကသရုပ်ဆောင်အနေနဲ့ ရိုက်ရတဲ့ဇာတ်ကားဖြစ်လို့ ပိုပြီး တာဝန်ကြီးပါတယ်။ မြန်မာယဉ်ကျေးမှုအကတွေလဲ ပါဝင်တဲ့ ဇာတ်ကားလေးပါ"ဟု သရုပ်ဆောင် နှင်းရတီထက်က ပြောပြသည်။



နွေဦးဒါန်း ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် Jared၊ နှင်းရတီထက်တို့နဲ့အတူ အနုပညာရှင်များပါဝင်မည်ဖြစ်ပြီး ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစ၍ မန္တလေးမြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ယူနီဗာဆယ်၏ The Odyssey ဇာတ်ကား၌ မင်းသမီး မိုင်ရာဂို့ ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၆**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Odyssey ဇာတ်ကား၌ မင်းသမီး မိုင်ရာဂို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

The Odyssey ဇာတ်ကားတွင် မင်းသမီး မိုင်ရာဂို့သည် မင်းသား မက်ဒါမွန်၊ တွမ်ဟော်လန်း၊ ဇန်ဒါးယားတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Odyssey ဇာတ်ကားကို ဂရိကဗျာဆရာကြီး ဟိုးမား၏ The Odyssey မော်ကွန်းကဗျာကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

The Odyssey ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ဒါရိုက်တာ ခရစ္စတိုဖာနိုလန်က ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ပေ။

သို့ရာတွင် အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# တေးသံရှင် မျိုးကျော့မြိုင်၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ Melodic Night တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ပြုလုပ်မည်




**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

တေးသံရှင် မျိုးကျော့မြိုင်၊ နေမင်းအိမ်၊ ဂျူဝယ်တို့၏ Melodic Night တေးဂီတဖျော်ဖြေပွဲကို Inya Lake Garden ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဂျူဝယ်က ပြောပြ၍ သိရသည်။

Melodic Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် Inya Lake Garden ၌ ဖေဖော်ဝါရီ ၂၈ ရက် ည ၇ နာရီတွင် ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Daily Gita Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်မည်ဖြစ်ကြောင်း သိရသည်။

"ကိုမျိုးကျော့၊ နေမင်းအိမ်တို့နဲ့ ဖေဖော်ဝါရီလရဲ့ နောက်ဆုံးညမှာ Inya Lake Garden မှာရှိပါမယ်။ ဆောင်း အငွေ့အသက်တွေကို သီချင်းငြိမ့်ငြိမ့်လေးတွေနဲ့ နှုတ်ဆက်ဖို့ Inya Lake Garden မှာ ဆုံကြပါစို့"ဟု တေးသံရှင် ဂျူဝယ်က ပြောပြ၍ သိရသည်။

ASH

# 231 more foreigners, who illegally entered Myanmar, exposed and detained


Members of a combined departmental team doing paperwork to transfer the victims of gambling frauds and online scams to the relevant countries.


Members of a combined departmental team collecting personal information and conducting documentation and recording processes.


Members of a combined departmental team collecting personal information and conducting documentation and recording processes.


Authorities are arranging to send back the victims of gambling frauds and online scams to the relevant countries.

**Nay Pyi Taw February 16**

The government of Myanmar is effectively crushing crimes including illegal online gambling frauds and online scams occurring at the border.

While launching its anti-crime campaigns, the government could expose and detain 231 more foreigners, who entered Myawady-Shwe Kokko and KK Park through illegal routes, and is collecting necessary personal information and conducting the documentation and recording process with combined departmental teams within a day to transfer the detainees to the relevant countries.

The government could expose and detain 1030 foreigner illegal migrants during the period from 30 January 2025 to 16 February, systematically transfer 61 of them to Thailand in line with legal procedures, and was ready to send the remaining 969 back to the relevant countries. According to the available information, they were kept in a good condition.

The following are the voices of the detained foreigners.

**Mr. Qian Le Ping (Chinese citizen)**



I came to Mongla from China on 12 March 2018 from the illegal route after I received a job offer letter, saying that I would be employed in Mongla and the salary would be high. In Mongla, I had to work at Yong Le Gong online game company of a Chinese man, Xiao Mu, for five years. I arrived at Shwe Kokko via Mongla on 3 December 2023. There I worked at an online computer and game advertising section of Hing Tu Guo Ji company of another Chinaman, Xiao Duo Duo, from noon to midnight every day. I was paid a monthly salary of 7000 Baht for three months. I did not receive any monthly salary for the remaining months.

**Mr. Zhuo Li (Chinese citizen)**



My job was to send scam messages from Jin Man Tang, a company owned by a Chinese person, and my working time was 16 hours per day. I worked there for about nine months. I was paid 5000 Baht for the first month, but did not receive any salary for the remaining months. To get to Shwe Kokko, I first went to Laos from China. From Laos, I traveled to Bangkok, Thailand, by car. With the help of a Thai driver, I went to Maesot from Bangkok. When in Maesot, I crossed a river by a motorized boat, and arrived at Shwe Kokko under the arrangements of a Thai. I started my journey after I received a contact from a Chinese citizen, I know well, through an online message, saying that I would get a job with 10,000 Yuan monthly salary. I was detained on 15 February.


The process of sending victims of gambling frauds and online scams back to the relevant countries in progress.

**Mr. Xu Yuan Shun (Chinese citizen)**



After I got an online contact from a Chinese citizen, I knew well, saying that I would be hired at a monthly salary of 12,000 Yuan per month, I arrived at Bangkok from China by air on 3 May 2024, From Bangkok, I was transported to Maesot by a Chinese driver the next day. I arrived in Maesot. From there I arrived at Shwe Kokko under the arrangement of a Thai. I had to cross a river to reach Shwe Kokko, where I was employed at a company owned by a Chinese person. I had to work for 16 hours a day, and my job was to find more workers for the company through an online scamming process. I received a monthly salary of Baht 2000, and I worked there for about nine months.

**Mr. Phimsanduk (Thai citizen)**



After I had completed my studies in electronics, I worked at my native town, Lam Phun. At that time, I received an online contact that offered a job with a high salary in Shwe Kokko from a woman I met on Facebook. She offered me a job to recruit staff online; and said that the salary would be 30,000 Baht per month. So, I started my journey from Lam Phun in Thailand by a passenger bus on 5 January 2025. On arrival at Maesot, a Thai man drove me to the bank of Thaungyin River. I crossed the river by a mechanized boat and when I reached the other bank a Chinese man took me by car to Hong Chu company in Shwe Kokko. I was arrested while learning computer science to work in the online game sector.

100

# Pwintphyu Township harvests over 1,800 acres of rain-fed pigeon peas


Farmers harvesting rain-fed pigeon peas.

**Pwintphyu February 16**

A total of 1,865 acres of pigeon peas planted in Pwintphyu Township, Magway Region during the rainy season have been harvested, according to the Department of Agriculture for Pwintphyu Township.

In Pwintphyu Township, 5,914 acres of pigeon peas were planted during the 2024 rainy season to ensure local food security and increase farmers' income. Local farmers began harvesting pigeon peas fields in December, and 1,865 acres of pigeon peas have been harvested to date.

"The pigeon peas fields have also been successful due to good rainfall. Local farmers have started harvesting pigeon peas fields since December, and 1,865 acres have been harvested to date. The yield is about 10.8 baskets of pigeon peas per acre. Currently, we are providing farmers with the necessary education to ensure that the harvested pigeon peas are stored in a good quality system and that the remaining pigeon peas fields are harvested in a timely manner to prevent a decrease in yield," said Daw Moe Moe Wai, head of the Department of Agriculture for Pwintphyu Township.

Ye Win Naing (NyaungU)

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Merchants from Kyaiklat Township dispatch 58,000 viss of freshwater crabs Yangon market

**Kyaiklat February 16**

Daw Win Win Thu, a fishery product trader from Kyaiklat Township of Ayeyawady Region, stated that in January 2024, only 45,000 viss of freshwater crabs were shipped to the Yangon market. However, from January 1 to 31, 2025, this figure increased to 58,000 viss. These crabs were purchased by buyers in the Yangon market.

"Kyaiklat Township sells fishery products, including crabs, to the Yangon market. Over the past month, we have been able to supply up to 58,000 viss of freshwater crabs to Yangon. These crabs are caught from freshwater fields before being sent to the market. Currently, Yangon buyers are actively purchasing the fishery products being shipped from here. The rising demand for crabs in both domestic and international markets has led to increased trade activity. With strong demand, fishery business owners have been able to expand their operations," said Daw Win Win Thu.

Additionally, it was reported that seafood, including crabs from Kyaiklat Township, continues to be sold in Yangon. The market price for 10 viss of freshwater crabs has reached up to K105,000. Due to the strong demand, fishermen, traders, and freight transport operators have all benefited from increased business opportunities.

Kyaw Kyaw Lin


Freshwater crabs.

# White lima bean market thrives in Myaungmya Township

**Myaungmya February 16**

The white lima bean (large flat variety) market in Myaungmya Township of Ayeyawady Region is thriving due to increasing demand, according to Daw Thuza Win, a local legume trader.

Since the third week of January 2025, the demand for white lima beans has been strong in Myaungmya's legume trading market. The rising demand is attributed to bulk purchases from the Yangon domestic market.

"In the local market, white lima beans are currently in higher demand compared to other legumes. The buying trend started in the second week of this month. The Yangon market has been purchasing large quantities, boosting overall trade. Domestic demand is increasing as related industries resume operations. As a result, those who have stored white lima beans are now benefiting," said Daw Thuza Win.

In Myaungmya Township's legume trading market, white lima beans are currently priced at K165,000 per bag. The increasing demand is also providing economic opportunities for traders, storage owners, transport operators, and labourers.

Kyaw Kyaw Lin

# Monywa Township completes cultivation of more than 7,000 acres of winter crops

**Monywa February 16**

According to statistics from the Monywa Township Agriculture Department, a total of 7,930 acres of vegetables and other crops have been cultivated during the winter planting season in Monywa Township, Sagaing Region.

For the 2024-2025 winter season, the target was set at 7,950 acres, and cultivation began in October 2024. As of today, 7,930 acres have been successfully planted.

"Monywa Township had planned to cultivate 7,950 acres of vegetables during this winter season, and as of today, 7,930 acres have been completed against the target cultivation. The crops include mustard, chilli, aromatic herbs, potatoes, cabbage, eggplants, and radishes. Farmers are being provided with technical support to ensure all crops are grown under the Good Agricultural Practices (GAP) system. Moreover, they are being guided on minimizing the residue of chemical fertilizers and pesticides to promote healthy and sustainable farming," said U Soe Thet Aung, head of the Monywa Township Agriculture Department.

To support vegetable farmers, the Monywa Township Agriculture Department is conducting GAP training sessions and providing technical assistance to ensure the harvested produce meets health and safety standards. Efforts are also being made to encourage farmers to expand their cultivation.

Every year, Monywa Township engages in seasonal vegetable farming, which has proven to be a successful source of income for many families. The Agriculture Department continues to educate farmers on proper planting techniques, pest control, and the use of organic fertilizers and natural pesticides to enhance sustainable and eco-friendly farming practices.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန် OSA အစီအစဉ်အောက်ရှိနိုင်ငံများက ဂျပန်ထုတ် အရပ်ဘက်၊ စစ်ဘက်သုံးဒရုန်းများဝယ်ယူရန် စိတ်ဝင်စားလျက်ရှိ




ဂျပန်နိုင်ငံ၏တရားဝင်လုံခြုံရေးအကူအညီအစီအစဉ် (OSA)အောက်ရှိ နိုင်ငံများသည် ဂျပန်နိုင်ငံထုတ် အရပ်ဘက်၊ စစ်ဘက်သုံးဒရုန်းများကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ဂျပန်နိုင်ငံကို ၎င်းဒရုန်းများ တင်ပို့ရောင်းချရန် တွန်းအားဖြစ်စေလျက်ရှိကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံသည် ဒရုန်းများ၏ စွမ်းဆောင်ရည်များနှင့် ပတ်သက်၍ ပြည်တွင်းကုမ္ပဏီများထံမှ သတင်းအချက်အလက်စုဆောင်းနေပြီး မည်သည့်ဒရုန်းများကို စစ်ဘက်ဆိုင်ရာ အကူအညီပေးရေးပက်ကေ့ချ်တွင် ထည့်သွင်းပေးနိုင်သည်ကို ဆုံးဖြတ်ချက်ချမှတ်ပေးရန်အတွက် OSA အစီအစဉ်အောက်ရှိ နိုင်ငံများနှင့် ဆက်လက် ဆွေးနွေးနေဆဲဖြစ်သည်။

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဧပြီလမှစတင်၍ လာမည့်ဘဏ္ဍာနှစ်အတွက် OSA ဘတ်ဂျက်ကိုအမေရိကန်ဒေါ်လာသန်း ၂၀ ခန့်မှ ၅၃ သန်းခန့်ထိ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့ပြီးဖြစ်သည်။ အကယ်၍ အတည်ပြုချက်ရမည်ဆိုပါက ၎င်းသည် ဒရုန်းများဝယ်ယူရန် စိတ်ဝင်စားမှုပြသထားသော အဖွဲ့ဝင်နိုင်ငံများနှင့် အနာဂတ်တွင် ထပ်မံတိုးချဲ့လုပ်ဆောင်ပေးနိုင်ရန် အဆင်ပြေစေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

"မောင်းသူမဲ့လေယာဉ်တွေ၊ ဒရုန်းတွေနဲ့ ဆက်စပ်ပစ္စည်းတွေအပါအဝင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ဒရုန်းနဲ့စက်ပစ္စည်းလိုအပ်ချက်တွေကိုဆွေးနွေးဖို့ ကျွန်တော်တို့ စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ ဘာမှမဆုံးဖြတ်ရသေးပါဘူး"ဟု အမည်မဖော်လိုသည့် အစိုးရအရာရှိတစ်ဦးက The Japan Times သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒေသတွင်းတွင် တရုတ်နိုင်ငံ၏စစ်ရေးလှုပ်ရှားမှုများ တိုးမြင့်လာမှုကို တုံ့ပြန်သည့်အနေဖြင့် ဂျပန်နိုင်ငံသည် တရားဥပဒေစိုးမိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တာဝန်များကို အခြေခံ၍ ငြိမ်းချမ်းရေးကိုအာမခံသည့် လှုပ်ရှားမှုများတွင် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို စိတ်တူသဘောတူနိုင်ငံများကြား အားကောင်းစေရန် OSA အစီအစဉ်ကို ၂၀၂၃ ခုနှစ် ဧပြီလတွင် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် Official Development Assistance (ODA)၊ တိုကျို၏ လူမှုရေးနှင့် စီးပွားရေးအကူအညီအစီအစဉ်အောက်တွင် ခွင့်မပြုထားသောကာကွယ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ ထောက်ပံ့ရောင်းချရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီများ ပေးအပ်နိုင်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ OSA ပထမဆုံး အဖွဲ့ဝင်နိုင်ငံများတွင် တောင်တရုတ်ပင်လယ်၏ အချို့အစိတ်အပိုင်းများ နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရုတ်နှင့် နယ်မြေအငြင်းပွားလျက်ရှိကြသည့် ဖိလစ်ပိုင်နှင့် မလေးရှားတို့ ပါဝင်ကြောင်း သိရသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နှင့် ဖီဂျီနိုင်ငံသည် ၎င်းတို့၏ မဟာဗျူဟာမြောက် တည်ရှိနေမှုများကြောင့် လုံခြုံရေးအကူအညီများ ဂျပန်နိုင်ငံထံမှ ရရှိခဲ့သည်။

၂၀၂၅ ခုနှစ်တွင် ဗီယက်နမ်၊ ဂျီဘူတီနှင့် မွန်ဂိုလီးယားနိုင်ငံတို့ OSA အစီအစဉ်အောက်ရှိ အဖွဲ့ဝင်နိုင်ငံများစာရင်းတွင် ထပ်တိုးလာကာ အင်ဒိုနီးရှားနှင့်ပါပူဝါနယူးဂီနီနိုင်ငံသည်လည်း အလားအလာရှိသောနိုင်ငံများ ဖြစ်လာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**Japan Eyes Drone Exports Amid Asian Allies' Interest** ကို ဘာသာပြန်ဆိုထားပါသည်။

## အင်ဒိုနီးရှားတွင် UAVထုတ်လုပ်ရေးစက်ရုံ ဖက်စပ်တည်ထောင်ရန် တူကီယဲနှင့်အင်ဒိုနီးရှား လက်မှတ်ရေးထိုး

တူကီယဲနိုင်ငံ ဒရုန်းထုတ်လုပ်ရေးထိပ်တန်းကုမ္ပဏီ Baykar သည် အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Republikorp နှင့် အင်ဒိုနီးရှားနိုင်ငံတွင် ခေတ်မီမောင်းသူမဲ့လေယာဉ် (UAV) ထုတ်လုပ်ရေးစက်ရုံ ဖက်စပ်တည်ထောင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း Army Recogniton သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါသဘောတူညီချက်သည် နှစ်နိုင်ငံကြားကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ မောင်းသူမဲ့လေယာဉ် ဖက်စပ်ထုတ်လုပ်ရေးလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းအနေဖြင့် အဆင့်မြင့်နည်းပညာစွမ်းရည်များမြှင့်တင်ရန် ကျယ်ကျယ်ပြန့်ပြန့် ကြိုးပမ်းလုပ်ဆောင်လာခြင်းလည်းဖြစ်သည်။ သဘောတူညီချက်တွင် Baykar ကုမ္ပဏီ၏ အဆင့်မြင့်ဆုံးဖြစ်သည့် Bayraktar TB3 နှင့် Akıncı ဒရုန်းများ ပူးပေါင်းထုတ်လုပ်ရန် ပါဝင်သည်။ အဆိုပါဒရုန်းများကို အင်ဒိုနီးရှားနိုင်ငံတွင် ထုတ်လုပ်မည်ဖြစ်ပြီး နည်းပညာလွှဲပြောင်းမှုနှင့်အတူ အင်ဒိုနီးရှား၏ ကာကွယ်ရေး ကုန်ထုတ်လုပ်မှုကဏ္ဍကို ပိုမိုခိုင်မာ အားကောင်းစေမည်ဖြစ်သည်။ ထို့ပြင် တူကီယဲ Baykar ကုမ္ပဏီသည် အဆိုပါဒရုန်းများကို အင်ဒိုနီးရှား နိုင်ငံသို့ ရောင်းချပေးသွားမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်း ဒရုန်းစက်မှုလုပ်ငန်းတွင် အဓိကကျသောနိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း အင်ဒိုနီးရှားနိုင်ငံသည် တူကီယဲထုတ် စစ်လက်နက်ပစ္စည်းများအပေါ် စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အင်ဒိုနီးရှားအစိုးရသည် စစ်ဘက်အဆင့်မြင့်တင် ခေတ်မီရေးအစီအစဉ်၏တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်ဒေါ်လာသန်း ၃၀၀ ခန့်တန်ဖိုးရှိသော တူကီယဲနိုင်ငံထုတ် ဒရုန်း ၁၂ စင်းကို ဝယ်ယူခဲ့ပြီးဖြစ်သည်။ Bayraktar TB3 ဒရုန်းသည် Baykar ကုမ္ပဏီထုတ် အဆင့်မြင့်မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ် ဖြစ်ကြောင်း သိရသည်။



ရေတပ် စစ်ဆင်ရေးအတွက် ဒီဇိုင်းထုတ်ထားသည့် TB3 ဒရုန်းတွင် ခေါက်နိုင်သောတောင်ပံများပါရှိပြီး လေယာဉ်တင်သင်္ဘောများနှင့် ကုန်း၊ ရေ နှစ်သွယ်သုံး ချေမှုန်းရေးစစ်ရေယာဉ်များကဲ့သို့သော ပြေးလမ်းတိုသာ အသုံးပြုနိုင်မည့် စစ်ရေယာဉ်များပေါ်မှနေ၍ တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ ဤစွမ်းရည်သည် ကျယ်ပြန့်သော ရေကြောင်းလုံခြုံရေး လိုအပ်ချက်များရှိသည့် ကျွန်းစုနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံအတွက် အထူးတန်ဖိုးရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် မောင်းသူမဲ့လေယာဉ်ထုတ်လုပ်ရေးစက်ရုံ တည်ထောင်၍ ဖက်စပ်ပူးတွဲထုတ်လုပ်ရန် သဘောတူညီချက်သည် နှစ်နိုင်ငံစလုံးအတွက် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်ကို ကိုယ်စားပြုနေသည်။ အင်ဒိုနီးရှားနိုင်ငံအတွက် နောက်ဆုံးပေါ် ဒရုန်းနည်းပညာကို လက်လှမ်းမီစေပြီး နိုင်ငံခြားတင်သွင်းမှုအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း တူကီယဲနိုင်ငံအတွက် ကမ္ဘာ့ထိပ်တန်း ဒရုန်းတင်ပို့သူအဖြစ် ၎င်း၏ ရပ်တည်ချက်ကို ခိုင်မာအားကောင်းစေပြီး အရှေ့တောင်အာရှဒေသတွင်း စစ်လက်နက်ပစ္စည်းဈေးကွက်တွင် ထပ်မံချဲ့ထွင်လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

တူကီယဲ Baykar နှင့် အင်ဒိုနီးရှား Republikorp ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေးဆိုင်ရာ သဘောတူညီချက် တစ်ခုမျှသာမက အင်ဒိုနီးရှားနိုင်ငံအတွက် ကာကွယ်ရေးပစ္စည်းများ ကိုယ်ပိုင်ထုတ်လုပ်နိုင်မှုအပါအဝင် တူကီယဲနိုင်ငံနှင့် ပိုမိုခိုင်မာသော နှစ်နိုင်ငံဆက်ဆံရေးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်စေမည် ဖြစ်ကြောင်း သိရသည်။

**Türkiye signs agreement with Indonesia to locally produce Bayraktar TB3 and Akıncı aerial drones** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကလေးမြို့နယ်တွင် ကြက်သွန်နီ ၂၆၅၁ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကလေး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၆၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၂၃၁၉ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၆၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း ကြက်သွန်နီ ၂၃၁၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ကြက်သွန်နီ ၂၆၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်ရှိ ကြက်သွန်နီ စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီကို ကြာရှည်စွာ ထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေး ကောင်းမွန်စေရန် အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကြက်သွန်စိုက်တောင်သူများ အနေဖြင့် ကြက်သွန်နီတစ်ဧက စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်း ခန့်ကုန်ကျပြီး တစ်ဧကလျှင် ကြက်သွန်နီ ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဖေဖော်ဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးမုတ်ပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ ငါးမုတ်ပိဿာချိန် ၇၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးမုတ်များကို ပြည်တွင်းဈေးကွက်က ဝယ်ယူမှု များပြားလာခြင်းကြောင့် တင်ပို့မှုအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ်မှ ရေထွက်ကုန်တွေထဲမှာ ငါးမုတ်တွေ ပိုမိုတင်ပို့ရောင်းချအား ကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငါးမုတ်ပိဿာချိန် ၇၇၀၀၀ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်မှာက ငါးမုတ်တွေ အဝယ်လိုက်လာလို့ တင်ပို့အား တက်ခဲ့တာပါ။ ဒေသပွဲရုံတွေဆီ ငါးမုတ်တွေ ပုံမှန် ဝင်ရောက်နေပါတယ်။ ပွဲရုံတွေဆီ ဝင်လာတဲ့ ငါးမုတ်တွေကလဲ လတ်ဆတ်မှုရှိပါတယ်။ တင်ပို့မှု အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေနေတာတွေ့ရပါတယ်။ ဒီဘက်ဒေသက ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ခိုင်က ပြောပြ၍ သိရသည်။



ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချပြီး လက်ရှိ ငါးမုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပြည်မြို့နယ်ရှိ နဖားအင်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နဖားအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့်အတူ နဖားအင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပြည်မြို့နယ် နဖားအင်းကျေးရွာ၌ လမ်းအရှည် ပေ ၂၀၀၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း၊ တစ်နာရီ ရေသန့် ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၆ ဒသမ ၅ သန်းဖြင့် ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။ **ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၆-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# လယ်ယာသုံးစက်ကိရိယာပစ္စည်းများအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

လယ်ယာသုံး စက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကျင်းပသည့် တပေါင်းကွင်းယာယီကွပ်ကဲရေးရုံး၌ကျင်းပသည်။

အစည်းအဝေးသို့အသေးစား၊အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ စက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် ပစ္စည်းတစ်ခုချင်းစီ၏ အရည်အသွေးများကို သတ်မှတ်ရမည်ဖြစ်ပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် ထုတ်လုပ်မှုကျင့်စဉ်များကိုလည်း လိုက်နာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာသုံး စက်ပစ္စည်းကိရိယာများကို အဆင့်မြှင့်တင် ထုတ်လုပ်နိုင်ရေးအတွက် ထုတ်လုပ်သူများ အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည့်အပြင် ဝန်ကြီးဌာနများကလည်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မည့်စက်ပစ္စည်းတစ်ခုချင်းစီ၏ ပုံစံဒီဇိုင်း၊ ထုတ်လုပ်မှုနည်းစဉ်၊ အသုံးပြုမည့်ကုန်ကြမ်းစသည်တို့ကို စနစ်တကျသတ်မှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အရည်အသွေးကောင်းမွန်စေရေးအတွက် အရည်အသွေးအာမခံစနစ်များ ထူထောင်ထားရှိရမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စပါးများစိုက်ပျိုးရာတွင် ကြဲပက်သည့်စနစ်နှင့်အစေ့ချစိုက်ပျိုးသည့်စနစ်တို့သည် အထွက်နှုန်းတူညီမှုမရှိပါကြောင်း၊ထို့ကြောင့် အထွက်နှုန်းပိုမိုကောင်းမွန်သည့် အစေ့ချစိုက်ပျိုးသည့်စနစ်၊ ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊သီးနှံများလေလွင့်ဆုံးရှုံးမှုနည်းပါးစေရေးအတွက် အချိန်မီရိတ်သိမ်းနိုင်ရေးကိုလည်း စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများသည် ဒေသနှင့်ကိုက်ညီမှုရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက လယ်ယာသုံးစက်ပစ္စည်းကိရိယာများထုတ်လုပ်ရာတွင် အသုံးပြုရမည့် ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သံ၊ သံမဏိတို့တွင်ပါဝင်သည့် ဓာတုနှင့်ရုပ်ဂုဏ်သတ္တိများ၊ အရည်အသွေးများ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာဝန်ဆောင်မှုအသင်းများ ဖွဲ့စည်း၍ ပံ့ပိုးမည့်အခြေအနေ၊မြေပြုပြင်ရန်လိုအပ်မှု၊ အရင်းအနှီး၊သွင်းအားစုများဖြည့်ဆည်းပေးမည့်အခြေအနေ၊ ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိရေးအတွက် စိုက်နည်းစနစ်မှန်ကန်စေရေး အသိပညာပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်မည့်အခြေအနေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်လုပ်ထားရှိသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၌ ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဖွဲ့စည်းထားရှိသည့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအလိုက် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည့်ဝန်ကြီးဌာနမှဝန်ထမ်းများနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ ရုပ်ရှင်ပညာရပ်ဆိုင်ရာစာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ရုပ်ရှင်ပညာရပ်ဆိုင်ရာစာအုပ်ပေါင်း ၂၈၁ အုပ် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်တောင်ပိုင်းရှိ အဆိုပါ တက္ကသိုလ်စာကြည့်တိုက်၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ယဉ်ကျေးမှု) ဒေါ်နုမြဇံ တက်ရောက်လက်ခံသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက လှူဒါန်းခဲ့သည့် စာအုပ်များသည်အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)စာကြည့်တိုက်တွင် အထူးစာစု(Special Collection)အဖြစ် စုဆောင်းထိန်းသိမ်းထားရှိမည်ဖြစ်ပြီး ရုပ်ရှင်နှင့်ပြဇာတ်ပညာရပ်ကို တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် အကျိုးများသော စာအုပ်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အဆိုပါစာအုပ်များသည် သင်ကြားရေးကို အထောက်အကူပြုခြင်းသာမက စာတမ်းများပြုစုရာတွင် အထောက်အကူရရှိခြင်း၊ ပညာဗဟုသုတလေ့လာဆည်းပူးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများလည်း ရရှိမည်ဖြစ်ပါကြောင်းဖြင့် မှဒိတာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက စာအုပ်လှူဒါန်းခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)ပါမောက္ခချုပ် ဒေါက်တာကေသီထွေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စာအုပ်များ ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးနှင့် ပါမောက္ခချုပ်တို့ကလက်ခံပြီး ဒုတိယဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ အခမ်းအနားသို့တက်ရောက်လာသူများနှင့် စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်နှင့်ပတ်သက်သည့်စာအုပ်များဖြစ်သော Motion Picture ဆိုင်ရာ ၇၃ အုပ်၊ Directing ပညာရပ်ဆိုင်ရာ ခြောက်အုပ်၊ Editingဆိုင်ရာ သုံးအုပ်၊ Script writingဆိုင်ရာ နှစ်အုပ်၊Production ဆိုင်ရာ နှစ်အုပ်၊ Photography ဆိုင်ရာ ၁၆ အုပ်၊ Biography ဆိုင်ရာ ၅၈ အုပ်၊ Encyclopedia နှင့် Dictionary သုံးအုပ်၊ Film music ၁၁ အုပ်၊ Techniques ၄၄ အုပ်၊Theatre နှစ်အုပ်၊ Shooting တစ်အုပ်၊ Censor တစ်အုပ်၊ Novel အုပ် ၃၀၊ History နှစ်အုပ်၊General ၂၇ အုပ် စုစုပေါင်း ၂၈၁အုပ်ကိုလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ မအူပင်မြို့နယ်ရှိ ပြည်သူ့ဆေးရုံများနှင့် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းဆောင်ရွက်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ အပါအဝင် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုကြိုးစားအားထုတ်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ်ကုသရေးဦးစီးဌာနမှူးက ဆေးရုံလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်လိုအပ်ချက်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး (ရောဂါကာကွယ်နှိမ်နင်းရေး) က ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ အသေးစိတ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကာ တာဝန်ကျဆရာဝန်များ၊ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများနှင့်တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားသည်။

ယင်းနောက် ပန်းတနော်မြို့နယ်အတွင်း မြို့ကွက်သစ် အရှေ့ပိုင်းရပ်ကွက်(၁)နှင့် ဆက်စပ်ကျေးရွာများမှ ပြည်သူများကို တာရှည်ခံဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးနှင့် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပန်းတနော်မြို့မှ မအူပင်မြို့သို့ ဆက်လက်ထွက်ခွာပြီး ပြည်သူ့ဆေးရုံကြီး မအူပင်မြို့မှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သောဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်းကိရိယာများ ပြတ်လပ်မှုမရှိစေရေး ဖြည့်ဆည်းပေးရန်၊ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးရန်တို့ကိုမှာကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံတက်ရောက်ကုသနေသော လူနာများကို အားပေးစကားပြောကြားသည်။

ညနေပိုင်းတွင် မအူပင်ခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်မှုများ ပြုလုပ်ရန်အတွက် လိုအပ်သောလူအင်အားနှင့်စက်ပစ္စည်းကိရိယာများကို ဦးစီးဌာနက ပံ့ပိုးကူညီနိုင်ရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**













ရှေ့ဖုံးမှအဆက်

သိရှိလိုသမျှ ရှင်းလင်းဖြေကြားပေးလျက်ရှိပြီး လာရောက်လေ့လာဝယ်ယူသူများ များပြားသည့်အတွက် အချို့ဒေသထုတ်ကုန်၊ထွက်ကုန်ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း ပြခန်းတာဝန်ရှိသူများထံမှ သိရသည်။

အလားတူ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်း၊ စက်မှုဝန်ကြီးဌာန၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)နှင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က စားသောက်ကုန်ပစ္စည်းများနှင့်လူသုံးကုန်ပစ္စည်းများကို အထူးဈေးနှုန်းဖြင့် ချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် လာရောက်ဝယ်ယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထွက်ရှိသည့် ဒေသအလိုက်အစားအစာများ၊ ရိုးရာအစားအစာများကိုလည်း တိုင်းရင်းသားရိုးရာအစားအစာ အရောင်းပြခန်းများ၌ ပြည်သူများ စိတ်ကြိုက်ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာရောင်းချပေးလျက်ရှိသည့်အတွက် ဝယ်ယူစားသုံးသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိပြီး တိုင်းရင်းသား ရိုးရာအစားအစာများသည် ပြတ်လပ်သည်အထိ ရောင်းချရသည်ကို တွေ့ရသည်။

ပြပွဲရက်များအတွင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကိုယ်စားပြုပြခန်းသည် ဆန်၊ ဆီနှင့်ကုလားပဲတို့ကိုနေ့စဉ်ဝေငှပေးလျက်ရှိပြီး ယနေ့တွင်လည်း ပွဲတော်လာပြည်သူအများအပြား စီတန်းရယူလျက် ရှိသည်ကိုလည်း တွေ့ရသည်။

ယနေ့သည် ပြပွဲကျင်းပသည့် နောက်ဆုံးရက်ဖြစ်သည့်အတွက် MSME လုပ်ငန်းရှင်များသည် MSMEလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှု၊သက်ဆိုင်ရာဝန်ကြီးဌာနများ၏ One Stop Services များရယူနိုင်ရေးတို့ကို ကြိုးပမ်းချိတ်ဆက် ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

ညပိုင်းတွင် ပြပွဲလာပြည်သူများအေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ပြည်သူအကြိုက် တေးသီချင်းများဖြင့် မြူးကြွစွာသီဆိုကပြဖျော်ဖြေတင်ဆက် ခဲ့ကြပြီး ပြည်သူများသည် တစ်ဦးချင်းအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘာအေးစာပုံနှိပ်တိုက်တွင် ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ ကမ္ဘာအေးစာပုံနှိပ်တိုက်သို့ရောက်ရှိပြီး ပညာရေးဝန်ကြီးဌာနက ပုံနှိပ်ရန်အပ်နှံထားသော ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသုံးဖတ်စာအုပ်များ ပုံနှိပ်ချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်စက်များ လည်ပတ်နေမှု၊ အဆင့်ဆင့်ဆောင်ရွက်နေသော စာအုပ်ချုပ်လုပ်ငန်းများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုစစ်ဆေးပြီး သာသနာရေးဦးစီးဌာန၏ မူလလုပ်ငန်းများဖြစ်သော သာသနာရေးဆိုင်ရာစာအုပ်များ ရိုက်နှိပ်နေမှု၊ ချုပ်လုပ်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနက အပ်နှံသည့် ကျောင်းသုံးဖတ်စာအုပ်များကို ပုံနှိပ်ရာတွင် ကျောင်းသုံးဖတ်စာအုပ်များ၏ အရည်အသွေးကောင်းမွန်ရေးအတွက် သတ်မှတ်ထားသည့် စက္ကူ၊ အပြင်အဆင် စာအုပ်အရွယ်အချိုးအစားများ မှန်မှန်ကန်ကန်ဖြစ်စေရေး ပညာရေးဝန်ကြီးဌာနသို့ ပေးပို့အပ်နှံရမည့် အချိန်ကာလအမီ ဝန်ထမ်းများအဆင့်ဆင့်က အလေးအနက်ထားကာ ကြပ်မတ်စိစစ်ဆောင်ရွက်ရေးနှင့် လုပ်ငန်းဆိုင်ရာ စာရင်းဇယားများကို သတ်မှတ်ချက်များအတိုင်း ပြည့်စုံအောင် ပြင်ဆင်ဆောင်ရွက်ရေး၊ သတ်မှတ်ကာလအလိုက် အချိန်မီပြီးစီးစေရေးကို ကြိုးစားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ်နှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယမန်နေ့နံနက်ပိုင်းက ရန်ကင်းပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆရာ၊ ဆရာမများဖြစ်လာပါက အပြုအမူ၊ အပြောအဆိုနှင့် စည်းကမ်းလိုက်နာမှုတွင် ကျောင်းသား၊ ကျောင်းသူများအတွက် စံပြဖြစ်ရန်လိုပါကြောင်း၊ စာသင်ကောင်းသော ဆရာ၊ ဆရာမများဖြစ်ရန် ဘာသာရပ်ပိုင်းဆိုင်ရာတတ်ကျွမ်းမှု လိုအပ်သကဲ့သို့ သင်ပြနည်းများ၊ ပညာရေးစိတ်ပညာ၊ ပညာရေးသဘောတရားများကို နားလည်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူများကို တိုင်းချစ်ပြည်ချစ်စိတ်နှင့် စစ်မှန်သည့် မျိုးချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များကို မြေပြင်ကွင်းဆင်းလေ့လာကာ လိုအပ်သည်များကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ အင်္ဂလိပ်စာပါရဂူဘွဲ့ရ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ အင်္ဂလိပ်စာ သဒ္ဒါ(Grammar)ကို မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်သင်ကြားနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားအနုပညာပြတိုက်(ချင်းချောင်းနန်းတော်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဖေဖော်ဝါရီ ၁၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယနေ့မွန်းလွဲပိုင်းတွင် ကမ္ဘာအေးစေတီလမ်းရှိ အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့်(ချင်းချောင်းနန်းတော်) ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။


ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်နှင့် အမျိုးသားကဇာတ်ရုံတို့ အသီးသီးတည်ထောင်ပြီးဖြစ်သော်လည်း အမျိုးသားအနုပညာပြတိုက် တစ်ခုသာ တည်ထောင်ရန် ကျန်ရှိနေသေးသဖြင့် အမျိုးသားအနုပညာပြတိုက် တည်ထောင်ဖွင့်လှစ်နိုင်ရန် ၂၀၁၈ ခုနှစ်မှ စတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ အမျိုးသားအနုပညာပြတိုက် တည်ဆောက်မည့်နေရာကို ပန်းချီဆရာကြီးများ၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းချက်အရ ဤကမ္ဘောဇရိပ်သာ(ချင်းချောင်းနန်းတော်)ကို ညွှန်းဆိုဆွေးနွေးခဲ့ကြ၍ ဤအဆောက်အအုံအား အမျိုးသားအနုပညာပြတိုက်အဖြစ် တည်ထောင်ဖွင့်လှစ်ရန် စီမံကိန်းရေးဆွဲပြီး ပြခန်းဖွဲ့စည်းပုံများပါ ထည့်သွင်းရေးဆွဲကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ M.I.E. G Co., Ltd. သို့ လုပ်ငန်းအပ်နှံလျက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက် (ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်နန်းလောဝ်ငင်းက အမျိုးသားအနုပညာပြတိုက် (ချင်းချောင်း) ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြင်ဆင်ပြီးပါက ခင်းကျင်းပြသွားမည့်စီမံချက်၊ လျာထားချက်များနှင့် ပတ်သက်၍လည်းကောင်း၊ အနုပညာဦးစီးဌာန ဇာတ်ရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးရာထန်းလျန်က ချင်းချောင်းနန်းတော်အတွင်း ဘွဲ့လွန်မြန်မာပြက္ခဒိန်ပညာ ဒီပလိုမာသင်တန်းနှင့် နက္ခတာရာကြည့်ပြခန်း၊ ပြက္ခဒိန်ပညာဆိုင်ရာ စာကြည့်တိုက်တို့ ဖွင့်လှစ်နိုင်ရေးတို့ကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမျိုးသားအနုပညာပြတိုက်အဖြစ် ဆောင်ရွက်သွားမည့် ကမ္ဘောဇရိပ်သာ (ချင်းချောင်းနန်းတော်)အတွင်း ပြုပြင်၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပုလဲမွေးမြူထုတ်လုပ်ရေးကျွန်းများ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဝါးအလယ်ကျွန်းရှိ သဘာဝအခြေခံခရီးသွားလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ် လန်ပိကျွန်းရှိ မကြုံဂလက် ဆလုံတိုင်းရင်းသားကျေးရွာသို့သွားရောက်၍ ဒေသခံဆလုံတိုင်းရင်းသားများနှင့်တွေ့ဆုံပြီး လန်ပိကျွန်းနှင့် ပတ်ဝန်းကျင်ဒေသသည် ဆလုံတိုင်းရင်းသားများ၏ လူနေမှုနှင့် ယဉ်ကျေးမှုဓလေ့များ၊ သန္တာကျောက်တန်းများ၊ ပင်လယ်မြက်ခင်းများ၊ သဘာဝတောတောင်များဖြင့် သာယာလှပသောနေရာတစ်ခုဖြစ်ပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် အရေးပါသော နေရာတစ်ခုဖြစ်ကြောင်း၊ ဒေသခံများနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်ပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြရန် မှာကြားကာ ဆလုံတိုင်းရင်းသားအိမ်ထောင်စုများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဆန်၊ ဆီ၊ စာသင်ကြားမှု အထောက်အကူပြုပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်တည်ထောင်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့နယ် ဂျလန်းကျွန်းရှိ အရှေ့တိုင်းပုလဲကုမ္ပဏီနှင့် စိန့်လုခ်ကျွန်းရှိ မြန်မာအန်ဒါမန်ပါးလ် ကုမ္ပဏီသို့ သွားရောက်၍ မုတ်ကောင်သားဖောက်မွေးမြူမှုနှင့် ဝတ်ဆံသွင်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပုလဲထုတ်လုပ်မှု တိုးတက်လာစေရေးအတွက် မုတ်ကောင်သားဖောက်ခြင်းမှ ပုလဲဖော်ခြင်းအထိ လုပ်ငန်းစဉ်အလိုက် အထူးအလေးထားဆောင်ရွက်သွားရန်နှင့် မုတ်ကောင်သားဖောက်ရှင်သန်မှုမြင့်မားစေရေး၊ ဝတ်ဆံမြုပ်မုတ်ကောင် ရာခိုင်နှုန်းတိုးတက်လာစေရေး၊ ဖော်ယူရရှိသော ပုလဲများ၏ အရည်အသွေးမြင့်မားစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာစံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code – 2025)အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် MNBC–2025 ဆပ်ကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်ဆန်း၊ တာဝန်ရှိသူများနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပြုစုပြီးဖြစ်သည့် MMBC–2024 English နှင့် Myanmar Version မူကြမ်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက အသေးစိတ်အချောသပ်ညှိနှိုင်းပေါင်းစပ်ပြီး MNBC–2024 ထုတ်ပြန်နိုင်ရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ကြပါကြောင်း၊ သို့သော်လည်းသက်ဆိုင်ရာပညာရပ်အလိုက်၊ ကဏ္ဍအလိုက် ပိုမိုပြည့်စုံစေရန် အချက်အလက်များ စုဆောင်းပြုစုတည်းဖြတ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများကို သဘောထားမှတ်ချက် ပြန်လည်တောင်းခံ၍ အပြီးသတ်ရရှိလာသည့် လမ်းညွှန်ချက်များကို ထုတ်ဝေရမည်ဖြစ်သည့်အတွက် MNBC–2024 အစား MNBC–2025 အနေဖြင့် ပြင်ဆင်ထုတ်ဝေမည်ဖြစ်ပါကြောင်း။

MNBC–2025 ရှေ့တွင် Code Management Scheme ထည့်လျှင် ပို၍သင့်တော်မည်ဖြစ်ပါကြောင်း၊ MNBC–2025 Code ထွက်၍ ထုတ်ဝေပြီးပါက အသိပညာပေးဆွေးနွေးပွဲများ လုပ်ဆောင်ရန်၊ သုံးစွဲသူများ၏ အကြံပြုဆွေးနွေးချက်များကို လက်ခံပေးရန် အကြံပြုချက်များကို စုစည်း၍ ပြန်လည်သုံးသပ်မှုများ ပုံမှန်လုပ်ဆောင်သွားရန်နှင့် ကြားကာလပြင်ဆင်ခြင်းများ လိုအပ်ပါကလည်း ထည့်သွင်းသွားကြရန် ဖြစ်ပါကြောင်း၊ Version အသစ်ပြင်ဆင်နိုင်ရန်အတွက် အသေးစိတ်အချက်အလက်၊ အစီအစဉ်များကို Code Management တွင် အကုန်ထည့်ပေးပြီး အပိုင်းလိုက်တာဝန်ယူမည့်အစီအစဉ်များကိုပါ ထည့်သွင်းရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ရှိရေးဆွဲဆောင်ရွက်နေမှု၊ လုပ်ငန်းကော်မတီအစည်းအဝေး (၃/၂၀၂၄)၏ အစည်းအဝေးဆုံးဖြတ်ခဲ့မှုများ၊ ထပ်မံဖြည့်စွက်လိုသည့်အချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့(၃)က ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်၊ မြေနန်းပြာသာဒ်ဆောင်နှင့် ဘမရာသနပလ္လင်ဆောင်များပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်ပြုပြင်ရာ၌အသုံးပြုမည့်မြန်မာမှုလက်ရာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လက်ရာလက်သား ကောင်းမွန်စေရေး၊ အချိန်မီပြီးစီးစေရေး၊ ရှေးမူလက်ရာမပျက် ထိန်းသိမ်းဆောင်ရွက်ရေးနှင့် အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ သုံးစွဲစေရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၉၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၃ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၉၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊ မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့် အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါ ယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကိုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို စားသောက်ဖွယ်ရာများ ပေးဝေပြီး သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့်စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ကျောက်မီးသွေးများကို ပြည်ပမှ တင်သွင်းခွင့်ပြုမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ပမှတင်သွင်းခွင့်ပြုပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၅၂၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## MSME ချေးငွေများ လျှောက်ထားနိုင်

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏လုပ်ငန်းတိုးချဲ့ဆောင်ရွက်ခြင်း၊ စက်ပစ္စည်းဝယ်ယူခြင်းနှင့် ကုန်ကြမ်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့်ချေးငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၆ ခုတို့မှ ထုတ်ချေးပေးလျက်ရှိပါသည်။ ချေးငွေအတိုးနှုန်းများအနေဖြင့် Fixed Capital အနည်းဆုံး ၃၀ ရာခိုင်နှုန်းနှင့်အထက်အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင် အတိုးနှုန်း သုံးရာခိုင်နှုန်း၊ Working Capital ၁၀၀ ရာခိုင်နှုန်း အသုံးပြုမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း လေးရာခိုင်နှုန်းနှင့် Credit Guarantee Insurance-CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေအတွက် တစ်နှစ်လျှင်အတိုးနှုန်း ငါးရာခိုင်နှုန်းတို့ဖြင့် ချေးငွေများ လျှောက်ထားနိုင်ပါသည်။ ချေးငွေရယူလိုသည့် MSME လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME အေဂျင်စီများနှင့်ဆက်သွယ်၍ ချေးငွေများလျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

**MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့်ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ်ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။









မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်

နေ့ချင်းပြီး ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁၆ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၃၀ ကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၁ ဦးကို ထိုင်းနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၆၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းထားရှိသည့် ပြည်ပနိုင်ငံသားများ၏ စကားသံများကို ယခုကဲ့သို့ကြားသိရသည်-

**Mr. Qian Le Ping(တရုတ်နိုင်ငံသား)**

"မိုင်းလားမြို့မှာအလုပ်ကောင်းကောင်းရမယ်။ လစာများများရမယ်ဆိုတဲ့ အလုပ်ခေါ်စာတွေ့လို့ ၂၀၁၈ ခုနှစ် မတ် ၁၂ ရက်မှာ တရုတ်နိုင်ငံကတစ်ဆင့် မိုင်းလားမြို့ကို တရားမဝင်လမ်းကြောင်းကနေဝင်ရောက်ခဲ့ပါတယ်။ မိုင်းလားမြို့ကိုရောက်တဲ့အခါမှာ တရုတ်လူမျိုး Xiao Mu ရဲ့ Yong Le Gong အွန်လိုင်းဂိမ်းကုမ္ပဏီမှာ ငါးနှစ်အလုပ်လုပ်ခဲ့ပါတယ်။ မိုင်းလားကတစ်ဆင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်မှာ ရွှေကုက္ကိုလ်ကိုရောက်ရှိပြီး တရုတ်လူမျိုး Xiao Duo Duo ရဲ့ Hong Tu Guo Ji ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့် ကွန်ပျူတာနဲ့ ဂိမ်းကြော်ငြာပေးရတဲ့အလုပ်ကို နေ့တိုင်း မွန်းတည့် ၁၂ နာရီကနေ ည ၁၂ နာရီထိ လုပ်ပေးရပါတယ်။ တစ်လကို ဘတ် ၇၀၀၀ နဲ့ သုံးလစာပဲရရှိပြီး ကျန်လတွေမှာလစာ မရခဲ့ပါဘူး"ဟုပြောပြသည်။

**Mr. Zhuo Li(တရုတ်နိုင်ငံသား)**

"ကျွန်တော်လုပ်ရတဲ့အလုပ်က တရုတ်လူမျိုးပိုင်တဲ့ Jin Man Tang ကုမ္ပဏီမှာ အွန်လိုင်းကတစ်ဆင့်လိမ်လည်ပြီး မက်ဆေ့ပို့ရတဲ့အလုပ်ကို တစ်ရက် ၁၆ နာရီခန့်



အလုပ်လုပ်ရပြီး အဲဒီမှာ ကိုးလခန့်ကြာခဲ့ပါတယ်။ပထမလမှာ ဘတ် ၅၀၀၀ ရပါတယ်။ ကျန်လတွေမှာတော့ လစာမရပါဘူး။ ရွှေကုက္ကိုလ်ကို ဝင်ရောက်ခဲ့တဲ့ လမ်းကြောင်းကတော့ တရုတ်နိုင်ငံကနေ လာအိုနိုင်ငံကိုအရင်သွားခဲ့ပါတယ်။လာအိုနိုင်ငံကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ကားနဲ့ထွက်ခွာခဲ့ပါတယ်။ ဗန်ကောက်မြို့ကတစ်ဆင့် ထိုင်းလူမျိုး ယာဉ်မောင်းတစ်ဦးရဲ့အကူအညီနဲ့ မဲဆောက်မြို့ကို ဆက်ထွက်ခဲ့ပါတယ်။ မဲဆောက်မြို့ရောက်တော့ ထိုင်းလူမျိုးတစ်ဦးရဲ့စီစဉ်ပေးမှုနဲ့ မြစ်တစ်ခုကိုစက်လှေနဲ့ဖြတ်ပြီး ရွှေကုက္ကိုလ်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁၀၀၀၀ ရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးရဲ့ဆက်သွယ်ပေးမှုကြောင့် အခုလိုထွက်လာခဲ့တာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာတော့ ထိန်းသိမ်းခံခဲ့ရပါတယ်" ဟု ပြောပြသည်။



**Mr. Xu Yuan Shun(တရုတ်နိုင်ငံသား)**

"ထိုင်းနိုင်ငံမှာ တစ်လကို ယွမ် ၁၂၀၀၀ ရတဲ့အလုပ်လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေခင်တဲ့ တရုတ်နိုင်ငံသားတစ်ဦးက ဆက်သွယ်ပေးတဲ့အတွက်၂၀၂၄ ခုနှစ် မေ ၃ ရက်မှာ လေယာဉ်နဲ့တရုတ်နိုင်ငံကနေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကိုရောက်ရှိခဲ့ပါတယ်။ ဗန်ကောက်မြို့ကိုရောက်တော့ တရုတ်လူမျိုး ယာဉ်မောင်းတစ်ဦးက မဲဆောက်မြို့ကို ပို့ဆောင်ပေးခဲ့ပါတယ်။ မဲဆောက်မြို့ကို မေ ၄ ရက်မှာရောက်ရှိခဲ့ပါတယ်။ မဲဆောက်မြို့ကနေတစ်ဆင့် ထိုင်းလူမျိုးတစ်ဦးရဲ့ စီစဉ်ပေးမှုနဲ့ ရွှေကုက္ကိုလ်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ရွှေကုက္ကိုလ်ကိုမရောက်ခင် စက်လှေနဲ့ မြစ်တစ်ခုကိုဖြတ်ခဲ့ရပါတယ်။ရွှေကုက္ကိုလ်ကိုရောက်တော့ တရုတ်လူမျိုးပိုင်တဲ့ကုမ္ပဏီတစ်ခုမှာအလုပ်ရပြီး အွန်လိုင်းကနေလိမ်လည်ပြီး လူရှာဖွေပေးရတဲ့အလုပ်ကို တစ်နေ့ ၁၆ နာရီ လုပ်ပေးရပါတယ်။



တစ်လကို ဘတ် ၂၀၀၀ ရရှိပါတယ်။ ကိုးလခန့်လုပ်ကိုင်ခဲ့ရပါတယ်"ဟု ပြောပြသည်။

**Mr. Phimsanduk (ထိုင်းနိုင်ငံသား)**

"ကျွန်တော်က Eletronic အထူးပြုဘာသာရပ်နဲ့ကျောင်းပြီးပါပြီ။ ကျောင်းပြီးတော့ဇာတိမြို့ဖြစ်တဲ့ Lam Phun မြို့မှာပဲအလုပ်လုပ်ခဲ့ပါတယ်။အလုပ်လုပ်နေရင်း ရွှေကုက္ကိုလ်မှာ လစာကောင်းတဲ့အလုပ်လုပ်ရမယ်ဆိုပြီး အွန်လိုင်းကနေ အဆက်အသွယ်ရခဲ့ပါတယ်။ အွန်လိုင်းကနေ လူရှာပေးရတဲ့အလုပ်လုပ်ရမယ်။ လစာ တစ်လ ဘတ် ၃၀၀၀၀ ရမယ်လို့ Facebook ပေါ်မှာတွေ့တဲ့အမျိုးသမီးတစ်ဦးက ဆက်သွယ်ပြောဆိုလာခဲ့တဲ့အတွက် အလုပ်လုပ်ဖို့ ထိုင်းနိုင်ငံ Lam Phun မြို့ကနေ ခရီးသည်တင်ယာဉ်နဲ့ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်မှာထွက်လာခဲ့ပါတယ်။ မဲဆောက်မြို့ကိုရောက်တဲ့အခါမှာ ထိုင်းလူမျိုးအမျိုးသားတစ်ဦးကကားနဲ့လာခေါ်ပြီး သောင်ရင်းမြစ်ကမ်းစပ်ကိုပို့ဆောင်ပေးခဲ့ပါတယ်။ မြစ်ကို




စက်လှေနဲ့ဖြတ်ကူးပြီး တစ်ဖက်ကမ်းကိုရောက်တဲ့အခါမှာ တရုတ်လူမျိုးအမျိုးသားတစ်ဦးက ကားနဲ့လာခေါ်ပြီး ရွှေကုက္ကိုလ်မှာရှိတဲ့ Hong Chu ကုမ္ပဏီကို ပို့ပေးခဲ့ပါတယ်။ အဲဒီမှာ အွန်လိုင်းဂိမ်းအလုပ်ကို လုပ်ကိုင်ဖို့ကွန်ပျူတာပညာကိုသင်ယူနေတုန်းဖြစ်ပါတယ်။ သင်ယူနေတုန်း ထိန်းသိမ်းခံလိုက်ရတာဖြစ်ပါတယ်" ဟု ပြောပြသည်။

(၅၀၁)

**အိမ်ပြင်ပဗ္ဗိထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူ့ရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်

ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူ့ရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့သည့် နေရာပြပုံ




နေပြည်တော် ဖေဖော်ဝါရီ ၁၆

PDF အမည်ခံအကြမ်းဖက်သမားများ အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အပြစ်မဲ့အရပ်သား ပြည်သူများကို ပြည်သူလူထုအတွင်း အကြောက်တရားလွှမ်းမိုးစေရန်အတွက် ၎င်းတို့နှင့် အယူအဆအမြင်မတူသူများအား "သူလျှို၊ သတင်းပေး၊ ဒလန်" ဟုစွပ်စွဲ၍လည်းကောင်း၊ "ငါနှင့်မတူငါ့ရန်သူ" ဟူသည့် တစ်ဖက်သတ်အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ လက်နက်ကိုင်အကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်များအသုံးပြုကာ ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများအား တရားဥပဒေမဲ့ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုကဲ့သို့ လုပ်ဆောင်နေခြင်းများရှိရာ ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၁ နာရီခန့်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူ့ရှင် ဦးစည်သူထွန်း နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်းမရှိကြောင်း အကြောင်းပြကာ PDF အမည်ခံအကြမ်းဖက်အဖွဲ့များက လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ ဆိုင်ကယ် ငါးစီးဖြင့် လာရောက်ပစ်ခတ်ခဲ့သဖြင့် မောင်ဖိုးခွား အသက် ၁၄ နှစ်မှာ သေဆုံးခဲ့ပြီး မောင်ကျော်မိုး အသက် ခြောက်နှစ်အရွယ်ကလေးငယ် တစ်ဦးအပါအဝင် ဒေသခံပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများကို ပခုက္ကူမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသောလုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့်ပတ်ဝန်းကျင်ကို ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဗဟ)



ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူ့ရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူ့ရှင်နေအိမ်၌ ချက်ပြုတ်ရေးလုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများအား PDF အမည်ခံအကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေးစသည့် သဘာဝဘေးများဖြစ်ပွားလေ့ရှိသောနိုင်ငံဖြစ်ပါသည်။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်သောဘေးဖြစ်ပြီး ရုတ်တရက်ဖြစ်ပွားတတ်သည့်အတွက်ကြောင့် လူဦးရေလူနေအိမ်၊ တိုက်တာအဆောက်အအုံများသည့်နေရာများတွင် ဖြစ်ပွားပါက ပျက်စီးဆုံးရှုံးမှုများနိုင်ပါသည်။ ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့်ဖြစ်ပေါ်ခဲ့ပြီး မြေသားများပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့်ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံတွင်ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြောလေးခုရှိပြီး အရှည်ဆုံးဖြစ်သည့် စစ်ကိုင်းပြတ်ရွေ့ကြောသည် ကချင်ပြည်နယ် ပူတာအိုမှစတင်၍ ဧရာဝတီမြစ်တစ်လျှောက်မှ စစ်တောင်းမြစ်ဝှမ်းကိုဖြတ်ပြီး မုတ္တမပင်လယ်ကွေ့ထိရှည်လျားပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်ထိ ပြင်းအားအနည်းငယ်နှင့်ပြင်းအားအသင့်အတင့်ဖြင့် ငလျင် အကြိမ် ၅၆၀ လှုပ်ခတ်ခဲ့ပါသည်။

၄။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများလျော့နည်းစေရန်အတွက် အသိပညာပေးခြင်းတို့ကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက်အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

( ခ ) ဘေးကင်းလုံခြုံသော နေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များအား အသိပေးလေ့ကျင့်ထားပါ။

( ဂ ) ပြိုကျ၊ပြုတ်ကျ၊ကွဲရှနိုင်သော ပစ္စည်းများတွဲလောင်းကျနေသောအရာများကို အန္တရာယ်မဖြစ်စေရန်မြဲမြံအောင်ပြုလုပ်ထားပါ။

(ဃ) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

( ခ ) ငါးစက္ကန့်အတွင်းအဆောက်အအုံအပြင်သို့ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ်၊ ကာ၊ ထိုင်)ပုံစံဖြင့်နေပါ။

( ဂ ) လယ်ကွင်း၊ကွင်းပြင် (သို့) ဘေးကင်းရာ(မြင့်မားသောအဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျလာနိုင်သောအရာများနှင့်ဝေးရာ)သို့ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ(သို့) မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

( င ) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

( စ ) ဆိုင်ကယ်၊ ကားစသည့်တို့ မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၇။ ငလျင်လှုပ်နေစဉ်တွင်အောက်ပါတို့ကို ရှောင်ရှားရန်လိုအပ်ပါသည်–

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

( ခ ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

( ဂ ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်းမပြုပါနှင့်။

၈။ ငလျင်လှုပ်ပြီးနောက်ပိုင်း အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(က) မိမိ၏မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

( ခ ) ထိခိုက်ဒဏ်ရာရရှိသူများကိုစစ်ဆေးပြီး လိုအပ်သောအကူအညီများပေးပါ။

( ဂ ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသောသတင်းများကိုစဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့်ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

( င ) အင်အားကြီးမားသည့်ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

( စ ) နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၉။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်–

(က) အဆောက်အအုံ၏ခိုင်ခံ့မှုကို စစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

( ခ ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

( ဂ ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့မသွားပါနှင့်။

၁၀။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ထိုင်းနိုင်ငံ နဂရရာဇသီမာမြို့ရှိ သပ်လန်အမျိုးသားဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ထိန်းချုပ်ရခက်နေ



**ဗန်ကောက် ဖေဖော်ဝါရီ ၁၆**

ထိုင်းနိုင်ငံ နဂရရာဇသီမာခရိုင် နာဂရရာဇသီမာမြို့ရှိ သပ်လန် အမျိုးသား သစ်တောဥယျာဉ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း နဂရရာဇသီမာခရိုင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

တောမီးအားအမြန်ဆုံးထိန်းချုပ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ၆ဝနှင့် ဒေသခံပြည်သူများပူးပေါင်းကာ ကြိုးပမ်းလျက်ရှိကြောင်း၊ မြေပြင်အနေအထားကြောင့်တောမီးအဓိကလောင်ကျွမ်းသောနေရာများသို့ သွားရောက်ရန် အခက်အခဲရှိနေသည့်အတွက် တောမီးကို ထိန်းချုပ်နိုင်ရန် ခက်ခဲနေခြင်းဖြစ်ကြောင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၁၅၈ ဧကထိ ပျက်စီးသွားခဲ့ပြီး မီးလောင်ပျက်စီးနိုင်သည့် သစ်တောမြေဧက ဆက်လက် မြင့်တက်လာဖွယ်ရှိနေကြောင်း နဂရရာဇသီမာခရိုင် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

''သပ်လန်အမျိုးသား သစ်တောဥယျာဉ်မှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ သဘာဝအလျောက် လောင်ကျွမ်းတဲ့ တောမီးမဟုတ်ပါဘူး။ သစ်ခိုးထုတ်သူတွေ ရှို့တဲ့ တောမီးဖြစ်ပါတယ်။ သံသယရှိသူတွေကိုရဲတပ်ဖွဲ့ကလိုက်လံဖမ်းဆီးနေပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သပ်လန်အမျိုးသားသစ်တောဥယျာဉ်ကို သုံးလလောက် ပိတ်ထားမှာ ဖြစ်ပါတယ်" ဟု နဂရရာဇသီမာခရိုင် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ပရာဝက်ဆက်က ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ရုရှားနိုင်ငံ အယ်တိုင်နယ်မြေတွင် ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်

**မော်စကို ဖေဖော်ဝါရီ ၁၆**

ရုရှားနိုင်ငံ အယ်တိုင်နယ်မြေတွင် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း Emergency Situations Ministry က ထုတ်ပြန်သွားခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သောဧရိယာမှ ကီလိုမီတာ ၅၀ အကွာအတွင်း ပျက်စီးမှုတချို့ရှိခဲ့ပြီး လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊အယ်တိုင်နယ်မြေအတွင်း ငလျင်လှိုင်းဒဏ်သင့်ခဲ့သောဒေသများရှိခဲ့ပြီး အဆိုပါဒေသများတွင် အသေးစားပျက်စီးမှုများဖြစ်ပေါ်ခဲ့ကြောင်း Emergency Situations Ministry က ထုတ်ပြန်သွားခဲ့သည်။

''ဖေဖော်ဝါရီလ ၁၅ ရက်က အယ်တိုင်နယ်မြေအယ်တိုင်တောင်တန်းအနီးမှာ ပြင်းအား ၆ ဒသမ ၄ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင် ပြင်းအားများပြီးတော့ ငလျင်လှိုင်းဒဏ်ဟာ ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့ ဧရိယာကနေကီလိုမီတာ ၅၀ အတွင်းရောက်ရှိခဲ့တယ်။ ငလျင်ဒဏ်သင့်ခဲ့တဲ့ ဒေသတွေရှိခဲ့ပါတယ်။ ဒီဒေသတွေကတော့ ဘယ်တီဒေသ၊ ကို့ရှ်-အာဂတ်ချ်ဒေသ၊ ချာဂန်-ယူဇန်ဒေသ၊ မူကာ-တာကာတာဒေသ၊အောတိုလက်ခ်ဒေသ၊ ကူရိုင်ဒေသ၊ တိုဘီလာဒေသနှင့် တယ်လန်ဂစ်-ဆော်တိုဂိုဒေသတို့ ဖြစ်ပါတယ်။ ငလျင်လှိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ အသေးစား ပျက်စီးမှုတွေတော့ ရှိခဲ့ပါတယ်။ အဓိကကတော့ လျှပ်စစ်ဓာတ်အားပေးစနစ် တချို့ ပျက်စီးသွားခဲ့လို့ လျှပ်စစ်မီးပြတ်တောက်မှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု Emergency Situations Ministryက ထုတ်ပြန်သွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မလေးရှားနိုင်ငံ ဂျဟိုးဘာရူးမြို့ မိုးသက်လေပြင်းကျရောက်မှုကြောင့်ပျက်စီးမှုများဖြစ်ပေါ်ခဲ့

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၆**

မလေးရှားနိုင်ငံ ဂျဟိုးပြည်နယ် ဂျဟိုးဘာရူးမြို့တွင် ဖေဖော်ဝါရီ ၁၄ ရက်နေ့က မိုးသက်လေပြင်းကျရောက်မှုကြောင့် သစ်ပင်ကြီးများလဲကျခဲ့သကဲ့သို့ ဓာတ်တိုင်များလည်းလဲကျခဲ့ပြီး ပျက်စီးဆုံးရှုံး မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ဂျဟိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

သစ်ပင်ကြီးများလဲကျခဲ့ခြင်းကြောင့် လမ်းများပိတ်ဆို့ပြီးဓာတ်တိုင်များ လဲကျမှုကြောင့်လည်း လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း လမ်းများ ပိတ်ဆို့နေမှုကြောင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို ပုံမှန်အတိုင်းလည်ပတ်နိုင်ရေးအတွက် ယာဉ်ထိန်းရဲများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပေးလျက်ရှိကြောင်း၊ သစ်ပင်ကြီးများလဲကျမှုကြောင့် မော်တော်ယာဉ် ၁၅ စီးထိ ပျက်စီးသွားခဲ့ပြီး အခြေခံအဆောက်အအုံ တချို့ ပျက်စီးခဲ့သော်လည်းထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း ဂျဟိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။



''ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညနေပိုင်း ၄ နာရီ ၄၅ မိနစ်အချိန်မှာ မိုးသက်လေပြင်းကျရောက်မှုကြောင့် သစ်ပင်ကြီးတွေလဲကျခဲ့သလို ဓာတ်တိုင်တွေလဲကျခဲ့တယ်။ လမ်းမကြီးတချို့ပိတ်ဆို့မှု ဖြစ်ပေါ်နေပြီး လျှပ်စစ်မီးပြတ်တောက်မှုတွေလဲဖြစ်ပေါ်နေတယ်။ ဖေဖော်ဝါရီလ ၁၅ ရက်ကနေ စတင်ပြီးရှင်းလင်းရေးလုပ်ငန်းတွေ လုပ်နေပါတယ်" ဟု ဂျဟိုးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# တောမီးအန္တရာယ်လျှော့ချရေးအစီအစဉ်အတွက် ပံ့ပိုးပေးနေသည့်ရန်ပုံငွေကို ရပ်တန့်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၆**

အမေရိကန်နိုင်ငံတွင် တောမီးအန္တရာယ် လျှော့ချရေးအစီအစဉ်အတွက် သုတေသနများ ဆောင်ရွက်လျက်ရှိရာ ဖက်ဒရယ်အစိုးရက အဆိုပါလုပ်ငန်းအတွက် ရန်ပုံငွေပံ့ပိုးပေးမှုများ ပြုလုပ်နေသည်ကို ရပ်တန့်လိုက်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ပြောကြားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးအန္တရာယ် လျှော့ချရေးအစီအစဉ်သည် အမေရိကန်အနောက်ဘက်ပိုင်း ပြည်နယ်များအတွက် ဆောင်ရွက်ပေးနေသည့် အစီအစဉ်ဖြစ်ပြီး တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်ရန် ဆောင်ရွက်နေသည့် အစီအစဉ်ဖြစ်ကြောင်း၊ သို့သော်လည်း သမ္မတဒေါ်နယ်ထရန့်က အစိုးရ၏သုံးစွဲငွေများကို လျှော့ချရန်အတွက် ကြီးမားသောပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိရာ တောမီးအန္တရာယ်လျှော့ချရေး အစီအစဉ်အတွက် ဆောင်ရွက်နေမှုများသည် ထိရောက်မှု မရှိသည့်အတွက် ရန်ပုံငွေပံ့ပိုးပေးမှုကို ရပ်တန့်ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားသွားခဲ့သည်။

''Lomakatsi Restoration Projectအတွက်ရန်ပုံငွေပံ့ပိုးနေမှုကို အစိုးရက ရပ်တန့်လိုက်ပါပြီ။ ဖက်ဒရယ်အေဂျင်စီတချို့နဲ့ ပူးပေါင်း ဆောင်ရွက်နေတဲ့ ပရောဂျက်ဖြစ်ပြီး သဘောတူညီချက်ပေါင်း ၃၀ အထိပြုလုပ်ထားတဲ့ ပရောဂျက်လဲဖြစ်ပါတယ်။ ပရောဂျက်အတွက်လိုအပ်တဲ့သုတေသနပြုလုပ်ပြီးဖြစ်သလို မြေပြင်မှာတောင် လက်တွေ့ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့လဲ ရန်ပုံငွေ ရပ်တန့်လိုက်တဲ့အတွက် ဆက်လက်ဆောင်ရွက်ဖို့ အဆင်မပြေနိုင်တော့ပါဘူး" ဟု Lomakatsi Restoration Project မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သူ မာကိုဘေက ပြောကြားသွားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## လေပြင်းဒဏ်အတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့် နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ကယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



ဝတ္ထုတိုကလျာ

# ရွှေကန်ရွာမှာ သာတဲ့လ

ယဉ်အောင်ဟိန်း



(၁)

တစ်နှစ်တစ်ခါ ကျင်းပမြဲဖြစ်တဲ့ ရွှေကန်ရွာဦးကျောင်း ဘုရားပွဲကျင်းပဖို့ ရွာဦးကျောင်းဆရာတော်အပါအဝင် ရွာရှိလူကုန် အလုပ်များနေကြတယ်။ တစ်နှစ်တာ လယ်ထဲ၊ ယာထဲ နွားနဲ့ ဖက်ရုန်းပြီး ချွေးဒီးဒီးကျ ရှာဖွေစုဆောင်းထားတဲ့ ငွေကြေးနဲ့ ကျင်းပကြတဲ့ ဒီပွဲမှာ သဒ္ဓါတရားထက်ထက်သန်သန်နဲ့ ဆွမ်း၊ ဆွမ်းဟင်း၊ ဘောဇဉ်လောင်းလှူကြဖို့ ပြင်ဆင်သူက ပြင်ဆင်။ ကြွရောက်လာကြတဲ့ သံဃာတော်တွေကို ခဲဖွယ်ဘောဇဉ်တွေ ကပ်လှူကြဖို့ လုံးပန်းသူက လုံးပန်းနေကြတယ်။

''မအေးမှုံ ခြင်ထောင် အပိုရှိရင် ငှားပါအုံး။ သားက မြို့က သူငယ်ချင်းတွေ ခေါ်လာမှာမို့ပါ''

''ရှိတယ် ရှိတယ် ငှားမှာပေါ့။ စောင်ရော လိုသေးလား''

''စောင်ကတော့ ရှိတယ်''

ဘုရားပွဲကို ရပ်ဝေးမှသားသမီးတွေ၊ ဆွေမျိုးသားချင်း၊ အသိမိတ်ဆွေတွေ လာကြမှာ ဖြစ်တဲ့အတွက် အိပ်ရာနေရာ ပြင်ဆင်သူက ပြင်ဆင်။ ဖျာ၊ ခြင်ထောင် စောင်၊ ခေါင်းအုံး၊ ပန်းကန်ခွက်ယောက် မပြည့်စုံသူတွေက လိုက်လံရှာဖွေ ငှားရမ်း နေကြတယ်။ ဘုရားပွဲလာရောက်ကြမဲ့ ဧည့်သည်တွေကို ကျွေးမွေးဖို့ သံဃာတွေ လောင်းလှူဖို့ ချက်ပြုတ် စီမံသူတွေက စီမံနေကြတယ်။ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ပျော်စရာ အလွန်ကောင်းနေတယ်''

''မဗျစ်ထူ ဆွမ်းဟင်း၊ဘာဟင်းချက်တုံး''

''ဝက်သားပေါ့အေ''

''ကျွန်မတို့တော့ အမဲသားချက်တယ်။ ဟင်းကျက်မှ လာပေးမယ်''

ဘုရားပွဲနေ့မှာတော့ ဧည့်ခံကျွေးမွေးကြတာ အိမ်တိုင်း ဧည့်သည်ကလဲ အပြည့်ပါပဲ။ တောသဘာဝ တစ်အိမ်နဲ့ တစ်အိမ်ဟင်းတွေ၊ မုန့်တွေ အပြန်အလှန်ပေးကြ၊ ကမ်းကြ သူ့အိမ်ကိုယ်သွားစား။ ကိုယ့်အိမ်သူလာစား။ တစ်ရွာလုံးပျားပန်းခပ်ဖြစ်နေတယ်။ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး တရှန်းရှန်းနဲ့ ပျော်မဆုံးတဲ့နေ့ပါ။

(၂)

ရွှေကန်ရွာ လူငယ်တွေကလဲ လူငယ်တွေအလျောက် ဘုရားပွဲမရောက်မီ တစ်လလောက်အလိုကတည်းက အရပ်သားပြဇာတ်ကဖို့ ယောက်ယက်ခတ်နေကြပါတယ်။ ရွာကာလသားခေါင်း မောင်အေးဆိုရင် အရပ်သားပြဇာတ်ကရမှာမို့ သူ့ခမျာ တစ်နှစ်ပတ်လုံးပွဲတွေကို ငွေကြေး အကုန်အကျခံ၊ အအိပ်ပျက်ခံလိုက်ကြည့် ဒီပွဲတွေက ဇာတ်လမ်း၊ ဇာတ်ကွက်၊ အခန်းဝင်၊ အခန်းထွက် စကားပြောကောင်းနိုးရာရာတွေကို မှတ်သားအတုယူစုဆောင်းတယ်။ သူစုဆောင်းထားတာတွေကို ရောသမမွှေပြီး အကြမ်း အရမ်းအလွမ်းအသောစုံလင်တဲ့ ပြဇာတ်တစ်ပုဒ်ကို စိတ်တိုင်းကျကြိုးစားပမ်းစားရေးသား ခြယ်မှုန်းပါတော့တယ်။ စိတ်တိုင်းကျပြီဆိုမှ ပါဝင်ကပြမဲ့ လူငယ်တွေကို ချပြတယ်။

''ဒီနှစ် ကမဲ့ပြဇာတ် ဇာတ်လမ်းကတော့ ဒါပဲဟေ့။ ခေါင်းစဉ်ကိုတော့ ''ရွှေကန်ရွာမှာ သာတဲ့လ'' လို့ ပေးထားတယ်။ ဘယ်နှယ့်လဲ သဘောကျကြရဲ့လား''

''ကောင်းတယ် ကိုကြီးမောင်အေး ကောင်းပါတယ်။ အရင်နှစ်ကထက် ကောင်းတယ်''

မောင်အေးက ဇာတ်လမ်းဇာတ်ကွက် အဓိကထားပေမဲ့ ပါဝင်ကမဲ့ ရွာသားအများစုက ဇာတ်လမ်းဇာတ်ကွက် သိပ်စိတ်မဝင်စား ဂရုမစိုက် မင်းသမီးနဲ့ တွဲချင်နေကြတာပါပဲ။ ဇာတ်ခုံပေါ်တက်ရင် မင်းသမီးနဲ့ တွဲရမှ။လူကြမ်းလုပ်တဲ့သူကလဲ မင်းသမီးကို ဆွဲတဲ့၊ ဖက်တဲ့ အခန်းကြမ်းကြမ်းရမ်းရမ်းပါမှ၊ လူရွှင်တော်လုပ်တဲ့ လူကလဲ မင်းသမီးကိုင်တဲ့၊ ထိတဲ့ ပြက်လုံးမျိုးများများထုတ်ရမှ အဖေနေရာက သရုပ်ဆောင်ရတာတောင် သမီးရယ်ဆိုပြီး မင်းသမီးကိုဖက်ရမှ ကျေနပ်တယ်။ အားလုံးသဘောကျလက်ခံပြီဆိုမှ အသံကောင်းသူကို စတိတ်ရှိုးမင်းသားဖြစ်အောင် ဟာသဉာဏ်ရှိသူကို လူရွှင်တော်ဖြစ်အောင် ရွေးချယ်ဖို့ အလုပ်များ ခေါင်းရှုပ်ရပါတော့တယ်။

''မောင်အေး မင်းတော့လားကွာ။ မှန်မှန်ကန်ကန် လုပ်ရင် လုပ်ပေါ့၊ မလုပ်လို့ကတော့ ဘုရားပွဲည မင်းဇက်အပြုတ်ပဲ''

လူမိုက်ကြီးဦးဖိုးထွန်းက သူ့သားပြဇာတ်မင်းသားဖြစ်ရေး ခြိမ်းခြောက်တယ်။

''ဦးကြီးထွန်းရယ် ဦးကြီးထွန်း သားကိုရွေးနိုင်ဖို့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါမယ်ဗျာ''

''ဟေ့ မောင်အေး ငါ့သားကို ပြဇာတ်မင်းသားဖြစ်အောင်ရွေး။ မင်းတို့ ပွဲကဖို့ ငွေဘယ်လောက် ထည့်ရမလဲပြော''

သူဌေးကြီးဦးဘလှကလဲ သူ့သားပြဇာတ်မင်းသား အရွေးခံရအောင် ငွေလမ်းခင်းလာတယ်။ ပွဲကဖို့ ပြဇာတ်မင်းသားနေရာ ရွေးတဲ့အခါ နှစ်စဉ်နှစ်တိုင်း ဒီလိုပါပဲ အခက်တွေ့တယ်။ တောရွာတွေရဲ့ သဘာဝတောရွာစရိုက်က ငွေကြေးချမ်းသာသူ၊ ဆွေကြီးမျိုးကြီး အရှိန်အဝါကြီးသူ၊ မိုက်ဂုဏ်ရှိသူတွေက သူတို့သား၊ သူတို့တူတွေ ပြဇာတ်မင်းသားဖြစ်အောင် သူတို့ဩဇာအရှိန်အဝါသုံးပြီး ဒီနေရာကို အပြိုင်လုတတ်ကြတယ်။ ဒါတွေ ကိုမောင်အေးက လိမ်လိမ်မာမာပါးပါးနပ်နပ် ရှောင်ကွင်းပြီး ပြဇာတ်မင်းသားကို သူ့ရဲ့ဇာတ်လမ်းနဲ့ အံဝင်ခွင်ကျဖြစ်မဲ့ အသံကောင်း၊ ရုပ်ချော၊ အပြောကောင်း၊ သရုပ်ဆောင်ဆိုဖွယ်ရာမရှိတဲ့သူကို အတတ်နိုင်ဆုံးရွေးတယ်။ ဒါမှလဲ သူ့ပြဇာတ်က အခြားရွာတွေ ထက်သာပြီး ရွှေကန်ရွာဂုဏ်တက်မယ်။ သူ့ရဲ့ ဝတ္ထု၊ ဇာတ်ညွှန်း၊ ဒါရိုက်တာ လူငယ်ဖန်တီးရှင်ဆိုတဲ့ နာမည်လဲ မကျမှာ ဖြစ်တယ်မဟုတ်လား။ ဒီနာမည်လဲ လွယ်လွယ်ကူကူတော့ရထားတာ မဟုတ်ဘူး။ အအိပ်ပျက်၊ အစားပျက်၊ ငွေကျကြေးကျခံပြီး ကြိုးစားထားရတဲ့ နာမည်ဖြစ်တာကိုး။

(၃)

သရုပ်ဆောင်တော်မဲ့သူတွေကို ရွေးချယ်ပြီးတော့ ပြဇာတ်ထဲမှာ ပြောရမဲ့စကား သရုပ်ဆောင်ရမဲ့ အမူအရာတွေ ညစဉ် ညွှန်ပြရပါတော့တယ်။

''အေး အခုသင်ပေးထားတဲ့ စကားပြော၊ အိုက်တင်တွေကို ငါသင်ပေးထားတဲ့အတိုင်း အပိုအလိုမရှိအောင် ကြိုးစားလေ့ကျင့်ကြနော်''

''ဟုတ်ကဲ့ပါ ကိုကြီး''

''မြို့တော်သိန်းအောင်ပြဇာတ် နာမည်ကြီးတယ်ဆိုတာ ဒါရိုက်တာ မောင်ယဉ်အောင်က ဇာတ်ဆောင်တွေကို ဒီလိုအပိုအလိုမရှိအောင် ညွှန်ကြားနိုင်လို့ နာမည်ကြီးတာကွ မှတ်ထား''

''ဟုတ်ကဲ့ပါ ကျုပ်တို့လဲ ကြိုးစားပါ့မယ်''

ပြဇာတ်ထဲပါဝင်မဲ့ လူငယ်တွေက ကိုယ်ကျတဲ့ ဇာတ်ရုပ်ကို သဘာဝကျကျ သရုပ်ဆောင်နိုင်အောင် တစ်လလုံးလုံး လယ်ထွန်ပျိုးနုတ်၊ ထင်းခုတ်၊ နွားကျောင်း၊ ပေါင်းသင်ရင်းလေ့ကျင့်ကြပါတော့တယ်။

''ဟေ့မောင်အေး ဒါလိုက်တာကြီး ငါ့သားချက်ဖောင်းကို မင်းကကျွမ်းထိုးလေ့ကျင့်ခိုင်းလို့ အခု ငါ့သား လက်ကျိုးသွားပြီ။ အဲဒါ မင်းဘယ်လိုလုပ်ပေးမှာလဲ''

''အဲဒါမှ ဒုက္ခပါပဲ ဗျာ။ လူစားထိုးရမှာပေါ့''

''မင်းလူစားထိုးဖို့ ငါလာပြောတာ မဟုတ်ဘူး။ မင်းလူရွေးတာ ဘက်လိုက်ပြီး ငါ့သားကို ဒီနေရာထားလို့ ဖြစ်ရတာ မင်းဘယ်လို လုပ်ပေးမှာလဲ အဲဒါပဲပြော''

''ဟုတ် ဟုတ်ကဲ့ လုပ်ပေးပါမယ်ဗျာ''

လူကြမ်းမင်းသားချက်ဖောင်း သိုင်းစွမ်းရည်ပြဖို့ ကောက်ရိုးပုံထဲ ဒိုင်ဗင်ထိုးလေ့ကျင့်တာ ဘေးချော်ကျလက်ကျိုးသွားလို့ သူ့အမေ ဒေါ်ကြေးမှုံက ဒေါသတကြီး လာရန်တွေ့တာပဲ ဖြစ်ပါတယ်။ အရင်ရက်ကလဲ ပြဇာတ်မင်းသား လှအောင် ချစ်ခန်း၊ ကြိုက်ခန်း မင်းသမီးနဲ့တွဲဖို့ ဝါခင်းထဲဝင်ပြီး ဝါပင်တွေကို မင်းသမီးအမှတ်ထား ဆွဲရမ်းပွေ့ဖက်လေ့ကျင့်တာ ဝါခင်းသုံးပုံတစ်ပုံလောက် ပျက်စီးသွားလို့ သူကြီးအိမ်ရောက်တယ်။ ဒါလဲ သူဝင်ဖြေရှင်းပေးရတယ်။ စတိတ်ရှိုးမင်းသား ရွှေကန်ရွာသိန်းတန်က ထန်းပင်ပေါ်တက်ပြီး သီချင်းဟဲ လေ့ကျင့်နေတုန်း သူ့နွားအုပ်က ဒေါ်နက်မပဲခင်းဝင်စားလို့ သူ့အမေ တစ်သက်လုံးဝတ်လာတဲ့ မင်္ဂလာဦးလက်ဖွဲ့နားကပ်လေး ပေါင်ပြီး အလျော်ပေးလိုက်ရတာ ဘုရားပွဲနီးမှ သူ့အမေ နားပေါက်ဟောင်းလောင်းနဲ့။ ဒီဖြစ်ရပ်တွေ အားလုံး ကပွဲကချင်လို့ ဖြစ်ရတာဆိုပြီး မောင်အေး ခေါင်းပေါ်ရောက်တယ်။

(၄)

ပွဲကဖို့တစ်ညအလိုမှာ ကာလသားခေါင်း မောင်အေးကြီးနဲ့ ရွာကာလသားအဖွဲ့ စိတ်ညစ်စရာဖြစ်ရပ်တစ်ခု ပေါ်လာတယ်။ ရွာက သုံးလေးနှစ်ပျောက်သွားပြီး တစ်နယ်တစ်ကျေး အလုပ်သွားလုပ်တဲ့ လူပျိုကြီး ကိုသာဒင် ပြန်ရောက်လာပြီး ပြဇာတ်ထဲ သူဝင် ကရမှလို့ အကျပ်ကိုင်တယ်။

''ဟေ့ မောင်အေး မင်းတို့ပြဇာတ်ထဲ ငါပါမှာနော်။ ငါ့ကိုထည့်ပေးကွာ''

''ကိုသာဒင် ကျုပ်တို့ သူ့နေရာနဲ့သူ ဇာတ်တိုက်ပြီးပြီ ဘယ်လိုမှ ထည့်လို့ မရတော့ဘူး။ ဒီနှစ်တော့ တောင်းပန်ပါတယ်ဗျာ မကပါနဲ့''

''အို မရဘူးကွာ ငါမပါရင် မင်းတို့လဲ မကရဘူး။ မင်းတို့ ငါ့အကြောင်းသိတယ် မဟုတ်လား''

''တောင်းပန်ပါတယ် ကိုသာဒင်ရယ်။ မနှောင့်ယှက်ပါနဲ့ လူငယ်တွေ ပျော်ပါစေဗျာ''

''မရဘူးကွာ ငါမပါရင် မင်းတို့ပွဲအပျက်ပဲ''

ဒါကြောင့် သာဒင်ကို ဆုံးမပေးဖို့ သူ့ကို နိုင်တဲ့ ရွာဦးကျောင်း ဆရာတော် ကို သွားလျှောက်ကြတယ်။ ဆရာတော်က သာဒင်ကို ခေါ်ပြီး–

''သာဒင် မင်းဒီရွာသား မဟုတ်ဘူးလား''

'' ဟုတ်ပါတယ် ဘုရား''

''ဟုတ်ရင် ရွာကလူတွေ စိတ်ဆင်းရဲအောင် ဘာလို့လုပ်ချင်ရတာလဲ။ ဘာလို့ ပွဲပျက်အောင် နှောင့်ယှက်မယ် ပြောရတာလဲ။ အများကုသိုလ်ကောင်းမှု လုပ်တာဖျက်ဆီးရင် အပြစ်ဘယ်လောက်ကြီးတယ်ဆိုတာ မင်းကိုရင်ဝတ်တုန်းက ငါသင်ပေးထားတာ မမှတ်မိဘူးလား''

''မှတ်မိပါတယ် ဘုရား''

''မှတ်မိရင် ဆက်မလုပ်နဲ့။ ဘာသံမှ မကြားချင်ဘူး။ ဆက်လုပ်ရင် ဟောဒီ ကြိမ်တုတ် ကြည့်ထား။ မင်းခေါင်းရိုက်ခွဲပစ်မယ် သွားတော့''

သာဒင်က ဆရာတော်ရှေ့မှာ အာမဘန္ဓေခံခဲ့ပေမဲ့ နားမထောင်ဘဲ မောင်အေးကို ရန်လုပ်အကျပ်ကိုင်နေတာကြောင့် စကားနည်း ရန်စဲဖြစ်အောင် သာဒင်ကို ပြဇာတ်ထဲ တစ်ခန်း ပါဝင်ခွင့်ပေးလိုက်ရတယ်။

(၅)

ရွှေကန်ရွာဘုရားပွဲ ညရဲ့ကောင်းကင်ယံက ငွေလမင်းကြီးက မြူတိမ်ကင်းစင်ပြီး ရွှေဒင်္ဂါးပြားကြီး တစ်ပြားလို ကြည်လင်ဝင်းပ ထွန်းလင်းနေတယ်။ ပွဲကကြရမှာမို့ ရွှေကန်ရွာလူငယ်တွေ ထမင်းမစားနိုင်၊ ဟင်းမစားနိုင်၊ ထမင်းမေ့၊ ဟင်းမေ့ ပျော်ရွှင်နေကြတယ်။ ရွာသူရွာသားတွေကလဲ ထိုနည်းလည်း

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်း ၉၁၂၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း၉၁၂၆ ဧကစိုက်ပျိုး ပြီးစီးပြီး လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ဖြစ်ကြောင်း ရေဦး ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၈၄၀၄ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလ တတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၁၂၆ ဧကစိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဖူးစားပြောင်း ဧက ၈၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၉၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးမှု အနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းအထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်သဖြင့် လူမှုစီးပွားဘဝများ ပိုမို တိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ယခုထက် ပိုမိုစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

---

➢ စာမျက်နှာ ၂၄ မှအဆက်

ကောင်းပါပဲ။ ပွဲကြည့်ဖို့ တရုန်းရုန်း ပွဲကမဲ့သူ၊ ပွဲကြည့်မဲ့သူ တစ်ရွာလုံး ပျော်တပြုံးပြုံး ပျော်မဆုံးတဲ့ညပါ။ ပရိသတ်တွေ အလွန်စည်ကားနေတယ်။ ဗေထိဆို ရှေ့ဆုံးကရောက်တာတဲ့ ရွှေကန်ရွာရဲ့ ပွဲတိုင်းကျော် အဖွဲ့ဖြစ်တဲ့ ဒေါ်ထူးတို့အဖွဲ့က ဆိုင်းရှေ့ထိပ်ဆုံးက နေရာယူထားကြပြီး သူတို့ မျက်နှာမှာ သနပ်ခါးပါးကွက်ကျားတွေ လိမ်းထားကြတယ်။ တစ်ဖွဲ့လုံး ဆံပင်တွေကလည်းခပ်ကောင်းကောင်းနဲ့ ဘီးဆံပတ်ဆံထုံးကြီးတွေ ထုံးပြီး မေမြို့ပန်း၊ ဒေါနပန်းတွေကို အခက်လိုက် အပင်လိုက် ထိုးစိုက်ပန်ဆင်ထားကြတယ်။ သူတို့အဖွဲ့ခေါင်းတွေကို နောက်က နေကြည့်လိုက်ရင် ဒေါင်းအုပ်ကြီးကနေသလိုပါပဲ။ သူတို့အုပ်စုက ပွဲခင်းထဲ ရောက်ရင် အငြိမ်မနေတတ်ဘူး။ ဟိုဖက်ခြမ်းက လူကို လှမ်းအော်လိုက်၊ ဒီဘက်ခြမ်းက လူကို လှမ်းအော်လိုက်၊ ရယ်စရာရှိ လက်ခုပ်တီးပြီး တဝါးဝါး တဟားဟား အော်ရယ်လိုက် လုပ်တက်တယ်။ ပွဲခင်းတစ်ခု လုံးကို သူတို့ အုပ်စုက အစဉ်အမြဲစိုးမိုးထား၊ သူတို့ အုပ်စု ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် ပွဲပျက်တတ်လို့ ကျန်ပွဲကြည့်ပရိသတ်က သူတို့ အုပ်စု အရိပ်အခြည်ကို အမြဲကြည့်နေရတယ်။

ပွဲကရွာသားတွေ ကတဲ့ ပွဲဆိုပေမဲ့ ကာလသားခေါင်း မောင်အေးရဲ့ ကြိုးပမ်းမှုကြောင့် နောက်ပိုင်း ဇာတ်ထုတ်မကတာကလွဲရင် စတိတ်ရှိုး၊ အော်ပရာ ပြဇာတ်အငြိမ့်ခန်း အကုန်ကတယ်။ အစီအစဉ်တကျလဲ ရှိလှပါတယ်။

''ရွှေပွဲလာဧည့်ပရိသတ်များခင်ဗျာ စတိတ်ရှိုးအစီအစဉ်လေး ပြီးသွားပြန်တော့ အခုတဖန် အလှည့်ကျလာတာက ''မိဘစော်ကားငရဲလား"ဆိုတဲ့ အော်ပရာဇာတ်လမ်းပဲ ဖြစ်ပါတယ်။ သံဝေဂ ယူစရာ ရှုစားကြပါစို့လားခင်ဗျာ"

ကြည်လင်ပီပြင်တဲ့ မောင်အေးရဲ့ ကြေညာသံက ပေါ်ထွက်လာတယ်။

''ဟေး...ဟေး...ဟား...ဟား... ဝါး...ဝါး"

ဇာတ်ခုံပေါ်က အော်သံတွေနဲ့အတူ ဝုန်းခနဲ ဝုန်းခနဲ မီးလုံးကြီးတွေ ထလာတယ်။ ချက်ချင်းဆိုသလို မီးလုံးကြီးတွေကနေ လူတစ်ရပ်လောက် မီးတောက်ကြီးဖြစ်လာပြီး ဇာတ်ခုံတစ်ခုလုံးဝင်းထိန်နေပါတော့တယ်။

''လုပ်ကြပါအုံးဟ လုပ်ကြပါအုံး"

''ဗြုန်း ဗြုန်း ဘုံး ဘုံး"

ဇာတ်ခုံပေါ်ကအော်သံ မီးတောက်ကို အဝတ်နဲ့ငြိမ်းသံတွေ ဆူညံသွားတယ်။ ပရိသတ်လဲ စာကလေးအုပ်ထဲ ခဲကျသလို ဝုန်းခနဲ ထကြပါတော့တယ်။ ငရဲခန်းမီးမှုတ်တဲ့ ခာတ်ဆီမီးက ကားလိပ်ကို ကူးစက်လောင်ကျွမ်းတာဖြစ်ပါတယ်။ ထိတ်လန့်ပြီး လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့ ပရိသတ်ကို လူငယ်ဖန်တီးရှင်ကာလသားခေါင်း မောင်အေး ကားလိပ်ရှေ့ပြေးထွက်လာပြီး-

''ထိုင်ကြပါခင်ဗျာ ထိုင်ကြပါ ဘာမှမဖြစ်ပါဘူး။ မတော်တဆ ဖြစ်တာပါ မီးငြိမ်းသွားပါပြီ။ မကြာခင် ရွှေကန်ရွာမှာ သာတဲ့လ ဆိုတဲ့ ပြဇာတ်ကဏ္ဍ တင်ဆက်ပါတော့မယ်"

ရွာသူရွာသားတွေ အားအထားဆုံး အမျှော်လင့်ဆုံး ပြဇာတ်ကမယ် ဆိုတဲ့ အသံကြားလိုက်ရတော့ အားလုံး ပြန်ထိုင်ကြတယ်။ ဒီနှစ် ပြဇာတ်ကို ခါတိုင်းနှစ်ထက်ပိုပြီး စိတ်ဝင်စားနေကြတာကပွဲမကရရင် ပွဲဖျက်မယ်။ ကြုံးဝါးနေတဲ့ သာဒင်ကြီးကို ဘယ်အခန်းက ထည့်ပေးထားသလဲ။ သာဒင်ကြီး ဘယ်လိုထွက်လာမလဲ။ သိချင်နေကြတာပါပဲ။ ပရိသတ် သိပ်ကြာကြာ မစောင့်လိုက်ရပါဘူး။ သာဒင်ကြီးက သမီး(မင်းသမီး) လက်ကိုဆွဲပြီး ထင်းခုတ်သမားအဖြစ်နဲ့ ထင်းခုတ်ထွက်လာပါတယ်။ ကားလိပ်ရှေ့ရောက်တော့ မင်းသမီးက အဖေ သမီးဟင်းရွက်သွားခူးလိုက်အုံးမယ် ပြောပြီး ပြန်ဝင်သွားတယ်။ သာဒင်နဲ့ အဖော်တစ်စု စကားတပြောပြောနဲ့ ကျန်ရစ်ခဲ့တယ်။ အဲဒီအချိန်မှာ ပစ်သံ၊ခတ်သံ၊ သေနတ်သံတွေ ပေါ်ထွက်လာပြီး တိုက်ပွဲဖြစ်တယ်။ သေနတ်သံကြားတာနဲ့ သာဒင်နဲ့အတူထွက်လာတဲ့ လူတွေ လဲကျတဲ့လူကလဲကျ ပြေးတဲ့လူကပြေးပြေး ဝရုန်းသုန်းကား ဖြစ်ပါတော့တယ်။ သာဒင်ကြီးက ထွက်မပြေး လဲမကျဘဲ-

''နွေဦးအခါ ချမ်းတုန်လှ ပန်းစုံတို့ ရွာဗျ လမ်းကြုံလို့ လာပါရင် ဂျမ်းဘုံကိုပါခေါ်ခဲ့" ဆိုတဲ့ သံပြောင် သီချင်းဆိုပြီး ကွေးနေအောင်ကပါတော့တယ်။ ဆိုင်းကလဲ မြို့ကငှားထားတဲ့ဆိုင်း ပွဲညကျမှ ရောက်တာဖြစ်လေတော့ ဇာတ်လမ်းမသိဘဲ စင်ပေါ်က အခြေအနေ ကြည့်ပြီးကကြိုးနဲ့ ကိုက်အောင် "ဗိန်ပေါင် ဗိန်ပေါင်" တီးလုံးကို တီးပေးပါတော့တယ်။ ဆိုင်းကတီးလေ သာဒင်က ကလေ သာဒင်က ကလေ ဆိုင်းကတီးလေ ဖြစ်နေပါတော့တယ်။ ပွဲကြည့် ပရိသတ်တွေက သာဒင်အခန်းက ဘယ်လိုလဲ ဘာဖြစ်တာလဲ တွေးပြီး ကြောင်နေကြတယ်။ မောင်အေးက ကားလိပ်ကြား ကမန်းကတန်းပြေးပြီး-

'' ကိုသာဒင်လဲလေ သေတော့လေ ခင်ဗျားသေရမှာလေ"

လို့ အချက်ပြ သတိပေးတယ်။ သာဒင်က-

'' ငါ မသေဘူးကွ "ပြောပြီး သူ့သီချင်းဆက်ဆိုကာ ကနေလို့ ကားလိပ်ချလိုက်ရတယ်။ သာဒင်က ဒါကို မကျေနပ်သေးဘဲ-

'' ငါ မသေဘူးကွ ကမယ် ကမယ်"

ပြောပြီး ကားလိပ်ရှေ့ အတင်းပြေးထွက်ကတယ်။ အဲအချိန်မှာ ဇာတ်ခုံရဲ့ တစ်ဖက်ထောင့်က လူမိုက်ကြီး ဦးဖိုးထွန်းလျှပ်တစ်ပြက်တက်လာပြီး သာဒင် ဦးခေါင်းကို ဝါးရင်းတုတ်နဲ့ စုံကိုင်ရိုက်ချလိုက်ပါတော့တယ်။ သာဒင်မှောက်လျက် လဲကျသွားတယ်။ လဲကျသွားတဲ့ သာဒင်ကြီးကို ဦးဖိုးထွန်းက ခွပြီး ဆက်ကာ ဆက်ကာ ဒေါသတကြီး ရိုက်နေတယ်။ ပွဲခင်းထဲကလူတွေလဲ ကြောက်လန့်တကြား ပြေးကြလွှားကြဖြစ်ကုန်တယ်။ ပွဲခင်းရှေ့ဆုံးက ကြည့်နေတဲ့ ဒေါ်ထူးတို့အဖွဲ့က-

''မိညွန့်ရေ...မိဖုံရေ...တင်လှရေ"

အော်ခေါ်ကာ ဖျာတွေလိပ် မီးခွက်တွေထွန်း မီးပုံးထဲထည့် ပွဲခင်းထဲက အပြေးထွက်သွားကြတယ်။ ပွဲခင်းတစ်ခုလုံး ခေါ်သံ အော်သံတွေနဲ့ ထိန်းမနိုင်သိမ်းမရဖြစ်ကာ ပွဲလဲပျက်ပါတော့တယ်။ မိုက်မိုက်မဲမဲ ကဖျက်ယဖျက်လုပ်တဲ့ သာဒင်ကြီးလဲ သေသလား၊ ရှင်သလား မသိ။ သွေး အိုင်ထဲမှာ မှောက်လျက်ငြိမ်သက်နေတယ်။ ကြည်နူးပျော်ရွှင်နေကြတဲ့ ရွှေကန်ရွာသူ၊ ရွာသားတွေရဲ့ သာယာလှပတဲ့ ပွဲညကလေး အကျည်းတန်အရုပ်ဆိုးတဲ့ ညတစ်ညအဖြစ် ပြောင်းလဲကာ ရွှေကန်ရွာမှာ သာတဲ့လ မလှမပနဲ့ နိဂုံးချုပ်ရပါတော့တယ်။

---

## ပြည်မြန်မာ အလှလွှမ်းဖို့

\- ပြည်မြန်မာ အလှလွှမ်းလို့
ငြိမ်းချမ်းဖို့ ဝိုင်းဝန်းကူ၊
အကောင်းမြင် မြတ်စိတ်ထား
တရားသည့်မူ၊
အခက်ခဲများ မညည်းညူ
ချစ်ကြည်ဖြူ လူလူချင်း၊
ဖေးကူညီ ပရအကျိုး
သယ်ပိုးစေခြင်း။

\- စေတနာ ရင်တွင်းက
ပြစ်ကင်းကြ ဘဝဝယ်၊
ဒုစရိုက် အမိုက်မှား
ရှောင်ရှားနိုင်မယ်၊
ရိုးသားလို့ နိုးကြားရှယ်
ကြိုးစားဖွယ် ဘဝရေး၊
ဆင်ခြင်ကာ သုံးသပ်လို့
ဆုံးဖြတ်ချင့်တွေး။

\- ပန်းတိုင်ဆီ အရောက်ပြေး
မနှောင့်နှေးနှင့် ဖွဲ့ရှိစေ၊
ဖြစ်တည်ရာ ဘဝလမ်း
ဖြောင့်တန်းကာနေ၊
ဗဟုသုတ ပညာတွေ
သင်ကာဖွေ ဖြည့်ဆည်းထား၊
စည်းကမ်းမူ နည်းစနစ်
ကြီးမြင့်စေသား။

\- သံသရာ ခရီးသွားတို့
အနှီးထားစို့ ကုသိုလ်ဂုဏ်၊
ဖြူစင်ရာ မေတ္တာခာတ်နှင့်
မြင့်မြတ်စေကုန်၊
သဒ္ဓါသွေး ဖွေးလွှခြုံ
တွေးကြပုံ သတိပြု၊
ဘဝတာ အလှကိန်းဖို့
စောင့်ထိန်းစေခု။

\- ယုံကြည်စေ ညီနောင်ထုနှင့်
ပြည်ထောင်စု တည်တံ့ရန်၊
ဖျက်ရန်စွယ် ပျက်ပြုန်းဖို့
ချေမှုန်းအမှန်၊
ညီညွတ်မှု အခြေခံ
အဖန်ဖန် အောင်မြင်လျက်၊
တိုင်းပြည်အရေး တို့အရေးမို့
တို့သွေးတို့သား ညီနောင်များနှင့်
ကြိုးစားရှေ့ဆက်။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# တရားကုသိုလ်

ကျွန်တော့် **ကလောင်နာမည်**ကို လှတယ်လို့ ပြောတာ တစ်ယောက်ထဲသာရှိဖူးပါတယ်။ အဲဒီ ပုဂ္ဂိုလ်ကတော့ ကျွန်တော့်ချစ်မိတ်ဆွေကြီး စာပေဗိမာန် စာတည်းမှူးချုပ်(ငြိမ်း) ကိုလှိုင်(မောင်ဆွေငယ်)ပါ။

ကျွန်တော့်အသက် ၇၅ နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အနေနဲ့ **မြန်မာအမိမြေ ကမ္ဘာသိစေ** အမည်နဲ့ ကဗျာပေါင်းချုပ်စာအုပ်တစ်အုပ်ကို အင်္ဂလိပ်- မြန်မာ နှစ်ဘာသာနဲ့ထုတ်တော့ ကိုလှိုင်(မောင်ဆွေငယ်)က ကျွန်တော့်ကဗျာတွေကို အင်္ဂလိပ်ဘာသာပြန်ပေးရုံမက အဲဒီစာအုပ်အတွက် အမှာစာတစ်ပုဒ်ကိုပါ လိုလိုလားလား ချီးမြှင့်ရေးသားပေးခဲ့ပါတယ်။ အဲဒီသူ့အမှာစာမှာ ကျွန်တော် အထက်ကရေးခဲ့သလို ကျွန်တော့်ကလောင်နာမည်ကို လှတယ်လို့ သူကချီးမွမ်းခဲ့တာပါ။

သူ့အာဘော်အတိုင်းပြန်ရေးပြရရင် "သူ့အမည်မှာဦးသန်းဝင်းဖြစ်ပါသည်။ မြန်မာအမျိုးသားတို့ ပိုင်ဆိုင်လေ့ရှိသည့် အမည်များထဲမှ အမည်တစ်ခုသာဖြစ်ပါသည်။ မထူးခြားလှ။ သူ့ရုပ်ရည်ကလည်း မချောပါ။ အသားလည်းမလှပါ။ (ယထာဘူတကျကျ ပြောရလျှင် အသားမည်းပါသည်။) သည်ရုပ်မျိုးနှင့် သူ့ချစ်ဇနီးကို မည်သို့ချစ်ရေးဆိုခဲ့ပါသနည်း။ မသိနိုင်။ အကျည်းတန်သူတို့က အလှကိုမက်၏။ ဤသို့ဆိုရိုးရှိလေသည်။ သူ့ကလောင်နာမည် မင်းယဉ်စုကား အလွန်လှနေသည် . . ."တဲ့။

ရှားရှားပါးပါး ချီးမွမ်းသူတစ်ယောက်ပေါ်လာတော့ ကျွန်တော်မြောက်တက်ချင်ချင်ဖြစ်သွားမိတယ်ပေါ့။

တကယ်တော့ ကျွန်တော့်ကလောင်နာမည်က ကျွန်တော့်ဘာသာ ရှာကြံစဉ်းစားတွေးတောပြီး ပေးထားခဲ့တာပါ။ **မင်း**ဆိုတာက မွန်လူမျိုးအမျိုးသားတို့ရဲ့ အမည်နာမရှေ့မှာသုံးတဲ့ အသုံးအနှုန်း။ ဥပမာ ဗမာလူမျိုး ဦးခင်မောင်မြင့် ဆိုရင် မွန်မှာ မင်းခင်မောင်မြင့်။ **ယဉ်**ဆိုတာက ဗမာလူမျိုးတွေရဲ့ ယဉ်ကျေးဖော်ရွေတဲ့သဘောကို ကြိုက်လို့ ယူထားတာ။ **စု**ကတော့ ကျွန်တော့်ဇနီးသည်ကို ငယ်စဉ်ရည်းစားဘဝကတည်းက ချစ်လို့သုံးနှုန်းထားတာ။ ရှမ်းလူမျိုးတွေမှာ **ချစ်သူ**ကို **စု**လို့ခေါ်တယ်လို့ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ စာတွေထဲမှာ မကြာမကြာ ဖတ်ဖူး၊ မှတ်သားဖူးတယ်။ ဒါကြောင့် **မင်းယဉ်စု**ဆိုတဲ့ ကျွန်တော့်ကလောင်နာမည်ဟာ မွန် - ဗမာ - ရှမ်းဆိုတဲ့ တိုင်းရင်းသားပြည်ထောင်စု သွေးချင်းတွေရဲ့ စည်းလုံးညီညွတ်တဲ့ သမူဟသဘောကိုဆောင်ပါတယ်။ ဒါကြောင့် ကျွန်တော့်ကလောင်နာမည်ကို ကျွန်တော့်ဘာသာ လေးလေးနက်နက် စဉ်းစားပြီးပေးထားတာ။

> **❖ကျွန်တော်က ဗဟိုနိုင်ငံရေးတက္ကသိုလ်မှာ သင်တန်းတစ်ခုသွားတက်နေတာ။ သင်တန်းပြီးလို့ ရုံးပြန်တက်တဲ့နေ့ ရုံးခန်းရှေ့ရောက်တော့ ရုံးခန်းတံခါးတွေအားလုံး ပိတ်ထားတာတွေ့ရတယ်။ ဘာလဲဟ၊ ရုံးပိတ်ရက်လဲမဟုတ်ဘာလဲမဟုတ်နဲ့။ အဲဒါနဲ့ကျွန်တော်ကရုံးခန်းတံခါးမကြီးကိုလဲဖွင့်လိုက်ရော"ဟေး..စာရေးဆရာကြီးမင်းယဉ်စုကို ကြိုဆိုဂုဏ်ပြုပါတယ်" ဆိုတဲ့အခန်းထဲက သူငယ်ချင်းတွေအသံနဲ့ အခန်းပတ်ပတ်လည်မှာ စာတန်းကြီးတွေချိတ်ဆွဲထားတာ မြင်လိုက်ရတယ်။ အနီခံမှာ အဖြူရောင်စာလုံးတွေဖောက်ပြီး " စာရေးဆရာကြီး မင်းယဉ်စုကိုဂုဏ်ပြုပါတယ်"ဆိုပြီး ရေးထားကြတယ်လေ။ ❖**

အဲဒီကလောင်နာမည်ကို **ကိုလှိုင်(မောင်ဆွေငယ်)**က လှတယ်လို့ပြောတော့ ကျေနပ်တာပေါ့ဗျာ။ ကျွန်တော်က ရုံးမှာဝန်ထမ်းလုပ်နေရင်း စာတွေ၊ ဘာတွေစရေးတော့ အဲဒီကလောင်နာမည်ကို စသုံးတယ်။ အဲဒီတုန်းကရေးလိုက်တဲ့ ကဗျာတွေ၊ စာတွေဆိုတာ နည်းတာမှမဟုတ်ဘဲကလား။ ရှိရှိသမျှသော စာစောင်တွေ၊ဂျာနယ်တွေ၊မဂ္ဂဇင်းတွေဆီ လျှောက်လျှောက်ပို့တာ တစ်လတစ်လအများကြီးပဲ။ ကိုယ်တိုင်လိုက်ပို့တာရှိသလို တံဆိပ်ခေါင်းကပ်ပြီး စာတိုက်ကပို့တာတွေလဲရှိခဲ့တယ်။ အဲဒီတုန်းက ဘတ်စကားခတွေ၊ တံဆိပ်ခေါင်းဖိုးတွေစုလိုက်ရင် အနမတဂ္ဂ၊ မနည်းမနောပါပဲ။

နောက်ပြီးတော့ ကျွန်တော်ကပို့ပြီးရင် ငြိမ်ငြိမ် မနေဘူး။ အဲဒီစာနယ်ဇင်းတိုက်တွေကို ခဏခဏ ဖုန်းဆက်ပြီး မေးကြည့်လေ့ရှိတယ်။ ကျွန်တော့်စာမူ ဘယ်တော့ပါမလဲ၊ ဘယ်လမှာသုံးမလဲပေါ့။ ဒါပေမဲ့ ဘယ်မဂ္ဂဇင်းတိုက်ကမှ၊ ဘယ်သူကမှ၊ ဘယ်တော့ သုံးမယ်ဆိုပြီး ပြန်ဖြေတာမျိုးမရှိပါဘူး။ မပယ်သရွေ့ တစ်နေ့နေ့တော့သုံးမှာပေါ့။ အဲဒီလိုပဲ ကိုယ့်ဘာသာ ပြန်ဖြေသိမ့်နေရတယ်။

အဲ . . . ပထမဆုံးစပါတဲ့စာမူကတော့ ဝတ္ထုတိုကလေးတစ်ပုဒ်ပါ။ နာမည်က **ရေပူစမ်း**တဲ့။ ဖော်ပြပါရှိတဲ့မဂ္ဂဇင်းတိုက်ကြီးကတော့ အဲဒီအချိန်က လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြား လူကြိုက်များနေတဲ့ **မြဝတီ**ဆိုတဲ့ မဂ္ဂဇင်းကြီးပါ။

အဲဒီတုန်းက ကျွန်တော်က ဗဟိုနိုင်ငံရေး တက္ကသိုလ်မှာ သင်တန်းတစ်ခုသွားတက်နေတာ။ သင်တန်းပြီးလို့ ရုံးပြန်တက်တဲ့နေ့ ရုံးခန်းရှေ့ရောက်တော့ ရုံးခန်းတံခါးတွေအားလုံး ပိတ်ထားတာတွေ့ရတယ်။ ဘာလဲဟ၊ ရုံးပိတ်ရက်လဲမဟုတ်ဘာလဲမဟုတ်နဲ့။ အဲဒါနဲ့ ကျွန်တော်က ရုံးခန်းတံခါးမကြီးကို လဲဖွင့်လိုက်ရော" ဟေး . .စာရေးဆရာကြီးမင်းယဉ်စုကို ကြိုဆိုဂုဏ်ပြုပါတယ်"ဆိုတဲ့ အခန်းထဲက သူငယ်ချင်းတွေအသံနဲ့ အခန်းပတ်ပတ်လည်မှာ စာတန်းကြီးတွေ ချိတ်ဆွဲထားတာမြင်လိုက်ရတယ်။ အနီခံမှာ အဖြူရောင်စာလုံးတွေဖောက်ပြီး "စာရေးဆရာကြီးမင်းယဉ်စုကိုဂုဏ်ပြုပါတယ်" ဆိုပြီး ရေးထားကြတယ်လေ။

ဘာပြောကောင်းမလဲ။ စာပေနဲ့ပတ်သက်ပြီး ဘဝမှာ ပထမဆုံးအသိအမှတ်ပြုခံရတာဆိုတော့ ဝမ်းသာလိုက်ပုံများ မပြောပါနဲ့တော့။ အဲဒီကစပြီး စိတ်အားတွေတက်ကြွပြီးတော့ စာတွေ၊ ကဗျာတွေ ရေးနေလိုက်တာအခုထိပါပဲ။ ဝတ္ထုတိုတွေ၊ ဆောင်းပါးတွေ၊ ကဗျာတွေ။ ကဗျာတွေကပိုများပါတယ်။ စာရေးသက်တစ်လျှောက်မှာ နိုင်ငံတော်အဆင့်နဲ့ အခြားအဖွဲ့အစည်းအဆင့် စာပေပြိုင်ပွဲတွေမှာ ဆုတွေရဖူးတာလဲ အကြိမ်ကြိမ်ပါပဲ။ စုစုပေါင်း ၁၀ ကြိမ်လောက်တော့ရှိရော့မယ်။ ဆုအားလုံးဟာ ကဗျာနဲ့ပတ်သက်တဲ့ ဆုတွေချည်းပါပဲ။

စာရေးသက်ကြာလာလေလေ ဖော်ပြခံရတဲ့စာမူ အရေအတွက်ကလဲများလာလေလေပါပဲ။ အဲဒီတော့ လောကီသားပီပီ လူက လောဘတက်လာတယ်။ ရန်ကုန်မှာရှိတဲ့ စာနယ်ဇင်းတွေမှာတင် မတင်းတိမ်နိုင်တော့ဘဲ မန္တလေးမှာရှိတဲ့ စာနယ်ဇင်းတွေဆီကိုပါ လှမ်းလှမ်းပြီးရေးတယ်။ ဟိုကလဲ ထည့်ပေးပါတယ်။

## မင်းယဉ်စု

အဲဒီလောက်စာအရေးများတဲ့သူကို တစ်နေ့ကတော့ အိမ်ကချစ်သူဇနီးက လှမ်းပြီးသတိပေးတယ်။

"ဘယ့်နှယ်တုံးဆရာကြီး . . . ကျွန်မတို့ရဲ့ အိမ်ထောင်သက် ရွှေရတုရောက်တော့မယ်။ စာလေး၊ ကဗျာလေးမရေးတော့ဘူးလား" တဲ့။

ဟုတ်သားပဲ။ မိစုပြောတော့မှပဲ သတိပြုမိတော့တယ်။ လာမဲ့ဖေဖော်ဝါရီ ၂၃ ရက်ဆိုရင် ကျွန်တော်တို့လက်ထပ်ခဲ့တဲ့အိမ်ထောင်သက်ဟာ နှစ်ပေါင်း ၅၀ ပြည့်တော့မှာပါကလား။ အိမ်တစ်လုံး၊ ကားတစ်စီး၊ သားသမီး လေးယောက်နဲ့ ဘဝမှာကျင်လည်ရင်း စုန်ဆန်လှုပ်ရှားအလုပ်များနေခဲ့တာ အနှစ် ၅၀ကြာ **ရွှေရတု**ကာလတောင်ရောက်ခဲ့ပြီပေါ့။

အဲဒီတော့မှ ပြန်ပြီးသတိရမိတော့တယ်။ အိမ်ထောင်သက် ၂၅ နှစ်မြောက် ငွေရတုကာလတုန်းကတော့ သားသမီးတွေအတွက်ရေးတဲ့အနေနဲ့ကဗျာတွေဘာတွေစပ်ပြီး သတင်းစာတွေထဲမှာတောင် ထည့်ခဲ့သေးတာမဟုတ်လား။

"ဖေကြီး မေကြီး၊ ချစ်ခရီးတွင်၊ သည်းချာအလား၊ သမီးသားနှင့်၊ စီးပွားကုံလုံ၊ စဉ်ပြည့်စုံရင်း၊ အဟုန်မပျက်၊ မေတ္တာလက်ဖြင့်၊ တွဲဖက်ကြင်နာ၊ သံသရာဝယ်၊ ပါရမီအား၊ ခိုင်ခိုင်ပွားလျက်၊ တရားမွေ့လျော်နိုင်ပါစေ. . ."ဆိုပြီးတော့ပေါ့။

ထားပါတော့လေ . . .။ ဒါနဲ့ပဲ ချစ်ဇနီးပြောမှ သတိရပြီး အဲဒီညမအိပ်တော့ဘဲ ခုတင်ပေါ်မှာ ထိုင်ရင်း ကဗျာစပ်နေလိုက်တာ မနက်အရုဏ်လဲကျင်းရော ကဗျာလဲပြီးရောပဲ။ အဲဒီကဗျာကလေးရဲ့အမည်က "တရားကုသိုလ်" တဲ့။

### တရားကုသိုလ်

- ဩော် . . . အကြီးစားအချစ်<br>ဇနီးမယားဖြစ် သမီးသားရစ်၍<br>နှစ်ပေါင်းကငါးဆယ် ချစ်အားကြွယ်လည်း<br>များတယ်မထင်ပေါင် မေတ္တာဆောင်တော့<br>နည်းတောင်နည်းသေးတယ် ထင်မိတယ်။
- ရက်လနှစ်တွေ<br>ကြာရှည်မရပ်နား ဖြတ်ကျော်လွှားလျက်<br>ထွေပြားကြုံသမျှ ဘုံဘဝ၌<br>သုခနဲ့ဒုက္ခ တူတကွပင်<br>ဝေမျှကာခံစား ကံဆုံစားရင်း<br>အများသွားနှင့်ပြီး ဤခရီးသည်<br>နီး၍ နီး၍ လာပြီကော။
- ဘယ်သို့နီးနီး<br>ထူးပြီးတို့မကြောက် ဤမျက်မှောက်၌<br>ဖောက်လည်းမဖောက်ပြန် သစ္စာမှန်ဖြင့်<br>ခြံရံကာနှစ်လို အချစ်ပိုသည့်<br>တူနှစ်ကိုယ်ပွားများ ခိုင်ခံ့အားဖြင့်<br>တရားကုသိုလ်ရှိတကား။ ။

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရေဦး ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၂၆၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရေဦးမြို့နယ်၌ ၁၇၁၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၀၃ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၈၅၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရေဦးခရိုင်အတွင်း ကြက်သွန်နီ ဧက ၂၆၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၈၅၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၇၂၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၄၄၀၊ ဒီပဲယင်းမြို့နယ်တွင် ၄၃၉ ဧက စုစုပေါင်း ဧက ၂၆၀၀ ဖြစ်ကြောင်း သိရသည်။



ရေဦးခရိုင်တွင် ကြက်သွန်နီကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဒေသတွင်း ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၆၂၀၁ ကေထိ စိုက်ပျိုးပြီးစီး



**မော်လိုက် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စုစုပေါင်း ၆၂၀၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း ၆၂၅၆ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၂၀၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မော်လိုက်ခရိုင်အတွင်း ဆီမုန်ညင်းနဲ့ ပန်းနှမ်း ၆၂၅၆ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၂၀၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆီမုန်ညင်းနဲ့ ပန်းနှမ်းကို ဆီအဖြစ် အသုံးပြုကြသလို ဆေးအဖြစ်လဲ အသုံးပြုကြပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

မော်လိုက်ခရိုင်တွင် မြို့နယ်အလိုက် ဆီမုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဆီမုန်ညင်း ၄၅၅ ကေ၊ ပန်းနှမ်း ကေ ၁၆၁၀၊ ဖောင်းပြင်မြို့နယ်တွင် ဆီမုန်ညင်း ၁၉၉၂ ကေ၊ ပန်းနှမ်း ၂၁၄၄ ကေ စုစုပေါင်း ၆၂၀၁ ကေ ဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီမုန်ညင်းနှင့် ပန်းနှမ်း စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ဆီမုန်ညင်း ၄၆၄ ကေ၊ ပန်းနှမ်း ၁၆၂၉ ကေ၊ ဖောင်းပြင်မြို့နယ်တွင် ဆီမုန်ညင်း ၁၉၉၂ ကေ၊ ပန်းနှမ်း ၂၁၇၁ ကေ စုစုပေါင်း ၆၂၅၆ ကေ ဖြစ်ကြောင်း သိရသည်။

ဆီမုန်ညင်းနှင့် ပန်းနှမ်းကို အထွက်နှုန်း ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီ ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဆီမုန်ညင်းနှင့် ပန်းနှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ပျဉ်းမနားမြို့နယ် ကြိမ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသာကျေးရွာအုပ်စု ကြိမ်အင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေက ကြိမ်အင်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကြိမ်အင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ် ၅၃၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကြိမ်အင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း နှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၄ ဦး ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၃၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နေခြည်ဇာဝေထံမှ သိရသည်။ **မောင်ခိုင်**

# အင်ဒိုနီးရှားနိုင်ငံကို BrahMos ဒုံးကျည်ရောင်းချသွားမည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ BrahMos အသံလွန်ဒုံးကျည်ရောင်းချသွားမည့် စာချုပ်ကို အပြီးသတ်ချုပ်ဆိုရန်နီးကပ်လာပြီးဖြစ်သည့်အတွက် တောင်တရုတ်ပင်လယ်ပြင်တွင် တရုတ်နိုင်ငံနှင့်စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာတိုးတက်ပြောင်းလဲဖြစ်ပေါ်နေမှုများအပေါ် အပြောင်းအလဲတစ်ရပ် ဖြစ်လာတော့မည်ဖြစ်သည်။

ယခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့် ၇၆ နှစ်မြောက် အိန္ဒိယနိုင်ငံအမျိုးသားနေ့အခမ်းအနားသို့ အထူးဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့သည့်အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို၏ခရီးစဉ်အတွင်း BrahMos ဒုံးကျည်ရောင်းချရေးဆိုင်ရာစာချုပ်ကို အပြီးသတ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သည်။ သမ္မတပရာဘိုဝိုသည် ခရီးစဉ်အတွင်း BrahMos လေကြောင်းစက်မှုလုပ်ငန်း၏ CEO ဂျိုင်တတ်ဂျိုရှီနှင့် ဝန်ကြီးချုပ်မိုဒီတို့ကို တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ခဲ့သည်။

ထိုသို့နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပြီးနောက် အင်ဒိုနီးရှားရေတပ်ဦးစီးချုပ် မိုဟာမက်အလီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် BrahMos လေကြောင်းစက်မှုလုပ်ငန်းဌာနချုပ်သို့ သွားရောက်လေ့လာခဲ့သည်။ BrahMos ဒုံးကျည်ကို အိန္ဒိယနှင့်ရုရှားနိုင်ငံတို့ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ သန်း ၄၅၀ တန်ဖိုးရှိသော စာချုပ်ကိုအပြီးသတ်ချုပ်ဆိုနိုင်ရေးအတွက် အင်ဒိုနီးရှားနိုင်ငံကို ငွေပေးချေရန်ကာလသတ်မှတ်ချက် ပိုမိုတိုးမြှင့်ပေးသွားလိုကြောင်း ကမ်းလှမ်းထားသည်။ BrahMos ဒုံးကျည်ရောင်းဝယ်ရေးစာချုပ် အပြီးသတ်လက်မှတ်ရေးထိုးနိုင်မည်ဆိုလျှင် အင်ဒိုနီးရှားနိုင်ငံသည် ကီလိုမီတာ ၂၉၀ ထိ ရောက်ရှိပစ်ခတ်နိုင်သော ဒုံးကျည်ကို ဝယ်ယူရရှိမည့် ဒုတိယမြောက်အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ BrahMos ဒုံးကျည်ပထမဆုံးဝယ်ယူခဲ့သော အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်၌ တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံနှင့် တင်းမာမှုမြင့်တက်လာခဲ့သည်။ ထိုနှစ်မှာပင် အိန္ဒိယနိုင်ငံထံမှ အမေရိကန်ဒေါ်လာ ၃၇၅ သန်းတန်ဖိုးရှိသော သင်္ဘောဖျက်ဒုံးကျည် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

**ထိရောက်သောဟန့်တားမှုစွမ်းရည်**

အင်ဒို-ပစိဖိတ်နှင့် တောင်တရုတ်ပင်လယ်ပြင်တွင်ပြောင်းလဲဖြစ်ပေါ်နေသော မဟာဗျူဟာမြောက်စစ်ရေးလှုပ်ရှားမှုများ၊ တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုများနှင့် မြင့်တက်လာသောအမေရိကန်-တရုတ်ယှဉ်ပြိုင်မှုများကို ထည့်သွင်းစဉ်းစားသွားမည်ဆိုလျှင် BrahMos ဒုံးကျည်သည် အင်ဒိုနီးရှားနိုင်ငံ၏ ဟန့်တားမှုစွမ်းဆောင်ရည်များကို သိသိသာသာမြှင့်တင်သွားနိုင်မည်ဖြစ်သည်။

အသံ၏မြန်နှုန်းထက် ၂ ဒသမ ၈ ဆ ပိုမိုမြန်ဆန်ပြီး ကုန်းမြေအခြေစိုက်နှင့် သင်္ဘောပေါ်တွင်တင်ဆောင်ပစ်ခတ်နိုင်သော မူကွဲနှစ်မျိုးရှိသည့် BrahMos အသံလွန်ဒုံးကျည်သည် အိန္ဒိယနိုင်ငံ၏ ဗြဟ္မပုတ္တရမြစ် (Brahmaputra)နှင့် ရုရှားနိုင်ငံ၏ မော့စ်ဗာ (Moskva)မြစ်တို့၏အမည်များကို ပေါင်းစပ်ကာ အမည်ပေးထားခြင်းဖြစ်သည်။ တာလတ်ပစ်အသံလွန်ဒုံးကျည် အမျိုးအစားဖြစ်သည့် BrahMos သည် ဝေဟင်၊ မြေပြင်နှင့်ပင်လယ်ပြင်မှပစ်ခတ်နိုင်စွမ်းရှိသည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၈၀၀ ထိရောက်ရှိပစ်ခတ်နိုင်သော်လည်း ဒုံးကျည်နည်းပညာထိန်းချုပ်မှုကန့်သတ်ချက်များကြောင့် ပြည်ပပို့ကုန်မူကွဲဒုံးကျည်များ၏ပစ်ခတ်ရောက်ရှိနိုင်မှု အကွာအဝေးကို ၂၉၀ ကီလိုမီတာအတွင်း ကန့်သတ်ထားရှိသည်။

အင်ဒိုနီးရှားရေတပ်နှင့် ထိပ်တိုက်ရင်ဆိုင်မှုကို ဦးတည်စေနိုင်သော Natuna ပင်လယ်ပြင်တွင် တရုတ်နိုင်ငံ၏ စစ်ရေးလှုပ်ရှားမှုမြင့်တက်လာခြင်းသည် အထူးစီပွားရေးဇုန်ဘေးကင်းလုံခြုံမှုနှင့်စပ်လျဉ်း၍ အင်ဒိုနီးရှားနိုင်ငံ၏စိုးရိမ်ပူပန်မှုကို မီးမောင်းထိုးပြလျက်ရှိသည်။ BrahMos ဒုံးကျည်သည် Natuna ပင်လယ်ပြင်တွင် ကျူးကျော်ချင်းနင်း




အိန္ဒိယနိုင်ငံထုတ် BrahMos ဒုံးကျည်ကို တွေ့ရစဉ်။

ဝင်ရောက်လာမှုများကို ဟန့်တားနိုင်စွမ်းရှိပြီး အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးခေတ်မီအဆင့်မြှင့်တင်ရေးရည်မှန်းချက်များ အောင်မြင်ရေးကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်များဖြစ်သည့် ပြင်သစ်နိုင်ငံထုတ် Exocet၊ ရုရှားနိုင်ငံထုတ် P-800 Oniks၊ တရုတ်နိုင်ငံထုတ် C-705 နှင့် C-802 များသည် BrahMos ဒုံးကျည် ရောက်ရှိပစ်ခတ်နိုင်သော အကွာအဝေးကီလိုမီတာ ၂၉၀ ထိ ရောက်ရှိနိုင်ခြင်းမရှိပေ။

ဆိုရလျှင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် BrahMos ဒုံးကျည်ဝယ်ယူရေးအတွက် အိန္ဒိယနိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားသည့်အပြင် ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း မကြာမီ အလားတူစာချုပ်လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသသို့ BrahMos ဒုံးကျည်ရောက်ရှိလာခြင်းသည် တောင်တရုတ်ပင်လယ်တွင် ပိုင်ဆိုင်မှုအငြင်းပွားနေသော တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများကြား အာဏာဟန်ချက်ထိန်းညှိလာစေနိုင်မည်ဖြစ်သည်။

စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် BrahMos ဒုံးကျည်၏အဆင့်မြင့်စွမ်းဆောင်ရည်များဖြစ်သည့် ပြင်းထန်သောဖောက်ထွင်းမှုစွမ်းဆောင်ရည်၊ ရန်သူ၏တုံ့ပြန်ချိန်ကိုကန့်သတ်နိုင်သည့် ကိုယ်ပျောက်စွမ်းအားနှင့် ပျံသန်းမှုအရှိန်မြင့်တင်နိုင်မည့် ရေဒါအချက်ပြမှုကိုစုပ်ယူနိုင်စွမ်းတို့ကို ကောင်းစွာသိရှိထားပြီးဖြစ်သည်။ ထို့ပြင် BrahMos ဒုံးကျည်သည် ရွေ့လျားလမ်းကြောင်းရှာဖွေစနစ်၊ ဂြိုဟ်တုသုံးလမ်းကြောင်းရှာဖွေစနစ်နှင့် အဆင့်မြင့်ပစ်မှတ်များအတွက် လှုပ်ရှားမှုနှင့်ပုံသေရေဒါတို့ပါဝင်သော တိကျသည့်ပဲ့ထိန်းစနစ်တစ်ခုလည်းပါရှိသည်။ အမှန်တော့ အိန္ဒိယနိုင်ငံသည် အဆိုပါစွမ်းဆောင်ရည်များကြောင့် ၂၀၂၂ ခုနှစ်တွင် ၎င်း၏ အမှန်တကယ်ထိန်းချုပ်ရေးမျဉ်းအနီး၌ BrahMos ဒုံးကျည်ကို တပ်ဖြန့်ချထားခဲ့သဖြင့် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုကို ဖြစ်ပေါ်စေခဲ့သည်။

၂၀၁၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏ အနိမ့်ဆုံးအထူးတပ်ဖွဲ့အစီအစဉ်သည် ဘဏ္ဍာရေးကန့်သတ်ချက်များကို ဟန်ချက်ထိန်းညှိဆောင်ရွက်လျက်ရှိစဉ်မှာပင် ၎င်း၏စစ်လက်နက်ပစ္စည်းများကို ခေတ်မီအဆင့်မြှင့်တင်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း ကာကွယ်ရေးဘတ်ဂျက် အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၆ ဘီလီယံသုံးစွဲသွားရန် စီမံကိန်းရေးဆွဲထားခြင်းနှင့်အတူ အင်ဒိုနီးရှားနိုင်ငံ၏အလေးထားဆောင်ရွက်မှုသည် လေတပ်နှင့် ရေတပ်စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ခြင်းတို့ပါဝင်သည်။

မိမိကိုယ်ကိုမှီခိုအားထားဆောင်ရွက်ပြီး လျင်မြန်စွာတိုးတက်လာသောအိန္ဒိယနိုင်ငံ၏ကာကွယ်ရေးစက်မှုလုပ်ငန်းသည် အင်ဒိုနီးရှားနိုင်ငံ၏ စစ်လက်နက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် အကောင်းဆုံးအနေအထားပင်ဖြစ်သည်။ ၂၀၂၄ ခုနှစ်ဧပြီလတွင် ဂျကာတာရှိ အိန္ဒိယသံရုံးသည် အိန္ဒိယ-အင်ဒိုနီးရှား ကာကွယ်ရေးစက်မှုလုပ်ငန်းပြပွဲနှင့် ဆွေးနွေးပွဲကိုလက်ခံကျင်းပခဲ့ရာ အိန္ဒိယနိုင်ငံကာကွယ်ရေးကုမ္ပဏီ ၃၆ ခုမှ ထုတ်ကုန်များကိုပြသခဲ့သည်။ အိန္ဒိယနိုင်ငံကာကွယ်ရေးပစ္စည်းထုတ်လုပ်သူများအဖွဲ့နှင့် အင်ဒိုနီးရှားနိုင်ငံ၏ပုဂ္ဂလိကကာကွယ်ရေးစက်မှုလုပ်ငန်းအဖွဲ့တို့သည် ပူးတွဲထုတ်လုပ်မှုနှင့်နည်းပညာမျှဝေမှုတို့တိုးမြှင့်နိုင်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးသွားရန် မျှော်မှန်းထားရှိသည်။

အကြီးစားကာကွယ်ရေးပစ္စည်းများထုတ်လုပ်မှုအတွက် နည်းပညာလွှဲပြောင်းမှုများကို လုပ်ပိုင်ခွင့်ပြုထားသည့် အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၁၂ ခုနှစ် ကာကွယ်ရေးစက်မှုလုပ်ငန်းဥပဒေသည် Tejas ဂျက်တိုက်လေယာဉ်များ၊ BrahMos ဒုံးကျည်များနှင့် အဆင့်မြင့်ရေတပ်စစ်ရေယာဉ်များကဲ့သို့သော ကုန်ကျစရိတ်တွက်ခြေကိုက်သည့် အဆင့်မြင့်စစ်လက်နက်ပစ္စည်းများထုတ်လုပ်ရာတွင် အိန္ဒိယ၏စွမ်းဆောင်ရည်များနှင့် ကိုက်ညီလျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲများ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မတီအစည်းအဝေးများ၊ စစ်ရေးလေ့ကျင့်ခန်းများနှင့် ဆိပ်ကမ်းများသို့ သွားရောက်လည်ပတ်မှုများကဲ့သို့သော နယ်ပယ်ပေါင်းစုံပါဝင်သည့် ကာကွယ်ရေးဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ လုပ်ဆောင်လျက်ရှိသော်လည်း နှစ်နိုင်ငံ၏ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုသည် လက်ရှိအချိန်ထိကန့်သတ်ချက်များရှိနေဆဲပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ BrahMos ဒုံးကျည်ရောင်းချရေးစာချုပ်သည် ကာကွယ်ရေးဆိုင်ရာမိတ်ဖက်ဆက်ဆံရေးတွင် ပိုမိုထိရောက်ပြီး အဓိပ္ပာယ်လေးနက်လာစေမည်ဖြစ်သည်။

**သေတူရှင်ဖက်ဖိတ်ဆွေများ**

လက်ရှိအချိန်တွင် အရှေ့တောင်အာရှတွင် တရုတ်နိုင်ငံ၏ စစ်ရေးရည်မှန်းချက်များ ပိုမိုကျယ်ပြန့်လာလျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံ၏ အခန်းကဏ္ဍသည် ဖိလစ်ပိုင်နှင့်ဗီယက်နမ်အပါအဝင်ဒေသတွင်းနိုင်ငံများအတွက် မှီခိုအားထားရသော လုံခြုံရေးဆိုင်ရာမိတ်ဖက်နှင့် စစ်လက်နက်ပစ္စည်းများတင်ပို့သူအဖြစ် သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ အမှန်တော့ အာဆီယံ၏အင်အားအကြီးမားဆုံးအဖွဲ့ဝင်နိုင်ငံနှင့် အဓိကပင်လယ်ရေကြောင်းအင်အားကြီးနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းသည် အိန္ဒိယနိုင်ငံအတွက်မှု ဒေသတွင်း၌ ၎င်း၏မဟာဗျူဟာမြောက်တည်ရှိမှုမြှင့်တင်နိုင်ရေး များစွာအရေးပါလျက်ရှိသည်။

လက်ရှိအချိန်တွင် သမ္မတပရာဘိုဝို၏ စစ်ဘက်ဆိုင်ရာနောက်ခံအကြောင်းတရားနှင့် ကာကွယ်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရန် ခိုင်မာသောဆုံးဖြတ်ချက်တို့သည် အိန္ဒိယနိုင်ငံနှင့် စစ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ဦးစားပေးလုပ်ဆောင်သွားရန် တစ်မူထူးခြားသော အခွင့်အလမ်းတစ်ရပ်ရရှိစေမည်ဖြစ်သည်။

ယခင် အင်ဒိုနီးရှားသမ္မတဟောင်း ဂျိုကိုဝီဒိုဒို၏စီးပွားရေး သံခင်းတမန်ခင်းကို အလေးထားမှုနှင့် မတူညီသော လက်ရှိ အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို၏ အစီအစဉ်သည် ကာကွယ်ရေးဆိုင်ရာမူဝါဒများကို အလေးထားလျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံနှင့် နက်ရှိုင်းသော နှစ်နိုင်ငံဆက်ဆံရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

ထို့ကြောင့် BrahMos ဒုံးကျည်ရောင်းဝယ်ရေးစာချုပ်သည် အိန္ဒိယ-အင်ဒိုနီရှားဆက်ဆံရေးအတွက် အပြောင်းအလဲတစ်ရပ်ဖြစ်လာနိုင်သောကြောင့် တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုနှင့် အရှေ့တောင်အာရှတွင် ပိုမိုခြေဆန့်လာမှုကိုဟန်ချက်ထိန်းညှိနေစဉ်မှာပင် နှစ်နိုင်ငံကြားကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်နိုင်မည့်မောင်းနှင်အားများ ရရှိလာစေမည်ဖြစ်ပေသည်။

**ကိုးကား**

- **India-Indonesia near BrahMos missile deal aimed at China By Asia Times.**

**ဝင်းဇင်(သုတေသန)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ပေါက်ပေါက်

# ဆေးဖက်ဝင်တဲ့ ခရမ်းချဉ်သီး

ခရမ်းချဉ်သီးကို ရုက္ခဗေဒနည်းအရ ဟင်းသီးဟင်းရွက် အုပ်စုမဟုတ်ဘဲ သစ်သီးဝလံအုပ်စုအဖြစ် သတ်မှတ်ထားသည်။ ခရမ်းချဉ်သီးကို ကမ္ဘာသုံးသီးနှံအဖြစ် တွင်ကျယ်စွာ စားသုံးလျက်ရှိ ကြသည်။

ကမ္ဘာပေါ်တွင် ခရမ်းချဉ်သီးမျိုးစိတ်ပေါင်း တစ်ဒါဇင်ခန့်ရှိပြီး၊ မြန်မာနိုင်ငံတွင် ယေဘုယျအားဖြင့် "အနီရောင် ပုံမှန်ခရမ်းချဉ်သီး"နှင့် "ဝါနီရောင် ကိုင်းခရမ်းချဉ်သီး"ဟူ၍နှစ်မျိုးရှိသည်။ ကိုင်းခရမ်းချဉ်သီးက အခွံပါးကာ အရည်ရွှမ်းပြီး၊ အချဉ်ဓာတ်ကဲသောကြောင့် ဟင်းလျာများချက်ပြုတ်ရာတွင် အများဆုံးအသုံးပြုလေ့ရှိကြသည်။ အနီရောင်ပုံမှန် ခရမ်းချဉ်သီးက အနှစ်ထူသဖြင့် အသုပ်၊ ဖျော်ရည်များအဖြစ် စားသုံးကြသည်။

**ခရမ်းချဉ်သီးနှင့်ကျန်းမာရေး**

USDA National Nutrient data base မှ ဆေးသုတေသီများ၏ လေ့လာချက်စမ်းသပ်ချက်အရ ခရမ်းချဉ်သီးတွင် ကျန်းမာရေးအတွက် ဗီတာမင်နှင့် သတ္တုဓာတ်တို့ အမြောက်အမြားပါရှိနေကြသည်။ ခရမ်းချဉ်သီးကို အပူပေးချက်ပြုတ်ပြီးနောက်မှာ ၎င်းအသီးထဲတွင်ပါရှိသော ဓာတ်များပြောင်းလဲသွားကာ ကျန်းမာရေးအတွက် ပိုမိုအာနိသင်ရှိလာကြောင်း သုတေသီများက တွေ့ရှိထားသည်။ ထို့ကြောင့် ခရမ်းသီးကို အစိမ်းလိုက်ဝါးစားခြင်းထက် အပူပေးချက်ပြုတ်စားခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်စေသည်။

သုတေသနပြုချက်များအရ ခရမ်းချဉ်သီးကို အစေ့ဖယ်စားခြင်းက ကျောက်ကပ်ရောဂါနှင့် ဆီးအိမ်ကျောက်တည်ခြင်း အလားအလာကို လျှော့ချပေးနိုင်ကြောင်း၊ တစ်ပတ်အတွင်း ခရမ်းချဉ်သီး ခုနစ်ကြိမ်စားသုံးသူသည် ဆီးကျိတ်ကင်ဆာဖြစ်ပေါ်နှုန်းကို ၅၀ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်ကြောင်း၊ တစ်ပတ်လျှင် ဆယ်ကြိမ်နှင့်အထက်စားသုံးသူသည် ဆီးကျိတ်ကင်ဆာမှလုံးဝလွတ်ကင်းနိုင်ကြောင်း ဆေးသုတေသီများက အကြံပြုထားသည်။ ပိုတက်စီယမ်ကြွယ်ဝစွာပါရှိသဖြင့် သွေးတိုးရောဂါမဖြစ်စေနိုင်ပါ။

အမြင်အာရုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဗီတာမင်အေ၊ လူတိန်းနှင့် ဇီအာဇန်သင်းဓာတ်တို့ကြွယ်ဝသောခရမ်းချဉ်သီးက လွန်စွာကောင်းကျိုးပြုသည်။ မျက်စေ့အရောင်မွဲခြင်း၊ ကြက်မျက်သင့်ခြင်း၊ ခရမ်းလွန်ရောင်ခြည်သင့်ခြင်း၊ အမြင်အာရုံ ချို့ယွင်းပြီးတိမ်စွဲခြင်း စသောမျက်စေ့ရောဂါအမျိုးမျိုးကိုကာကွယ်ပေးနိုင်သည်။ ကွန်ပျူတာအသုံးများ၍ မျက်စိထိခိုက်ခြင်းအတွက် ခရမ်းချဉ်သီးက အမြင်ကြည်လင်ကောင်းမွန်စေနိုင်ကြောင်း သုတေသီများက အကြံပြုထားသည်။

ဆေးလိပ်သောက်သူများအတွက် ခရမ်းချဉ်သီးက အကောင်းဆုံးဆေးတစ်ခွက်ဖြစ်သည်။ အသီးထဲတွင်ပါရှိသော Chrologenic နှင့် Coumaric အက်စစ်များက ဆေးလိပ်သောက်၍ နီကိုတင်းဓာတ်ရှူရှိုက်မှုကြောင့် အဆုတ် ထိခိုက်ပျက်စီးမှု ပြဿနာဘေးဘယာများကို ကာကွယ်ပေးနိုင်သည်။

အမျှင်ဓာတ်ကြွယ်ဝသောခရမ်းချဉ်သီးကို စားသုံးခြင်းဖြင့် အစာခြေစနစ်ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှကာကွယ်ပေးသည်။ ခရမ်းချဉ်သီးစားခြင်းကြောင့် ဝမ်းလျှောခြင်းမဖြစ်စေနိုင်ပေ။ အူအတက်ရောင်ခြင်းကို သက်သာစေနိုင်သည်။

ကိုယ်ခံစွမ်းအားကောင်းမွန်စေပြီး၊ ခန္ဓာကိုယ်ကို ဘေးဥပဒ်ပေးသော free radicals များကို ခရမ်းချဉ်သီးက ကောင်းစွာနှိမ်နင်းပေးနိုင်သည်။ ခရမ်းချဉ်သီးထဲတွင် ရီဗိုဖလေဗင် အမြောက်အမြားပါရှိခြင်းကြောင့် ခေါင်းတစ်ခြမ်းကိုက်ခြင်းကို သက်သာစေသည်။ ဘီတာကယ်ရိုတင်းဓာတ်တို့စုဝေးရာ ခရမ်းချဉ်သီးကို စားသုံးပေးခြင်းဖြင့် အမြစ်တွယ်နေသော ပန်းနာရင်ကျပ်ရောဂါကို ကာကွယ်ပေးနိုင်သည်။

လူတစ်ယောက်၏ တစ်နေ့တာ ကရိုမီယမ်ဓာတ် လိုအပ်ချက်ပမာဏ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းကို ခရမ်းချဉ်သီးတစ်ခွက်စာမှရရှိနိုင်ပြီး၊ ထိုဓာတ်က ဆီးချိုမဖြစ်အောင် ထိန်းညှိပေးနိုင်သည်။

ဩစတြေးလျနိုင်ငံတွင် ဆီးချိုရောဂါနှင့်စပ်ဆက်သည့်နှလုံးရောဂါဝေဒနာသည် ဦးရေ ၂၀ ကို ခရမ်းချဉ်သီးဖျော်ရည် မီလီလီတာ ၂၅၀ နေ့စဉ်တိုက်ကျွေးခဲ့ရာ၊ ရက်သတ္တသုံးပတ်ကြာမှာ နှလုံးရောဂါ သိသိသာသာ သက်သာလာကြောင်း လေ့လာသိရသည်။

လူတစ်ယောက် တစ်နေ့တာ ဗီတာမင်ကေ လိုအပ်ချက်ပမာဏ၏ ၁၇ ဒသမ ၈ ရာခိုင်နှုန်းကို ခရမ်းချဉ်သီးတစ်ခွက်မှ ရရှိနိုင်သည်။ ဗီတာမင်ကေဓာတ် မြင့်မားစွာပါရှိခြင်းကြောင့် အရိုးတစ်ရှူးထဲရှိ ကယ်လ်စီယမ်မော်လီကျူးတို့ကို အားဖြစ်စေ၍ အရိုးကိုကျန်းမာကြံ့ခိုင်စေသည်။ အသီးထဲရှိကယ်လ်စီယမ်ဓာတ်က မီးယပ်သွေးဆုံးပြီး အမျိုးသမီးများ အရိုးပါးခြင်း၊ အရိုးကျွတ်ဆတ်ခြင်းမှ ကာကွယ်ပေးနိုင်သည်။ အနီရောင် ခရမ်းချဉ်သီးထဲတွင် ပါရှိသော ဗီတာမင်အေသည် အစိမ်းရောင်ခရမ်းချဉ်သီးထက် လေးဆမျှ ပိုမိုပါရှိနေ၍ အရိုးနှင့်သွားများကို ခိုင်မာစေသည်။ သွေးခဲပြီးသွေးကြောပိတ်ဆို့ခြင်းတို့ဖြစ်မလာစေရန်အတွက် ခရမ်းချဉ်သီးဖျော်ရည် သောက်သုံးသင့်ပါသည်။

ခရမ်းချဉ်သီးထဲရှိ ဗီတာမင်ဘီနှင့် ပိုတက်စီယမ်ဓာတ်များက သွေးပေါင်ချိန်နှင့် ကိုလက်စထရောများကို ထိန်းညှိပေးနိုင်၍ နှလုံးရုတ်တရက်လေရိုက်ခြင်း၊ လေဖြတ်ခြင်းများကို ကာကွယ်ပေးသည်။ လူတစ်ယောက် တစ်နေ့တာ ပိုတက်စီယမ် လိုအပ်ချက်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို ခရမ်းချဉ်သီးတစ်ခွက်မှရရှိနိုင်သည်။ ဘော့စတွန်ရှိ Brigham and Wom-en's ဆေးရုံမှ ဆေးသုတေသနမှတ်တမ်းများအရ၊ သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်းအမျိုးသမီး ဦးရေ ၄၀၀၀၀ ကို ခရမ်းချဉ်သီး သို့မဟုတ် ခရမ်းချဉ်သီးပါသော အစားအစာများကို ခုနစ်နှစ်ခန့် စွဲစွဲမြဲမြဲစားသုံးစေခဲ့ရာ၊ ခရမ်းချဉ်သီးစားသုံးသော အမျိုးသမီးများက နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးရောဂါဝေဒနာဖြစ်နိုင်ခြေ အလားအလာ ၂၉ ရာခိုင်နှုန်း နည်းပါးကြောင်း လေ့လာတွေ့ရှိရသည်။

ဖရဲသီး၊ စတော်ဘယ်ရီ၊ မုန်လာဥနီ စသည့်အသီးအနှံများကဲ့သို့ပင် အသီးကိုအနီရောင်ဆိုးပေးသည့် Pcoumaslic အက်စစ်နှင့် Chlorogenic အက်ဆစ်တို့၏ ဓာတ်ပေါင်းစုဖြစ်သော Lycopene ဓာတ်သည်လည်း ခရမ်းချဉ်သီးထဲတွင်ပါရှိနေသည်။ ခရမ်းချဉ်သီးအရောင်ရင့်လေ Lycopene ဓာတ်များလေဖြစ်ပြီး၊ ထိုဓာတ်မှာ ကင်ဆာဆဲလ်များ ပျံ့ပွားလာမှုအတွက် ထိန်းချုပ်ပေးနိုင်သော အစွမ်းထက်မြက်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း ပါရှိနေသည့်အတွက် အထူးသဖြင့် လည်ချောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရင်သား ကင်ဆာ၊ ခံတွင်းကင်ဆာ၊ လည်မျိုကင်ဆာ၊ စအို ကင်ဆာ၊ မုန့်ချိုအိတ်ကင်ဆာ စသည့်ကင်ဆာရောဂါတို့ကိုကာကွယ်ပေးနိုင်ကြောင်း နိုင်ငံတကာသုတေသနစာတမ်းများတွင် ရေးသားဖော်ပြထားသည်။ ထို့ပြင် အူလမ်းကြောင်းကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် သားအိမ်ကင်ဆာ စသည်တို့ကိုဖြစ်စေမည့် အမြုတေများကို ခရမ်းချဉ်သီးက တားဆီးပယ်ဖျက်ပေးနိုင်သည်။





အပူပေးချက်ပြုတ်ထားသော ခရမ်းချဉ်သီးဟင်းလျာများကို ပုံမှန်စားသုံးသော အမျိုးသားများတွင် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ ၁၉ ရာခိုင်နှုန်းထိလျှော့ချပေးနိုင်ကြောင်း၊ အမျိုးသားများမျိုးဆက်ပြန့်ပွားခြင်းကို အထောက်အပံ့ပေးနိုင်ကြောင်း ဆေးဂျာနယ်များတွင်ဖော်ပြထားသည်။ ခရမ်းချဉ်သီးအနှစ်ပါရှိသောအစာ သို့မဟုတ် ခရမ်းချဉ်သီးကို ရက်သတ္တပတ်လျှင် နှစ်ကြိမ် စားပေးရုံမျှဖြင့် ဆီးအိမ်ကင်ဆာဖြစ်နိုင်ခြေ ၂၅ ရာခိုင်နှုန်းထိ လျှော့ကျနိုင်သည်။

ခရမ်းချဉ်သီး၏ Lycopene ဓာတ်အစွမ်းကြောင့် နေရောင်ခြည်အောက်တွင် တော်တော်နှင့်နေလောင်ကျွမ်းမသွားနိုင်ပေ။ Lycopene က အရေပြားအပိမ့်ထွက်ခြင်း၊ အရေပြားအရောင်ပြောင်းလဲခြင်းနှင့် အရေပြားမြစ်ပွားနာဖြစ်ခြင်းတို့မှ ကာကွယ်နိုင်သော အစွမ်းထက်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်သည်။ ထို့ပြင် နေရောင်ခြည်ထဲတွင်ပါလာသော ခရမ်းလွန်ရောင်ခြည်ဒဏ်မှလည်း ကာကွယ်ပေးနိုင်သည်။ Manchester and Newcastle Universities တွင် လေ့လာစမ်းစစ်ချက်အရ၊ လက်ဖက်ရည်ဇွန်း ငါးဇွန်းပမာဏရှိသော ခရမ်းချဉ်သီးအနှစ်ကို နေ့စဉ်စားသုံးပေးခြင်းဖြင့် အသားအရေ နေလောင်ခြင်းမှ ၃၃ ရာခိုင်နှုန်းကျော်မျှ ကာကွယ်ပေးနိုင်ပြီး၊ အသားအရေကို သိပ်သည်းစေနိုင်ကြောင်း သိရသည်။

ခရမ်းချဉ်သီးတွင် ကယ်လိုရီနှင့် အဆီဓာတ်ပါဝင်မှုလွန်စွာနည်းပါးခြင်း၊ ကိုလက်စထရောလုံးဝမပါရှိခြင်း၊ အလွယ်တကူ ချေဖျက်လွယ်သောအမျှင်ဓာတ်လုံလောက်စွာပါရှိခြင်း စသည်တို့ကြောင့် ခန္ဓာကိုယ်ထဲရှိ ကိုလက်စထရောပမာဏကိုကျစေပြီး၊ သွေးထဲရှိ သကြားပမာဏကိုလည်း ထိန်းချုပ်ပေးနိုင်သည်။

ခရမ်းချဉ်သီးထဲတွင် အစာစားချင်စိတ်ကို ချုပ်တည်းထားနိုင်သည့် Ghrelin ဟော်မုန်းပါရှိသဖြင့်၊ ဗိုက်ပြည့်စေပြီး သရေစာစားချင်စိတ်ကိုချိုးနှိမ်ပေးသည်။ အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြား အမျိုးသမီးများကိုလေ့လာမှုအရ ခရမ်းချဉ်သီးညှပ်ထားသော ပေါင်မုန့်စားသုံးသူများသည် ခရမ်းချဉ်သီးမပါသော ပေါင်မုန့်စားသူထက် စိတ်ကျေနပ်မှုပိုရရှိကာ နောက်ထပ်အစာစားချင် စိတ်လျော့နည်းသွားကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ခရမ်းချဉ်သီးကို ကိုယ်ခန္ဓာသွယ်လျလှပစေရန်အတွက် စားပေးသင့်ပါသည်။

သခွားသီးနှင့် ပန်းသီးတို့ရောဖျော်စပ်ထားသော ခရမ်းချဉ်သီးဖျော်ရည်ကို သောက်သုံးပေးခြင်းဖြင့် ကိုလက်စထရောများကျစေခြင်း၊ ခေါင်းကိုက်ပျောက်ခြင်း၊ ဝမ်းတစ်လုံးကောင်းခြင်း စသည်ဖြင့် ကောင်းကျိုးပြုသည်။ခရမ်းချဉ်သီးကို မုန်လာဥနီနှင့် ပန်းသီးတို့ဖြင့်ရောစပ်ကာ ဖျော်ရည်အဖြစ် မှန်မှန်သောက်သုံးပါက၊ အသားအရေ စိုပြည်ဝင်းလက်စေသည်။ ထို့ပြင် ခံတွင်းအနံ့ဆိုးထွက်ခြင်းကိုလည်း တားဆီးပေးနိုင်သည်။

**ခရမ်းချဉ်သီးနှင့်လှပမှုရေးရာများ**

ခရမ်းချဉ်သီးက ကျန်းမာရေးအတွက် ဆေးစွမ်းထက်မြက်ရုံမျှမက အလှအပရေးရာများအတွက် အဖော်မွန်ကောင်းဖြစ်သည်။ မျက်နှာသန့်စင်စေရန် ညအိပ်ရာမဝင်ခင် ခရမ်းချဉ်သီးကိုလှီးပြီး မျက်နှာနှင့် လည်ပင်းအနှံ့ပွတ်ပေးပါ။ ဆယ့်ငါးမိနစ်ခန့်ထားပြီးနောက် ရေအေးအေးဖြင့် ပြန်ဆေးပေးပါ။ နေ့စဉ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လုပ်ပေးခြင်းဖြင့် မျက်နှာကိုသန့်စင် ဝင်းပစေပြီးအရွယ်တင်နုပျိုလာစေမည်ဖြစ်သည်။

ဝက်ခြံပေါက်သူများအတွက် ခရမ်းချဉ်သီးက အသားအရေကို သန့်စင်စေသလို၊ ရောင်ကိုင်းမှုလျော့ကျစေသည့်အတွက် ဝက်ခြံပြဿနာများကို ကောင်းစွာဖြေရှင်းပေးနိုင်သည်။ ခရမ်းချဉ်သီးကို ပါးပါးလှီးပြီး ဝက်ခြံဖုတွေပေါ် ကပ်ပေးပြီးနောက်၊ ၁၅ မိနစ်ကြာတွင် ရေဆေးပါ။ မျက်နှာအပူဓာတ်လျော့ကာ ဝက်ခြံပျောက်ကင်းပြီးအမာရွတ်မကျန်တော့ဘဲ အသားအရေကောင်းမွန်လာမည်။ ပျားရည်နှင့် ခရမ်းချဉ်သီးက အဆီပြန်သောအသားအရေအတွက် လွန်စွာဆေးဖက်ဝင်သည်။

ပျားရည် လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ခရမ်းချဉ်သီးမှည့်အလတ်စားအရွယ်တစ်လုံးကို ယူပြီး ရောစပ်ခြေမွပါ။ ထိုအရောအနှောတို့ကို မျက်နှာပြင်အနှံ့လိမ်းကျံပေးပါ။ အသားထဲစိမ့်ဝင်သွားစေရန်အတွက် ၁၅ မိနစ်ကြာမှ ရေဖြင့်ပြန်ဆေးပေးပါ။ ထိုနည်းအတိုင်း ရက်သတ္တနှစ်ပတ်ခန့်လုပ်ရုံမျှဖြင့် ထူးခြားမှုကိုခံစားရမှာပါ။ အဆီပြန်အသားအရေပိုင်ရှင်များအတွက် မျက်နှာပေါင်းတင်နည်းမှာ ခရမ်းချဉ်သီးကိုစိပ်၍ အလယ်သားကိုဖယ်ပြီး၊ ထိုအလယ်သား(အရည်)နှင့် မျက်နှာပြင်ကို သုတ်လိမ်းလိုက်ပြီးနောက်၊ ၁၀ မိနစ်ခန့်ကြာရေအေးဖြင့် သန့်စင်ဆေးကြောပါ။ တချို့အသားအရေက ပေါင်းတင်ပြီးနောက် ခဏမျှ အဆီပြန်သက်သာလာသော်လည်း အနည်းငယ် မည်းသွားတတ်၍ မကြောက်ပါနှင့်။ နောက်တစ်ရက်ခန့်အကြာ မူလအရောင်အတိုင်း ပြန်ဖြစ်သွားပါလိမ့်မည်။ ဤနည်းအတိုင်း နှစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်လုပ်ပေးခြင်းဖြင့် အဆီမပြန် ဝက်ခြံလည်းမပေါက်တော့ပေ။ ခြောက်သွေ့သောအသားအရေပိုင်ရှင်များနှင့် ဆောင်းရာသီတွင် အသားခြောက်ခြင်းအတွက် ရေဓာတ်ဖြည့်ပေးသည့် အကောင်းဆုံး မျက်နှာပေါင်းတင်နည်းဖြစ်သည်။

အချုပ်ဆိုရသော် တိုးတက်ခေတ်မီသော ယနေ့ကမ္ဘာတွင် ဆေးပညာဗဟုသုတကြွယ်ဝကာ ကျန်းမာရေးလိုက်စားသူတိုင်း ခရမ်းချဉ်သီးကို ဆေးဝါးအထောက်အကူပြုသီးနှံ တစ်မျိုးအဖြစ် စားသုံးလျက်ရှိကြသည်။ ယခုအခါ အနီရဲရဲခရမ်းချဉ်သီးလေးများ၏ သူမတူအောင်ဆေးစွမ်းထက်မြက်ပုံကို သိရှိပြီးဖြစ်ရာ၊ ဥတုရာသီမရွေး မိမိလက်တစ်ကမ်းတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သော ခရမ်းချဉ်သီးလေးများကို သဘာဝ၏အာဟာရအဖြစ် စားသုံးကြစေလိုကြောင်း လေ့လာဖော်ပြလိုက်ပါသည်။

# ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၀၂၈၃၁ ဧက ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဖေဖော်ဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၁၀၂၈၃၁ ဧက ရိတ်သိမ်းပြီးစီး ပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၁၀၂၈၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော စပါး စိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်ရိတ်သိမ်း ခဲ့ရာ ယနေ့ထိ စပါး ၁၀၂၈၃၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၇၈ ဒသမ ၁၆ တင်းထွက်ရှိ ကြောင်း သိရသည်။

" မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း စပါး ၁၀၂၈၃၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါ တယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ လက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ တောင်သူ တွေအနေနဲ့ မိုးစပါးတွေအချိန်မီ ရိတ်သိမ်းနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်း က ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ် အလိုက် မိုးစပါးစိုက်ပျိုးပြီးစီးမှု အနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၉၁၄၃ ဧက၊ ကနီမြို့နယ်တွင် ၂၄၀၅၅ ဧက၊ ဆားလင်းကြီးမြို့နယ် တွင် ၄၄၀၅ ဧက၊ ပုလဲမြို့နယ်တွင် ၄၅၂၂၈ ဧက စုစုပေါင်း ၁၀၂၈၃၁ ဧကဖြစ်ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့ ရောင်းချနိုင်မည် ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ် ချက်ဖြစ်သော ဝယ်လိုအားမျှတ လာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သဖြင့် စပါး သီးနှံများ အထွက်နှုန်းတိုးတက် စေရေး ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်ရွှေမြို့နယ် ဒုံတခေါ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ များတိုးပွားလာပြီး ဆင်းရဲမှု လျှော့ချစေရန် ရည်ရွယ်၍ နောင်တောကျေးရွာအုပ်စု ဒုံတခေါ့ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက် ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ကလောခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ဒုံတခေါ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များကို ဆွေးနွေး မှာကြားသည်။

အဆိုပါဒုံတခေါ့ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၇ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**






ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကိုဖြူဝင်းတောက်ပစေပါသည်။

DENTOMEC

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇




ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

ရတနာပုံ ခန်းမ

Exhibition Vanue Award


ခန်းမလူဝင်ဆံ့မှုလူဦးရေ(၁၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက် လူဦးရေ(၁၆၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။

ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊ အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊ အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉ ။





## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။

- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။

- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ် ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။

- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။

- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံး ဂက်စ်အိုး မီးလောင်ခြင်း။

- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။



## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် အရှေ့စောင်းတန်း(ဟောင်း) ဆိုင်ခန်းအမှတ်(၈)သည် ဒေါ်နေနွယ်လင်း အမည်ပေါက်ဆိုင်ခန်းဖြစ်ပြီး အဆိုပါ ဆိုင်ခန်းအား ဒေါ်ဇင်မာဦးအမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းများဖြင့် (၁၄)ရက်အတွင်း မဟာမုနိဂေါပကအဖွဲ့ရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

မဟာမုနိဂေါပကအဖွဲ့ရုံး

**အဖိုးတန်ရေချိုကို ချွေတာပါ**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှုလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ··· စသည်)



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **ပညာရေးအခြေခံမကောင်းပါက မိမိအတွက် သော်လည်းကောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝနှင့် မိမိပတ်ဝန်းကျင်၊ တိုင်းပြည်နှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရန် မဖြစ်နိုင်...**

❖ **ထို့ကြောင့် အခြေခံပညာကဏ္ဍတွင် လူငယ်လူရွယ်အားလုံး၊ ကျောင်းနေရမည့်အရွယ်အားလုံး ကျောင်းနေနိုင်ရေးနှင့် ပညာကို ဆုံးခန်းတိုင် သင်ယူနိုင်ရေးသည် အလွန်အရေးကြီး...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

**လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်း အစည်းအဝေး ကျင်းပ**

စာမျက်နှာ- ၁၆

**ပခုက္ကူမြို့ ကွက်သစ်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ချက်ပြုတ်ရေး လုပ်ငန်းများ ဝိုင်းဝန်းလုပ်ဆောင်နေသူများကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်**

စာမျက်နှာ- ၂၂

## မနက်ဖြန် မွန်းတည့်ချိန်ထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများ အားဖြင့် သာယာမည်။ **(မိုး/ဇလ)**

---

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဖေဖော်ဝါရီ ၁၆**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကို ထိထိရောက်ရောက်နှိမ်နင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများကတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၂၃၁ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့်မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် **စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

